
ဝဏ္ဏအောင်
သစ္စာအသင်္ချေ
ပ+ဒု
ဇာတ်သိမ်း
စီမင်းဝိန်း ၏ ဖျောင်းချီ

စာမူခွင့်ပြုချက်အမှတ် – ၇၆၄ / ၂၀၀၂ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၇၁၃ / ၂၀၀၂ (၈)

●

၂၀၀၂ ခုနှစ်၊ ပထမအကြိမ်၊ စက်တင်ဘာလ
အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချို့တေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

အဖုံးပုံနှိပ်သူ
ဦးထွန်းလင်း (မြ – ၆၃၆၂)
ဖိုးဝအောဖ့်ဆက်
အမှတ် (၁၄၇)၊ (၄၅)လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

# ဝဏ္ဏအောင်

သစ္စာအာသချော်

# ဝဏ္ဏအောင်

---

သစ္စာသချေီ

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### အခန်း (၁)

### ပျောက်ဆုံးသွားသော သတို့သမီး

စီးဂေဟာ....
ကျယ်ဝန်းသည်၊
သာယာသည်၊
ထို့ပြင်....
ခန့်ညားလှန်းလှသည်၊
ဂေဟာ၏တံခါးရှေ့တွင် ကြီးမားသော ကေသရာဇာ ခြင်္သေ့ကြီးနှစ်ကောင် စောင့်ကြပ်နေသည်၊
သက်ရှိ ကေသရာဇာ ခြင်္သေ့နှစ်ကောင်တော့ မဟုတ်ပါ။

ကျောက်စိမ်းဖြင့် ထုလုပ်ထားသော ကျောက်စိမ်းခြင်္သေ့ရုပ်ကြီးနှစ်ရုပ်ပင် ဖြစ်သည်။

ယင်းကျောက်စိမ်း ခြင်္သေ့ရုပ်ကြီး နှစ်ရုပ်ကို ကြည့်ခြင်းအားဖြင့် ဂေဟာသည် သာမညဂေဟာတစ်ခု မဟုတ်ကြောင်း သိနိုင်ပေသည်။

မှန်ပါသည်။

ယင်းဂေဟာသည် ထန်ကျူးမြို့၏ မြို့တော်ဝန် စီးလောက်ရယ်၏ ဂေဟာကြီးပင် မဟုတ်ပါလော။

ယခု....

စီးဂေဟာတွင် အမြို့မြို့အနယ်နယ်မှ မြို့စားများ၊ နယ်စားများ၊ မြို့တော်ဝန်များ၊ သိုင်းလောကမှ ထိပ်သီးသိုင်းသမားများ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများ ရောက်ရှိနေကြသည်။

အကြောင်းမှာ....

ယနေ့သည်....

မြို့တော်ဝန် စီးလောက်ရယ်၏ တစ်ဦးတည်းသော သမီးဖြစ်သူ စီးဖုံးမေနှင့် ချန်ကျုံးမြို့တော်ဝန်လေး လျူစန်းဖုံးတို့၏ လက်ထပ်မင်္ဂလာပွဲ ကျင်းပသော နေ့ထူးနေ့မြတ်ပင်မဟုတ်ပါလော။

❖



ခန်းမထဲတွင် ဧည့်သည်တော်များဖြင့် စည်ကားနေလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် အရက်ခွက်တစ်ခွက်ကို ကိုင်၍ ဧည့်သည်တော်များအား လှည့်ပတ်ဧည့်ခံနေသည်။

သူ၏မျက်နှာပေါ်တွင် ကြည်နူးသောအပြုံးရိပ်များ ပေါ်လွင်နေသည်။

အလွန်ရိုးသားပြီး ငယ်ငယ်ရွယ်ရွယ်ဖြင့် မြို့တော်ဝန်ရာထူးကို ရရှိထားသော လျူစန်းဖုံးအတွက် မိမိ၏ သမီးဖြစ်သူအား တန်ဖိုးထားစွာ လာရောက် တောင်းရမ်းခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင် မဟုတ်ပါလော။

သူသည် ဧည့်သည်များအား လှည့်ပတ် စကားပြောရင်း သတို့သားဝတ်စုံဖြင့် လှပခန့်ညားနေသော မြို့တော်ဝန်လေး လျူစန်းဖုံးအား လှမ်းကြည့်လိုက်၏။

ရုတ်တရက်....

သူ၏မျက်ခုံးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွား၏။

အကြောင်းမှာ....

လျူစန်းဖုံး၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သော ဟန်အမူအရာများကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

မြို့တော်ဝန်စီးသည် ညွှန်သည်များနှင့် စကားစမြွက်ကာ သတို့သားလောင်း လျှူစန်းဖုံးထံသို့ လျှောက်သွားလေတော့သည်။

လျှူစန်းဖုံးသည် မြို့တော်ဝန် စီးလောက်ရယ် သူ့ထံသို့ လျှောက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်သည်နှင့် ဦးညွှတ်ဂါရဝပြုလိုက်သည်။

တစ်ဆက်တည်းပင်....

သူသည် မြို့တော်ဝန်ထံသို့ လျှောက်သွားလိုက်၏။

ထို့နောက် သူသည် မြို့တော်ဝန် စီးလောက်ရယ်အား တီးတိုးပြောလိုက်၏။

'ဦးလေးစီး....ညွှန်သည်တွေလဲ စုံနေပြီ၊ စီးဖုံးမေလည်း အခုအချိန်ထိ မရောက်သေးဘူး'

မြို့တော်ဝန် စီးလောက်ရယ်က ပြုံးလိုက်သည်။

'သမီးဖုံးမေ့မှာ အလှပြင်နေတယ်လေ၊ သိပ်လဲ မစိုးရိမ်ပါနဲ့ငါ့တူရယ်'

'ဒါပေမယ့် ဒီအချိန်ဆို သူရောက်သင့်နေပါပြီ ဦးလေးစီး'

မြို့တော်ဝန် စီးလောက်ရယ်က ရယ်မောလိုက်၏။



'မိန်းမ တစ်ယောက်ရဲ့ အလှပဆုံးအချိန်ဟာ လက်ထပ်မင်္ဂလာပွဲကျင်းပတဲ့ အချိန်ပဲ၊ ဒါကြောင့် မင်းစိတ်ရှည်ရှည်နဲ့ စောင့်နေပါ'

သူတို့နှစ်ယောက် စကားပြောနေစဉ်မှာပင် အသက်ငါးဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက်သည် သူတို့အနီးသို့ ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့် ရောက်ရှိလာလေ၏။

ထိုလူအား တွေ့မြင်လိုက်သည်နှင့် မြို့တော်ဝန် စီးလောက်ရယ်သည် မျက်မှောင်ကုတ်သွားသည်။

သူသည် အဘိုးအိုအား စေ့စေ့ကြည့်လိုက်ပြီး....

'အိမ်တော်ထိန်း လေ့...ခင်ဗျားဘာဖြစ်လာတာလဲ၊ မင်္ဂလာအချိန်အခါမှာ ဒီလိုဈေးကြီးသုတ်ပျာ ဟန်အံ့မှုအရာနဲ့ ဘာဖြစ်လို့ ပြေးလွှားလာရတာလဲ'

ဟု ပြစ်တင် ပြောဆိုလိုက်လေသည်။

အိမ်တော်ထိန်းလေ့သည် ထိတ်လန့်တုန်လှုပ်သော မျက်လုံးအစုံဖြင့် သူ့အားကြည့်လိုက်ပြီး....

'သ....သခင်ကြီးစီး၊ အ....အပေါ်ထပ်မှာ သခင်မလေး မရှိတော့ဘူး'

သူ့စကားကြောင့် မြို့တော်ဝန် စီးလောက်ရယ်၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

ထို့အတူ....

လျှုစန်းဖုံး၏ ခန္ဓာကိုယ်မှာလည်း တစ်ချက်တုန်ခါသွားသည်။

'သူ ဘယ်ရောက်သွားလို့လဲ'

ဟု တမန်းကတန်း မေးလိုက်လေသည်။

အိမ်တော်ထိန်း လေ့ကာ သူ၏ဦးခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်ပြီး....

'မ....မသိဘူး၊ အလှပြင် ဆရာမလေးနဲ့ သတ္တိသမီး အရဲ တို့....'

သူသည် ထိတ်လန့်တုန်လှုပ်သွားသဖြင့် စကားပင်မပြောနိုင်ဘဲ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ခါနေ၏။

ထို့အတူ....

လျှုစန်းဖုံး၏ရင်ထဲ၌လည်း မြင်းဆန်စွာ လှုပ်ရှားနေ၏။

သူသည် စဉ်းစားခြင်းပင် မပြုဘဲ စီးဂေဟာ၏အပေါ်ထပ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားလေ၏။

မြို့တော်ဝန် စီးလောက်ရယ်ကလည်း သူ၏နောက်မှ ပြေးလွှား လိုက်ပါသွားသည်။



ညီညွှတ်သောတော်များသည် သတ္တိသား လျှုစန်းဖုံးနှင့် မြို့တော်ဝန် စီးလောက်ရယ်တို့၏ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ဟန်အမူအရာများကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျန်ရစ်ခဲ့လေတော့သည်။

မြင်ကွင်းသည် မလှပပါ။

အခန်းတစ်ခုလုံးတွင် သွေးညှီနံ့များက ဖုံးလွှမ်းထားသည်။

အလှပြင်ဆရာမလေးနှင့် သတ္တိသမီးအရဲတို့၏ ရင်ဝမှစီးဆင်းကျနေသော သွေးများသည် အခန်းတစ်ခုလုံး မြင်မကောင်းအောင် ခြင်းခြင်းနီရဲနေသည်။

ယခု....

သတ္တိသမီး စီဖုံးအမသည် ပျောက်ချင်းမလှပျောက်ဆုံးနေသည်။

သတို့သား လျှုစန်းဖုံးနှင့် မြို့တော်ဝန် စီးလောက်ရယ်တို့သည် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အခန်းတွင်းရှိ မြင်ကွင်းကိုကြည့်၍ ကြက်သေသေနေကြလေသည်။

ဤအခန်းထဲမှ လူများသည် မည်သည့်ကံကြမ္မာဆိုးဖြင့် ကြုံဆုံခဲ့ရပါသနည်း။

သတို့သား လျှုစန်းဖုံးနှင့် မြို့တော်ဝန် စီးလောက်ရယ်တို့၏ ဦးနှောက်ထဲတွင် ဤမေးခွန်းများသည် အကြိမ်ကြိမ်အခါခါ ပဲ့တင်ထပ်နေလေသည်။

သို့သော်...

သူတို့သည် ဤမေးခွန်းများ၏ အဖြေကို လုံးဝစဉ်းစား၍ မရပါ။

ယင်းအချိန်မှာပင်....

လျှုစန်းဖုံး၏ စူးရှတောက်ပသော မျက်လုံးအစုံသည် မှန်တင်ခုံပေါ်ရှိ ပန်းအိုးအောက်မှ စာရွက်တစ်ရွက်ပေါ်သို့ ရောက်ရှိသွားလေသည်။

သူသည် စဉ်းစားခြင်းပင် မပြုတော့ဘဲ မှန်တင်ခုံနားသို့ ပြေးလွှားသွားကာ စာရွက်ကို ယူဖတ်လိုက်သည်။

ထိုစာရွက်ပေါ်တွင်....



မြို့တော်ဝန် စီးလောက်ရယ်....

ခင်ဗျားရဲ့ တစ်ဦးတည်းသော သမီးဖြစ်တဲ့ စီးဖုံးမေ့ကို အသက်ရှင်လျက် ပြန်လိုချင်ရင် ခင်ဗျားဆီမှာရှိတဲ့ နေပြည်တော်ရဲ့ လျှို့ဝှက်မြေပုံကို ပေးပါ၊ နောက်တစ်ပတ်ကြာရင် ဟိဗက်နယ်ခြားဒေသမှာရှိတဲ့ တိန်းတောင်ထိပ်ပေါ်က ရွှေစွန်ရဲတိုက်ကို မြေပုံနှင့်တကွ အရောက်လာပါ။

ရွှေစွန်မင်းကျန့်ဝူးရန်

ယင်းအချိန်မှာပင်....

မြို့တော်ဝန် စီးလောက်ရယ်သည် သူ့အနီးသို့ ရောက်ရှိလာပြီး....

'ဘာစာလဲ'

ဟု အလောတကြီး မေးလိုက်သည်။

လျှုစန်းဖုံးသည် ဘာစကားမျှမပြောဘဲ ထိုစာအား မြို့တော်ဝန် စီးလောက်ရယ် လက်ထဲသို့ ထည့်လိုက်သည်။

စီးလောက်ရယ်သည် လျှုစန်းဖုံး၏လက်ထဲမှ စာအားယူ၍ ဖတ်လိုက်လေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် ထိုစာအား ယူဖတ်ပြီးသောအခါ သူ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သူသည် ထိတ်လန့်တုန်လှုပ်သော လေသံဖြင့်.... မှ

'ဒါဟာ ကျုပ်ရဲ့ ထိပ်တန်းလျှို့ဝှက်ချက်ပဲ၊ ဒီလျှို့ဝှက်ချက်ဟာ သူ့ဆီ ဘာဖြစ်လို့ ပေါက်ကြားသွားတာလဲ'

ဟု ပြောလိုက်လေသည်။

လျှုစန်းဖုံးသည် သူ့အားကြည့်လိုက်ပြီး....

'ဦးလေးစီး....ဒီကိစ္စကို တစ်ယောက်ယောက်ကိုများ ပြောပြမိခဲ့လား'

မြို့တော်ဝန် စီးလောက်ရှယ်က ခေါင်းခါယမ်းလိုက်သည်။

'ဒါဟာ အခုသေးအဖွဲ့ကိစ္စတစ်ခုမဟုတ်ဘူး၊ ဒီလျှို့ဝှက်ချက်ဟာ တိုင်းပြည်တစ်ခုလုံးရဲ့ အဓိကသော့ချက်ပဲ၊ ဒီမြေပုံကို တရုတ်မင်းမြတ်က ကျုပ်ဆီမှာပဲ အပ်နှံထားတာ'

ထို့စကားကြောင့် လျှုစန်းဖုံးသည် တွေဝေသွားလေသည်။

အတန်ကြာမှ....

သူသည် မြို့တော်ဝန် စီးလောက်ရှယ်အား စေ့စေ့ကြည့်လိုက်ပြီး....

'ဦးလေးစီး....အခုကိစ္စကို ဘယ်လိုလုပ်မလဲ၊ သက်ဆိုင်ရာ အာဏာပိုင်တွေကို အကြောင်းကြားလိုက်ရင် ကောင်းမယ်'



ထိုစကားကြောင့် မြို့တော်ဝန် စီးလောက်ရှယ်၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူသည် ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး....

'မဖြစ်ဘူး....လုံးဝ မဖြစ်ဘူး၊ ဒီကိစ္စသာ အပြင်ကိုရောက်သွားရင် ကျုပ်ရဲ့ ဆွေစဉ်မျိုးဆက် မင်းပြစ်မင်းဒဏ် သင့်ပြီး အသက်ခံရလိမ့်မယ်'

ဤတစ်ကြိမ် မျက်နှာပျက်သွားသူမှာ လျှုစန်းဖုံးဖြစ်သည်။

သူသည် မြို့တော်ဝန် စီးလောက်ရှယ်အား စိုးရိမ် ထိတ်လန့်စွာဖြင့် ကြည့်လိုက်ပြီး....

'ဒါဆိုရင် စီးဖုံးမေကို အဆုံးရှုံးခံတော့မှာလား'

ထိုစကားကြောင့် မြို့တော်ဝန် စီးလောက်ရှယ်၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာသည်။

ထို့နောက် ကြေကွဲဆို့နင့်သော လေသံဖြင့်....

'သူဟာ ကျုပ်ရဲ့ တစ်ဦးတည်းသော သမီး၊ ဒါကြောင့် သူဟာ ကျုပ်ရဲ့ ဒုတိယအသက်ဆိုလဲ့ မမှားဘူး၊ သူ့ကို ကျုပ်ဘယ်တော့မှ အဆုံးအရှုံးမခံဘူး'

ဟု ပြောလိုက်လေသည်။

လျှုစန်းဖုံးသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒါဖြင့်....'

မြို့တော်ဝန် စီးလောက်ရယ်က လက်ကာပြလိုက်ပြီး....

'ဒီကိစ္စကို ကျုပ်ရယ်၊ ကျုပ်ရဲ့ သစ္စာအရှိဆုံး လူယုံတော် အိမ်ထိန်းကြီးလေ့ရယ်၊ မင်းရယ်ပဲ ဖြေရှင်းမယ်'

လျှုစန်းဖုံးက ခေါင်းခါယမ်းလိုက်သည်၊

မြို့တော်ဝန် စီးလောက်ရယ်က မျက်မှောင်ကြုတ်သွား၏။

'မင်းစကားက ဘာအဓိပ္ပာယ်လဲ'

လျှုစန်းဖုံးက တည်ကြည် လေးနက်သော မျက်နှာထားဖြင့်....

'မင်္ဂလာပွဲကျင်းပနေတဲ့ ဦးလေးစီးရဲ့ မြို့တော်ဝန်ဂေဟာကို ထိုးဖောက်ဝင်ရောက်ပြီး လူသတ်ပြီး သတို့သမီးကို လုယူသွားတဲ့ လူတွေဟာ ဘယ်နည်းနဲ့မှ အင်အား မသေးနိုင်ဘူး'

သူ၏ စကားကြောင့် စီးလောက်ရယ်၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်၊

သူသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်ပြီး....



'ဒါဆိုရင် ဦးလေးစီးရော၊ ကျွန်တော်ရော၊ စီးဖုံးမေရော၊ အိမ်တော်ထိန်းလေ့ရော သေရမှာပဲ'

မြို့တော်ဝန် စီးလောက်ရယ်က လျှုစန်းဖုံးအား စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး....

'ဒါဖြင့် မင်းမှာ အကြံရှိလို့လား'

လျှုစန်းဖုံးက ခေါင်းညိတ်ပြလိုက်သည်။

မြို့တော်ဝန် စီးလောက်ရယ်၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားလေသည်။

'ဘာအကြံလဲ'

လျှုစန်းဖုံးက တည်ကြည် လေးနက်သော မျက်နှာထား ဖြင့်....

'ကျွန်တော့်မှာ သိုင်းပညာ အလွန်ထက်မြက်တဲ့ သူငယ်ချင်း တစ်ယောက်ရှိတယ် ဦးလေးစီး'

မြို့တော်ဝန် စီးလောက်ရယ်က မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်းသဘောက'

လျှုစန်းဖုံးက စကားဆက်လိုက်သည်၊

'ကျွန်တော် သူ့ဆီကိုသွားမယ် ဦးလေးစီး၊ ဟိုရောက်ရင် ဒီက အခြေအနေအားလုံးကို ကျွန်တော် သူ့ကို ပြောပြလိုက်မယ်၊ ကျွန်တော်တို့ မစွမ်းဆောင်နိုင်တဲ့ ကိစ္စတစ်ခုကို သူ စွမ်းဆောင်နိုင်လိမ့်မယ်လို့ ထင်တယ်'

မြို့တော်ဝန် စီးလောက်ရယ်က မယုံကြည်သောလေသံဖြင့်....

'မင်းသူငယ်ချင်းက စိတ်ချရလို့လား'

လျှုစန်းဖုံးက ခေါင်းကိုခပ်သွက်သွက်ညိတ်လိုက်သည်။

'သူ့အတွက်တော့ စိတ်ချပါဦးလေးစီး၊ သူဟာ ကျွန်တော် သူငယ်ချင်းပါ။ သိုင်းပညာနဲ့ယှဉ်မယ်ဆိုရင်တော့ ကျွန်တော်တို့ ထက် အဆတစ်ရာသာလွန်းပါတယ်'

လျှုစန်းဖုံး၏စကားကြောင့် မြို့တော်ဝန် စီးလောက်ရယ်၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်။

သူသည် ခေါင်းကို ညိတ်ချင်ညိတ်ချင်ဟန်ဖြင့်....

'အေးလေ....ဒါဆိုရင်လဲ မင်းသဘောပဲ၊ မင်းက မင်းသူငယ်ချင်းအတွက် အာမခံတယ်ဆိုရင်လဲ ပြီးတာပဲလေ၊ ဒါပေမယ့် မင်းမှတ်ထားဖို့က ဒီကိစ္စဟာ တိုင်းရေးပြည်ရေးကိစ္စ ဆိုတာပဲ'

လျှုစန်းဖုံးက မချိပြုံးပြုံး၍....

စိတ်ချပါ....ကျွန်တော် သူငယ်ချင်း၊ သွေးသောက်ဖော် ဇေယျ မှ ရင်ဟာ တိုင်းပြည်ရဲ့လူမျိုးအတွက် အသက်လိုပါ နှင့်



တဲ့ သိုင်းသမားကောင်းတစ်ယောက်ပါ၊ ဦးလေးစီးသာ လင်ချူးမြို့က ရွှေပိမာန်တည်းခိုခန်းမှာ ကျွန်တော် ပြန်ရောက်တဲ့ အထိ စောင့်နေပါ'

မြို့တော်ဝန် စီးလောက်ရယ်က လျှုစန်းဖုံးအား စေ့စေ့ ကြည့်လိုက်ပြီး....

'မင်းက ဘယ်လောက်ကြာမှာလဲ'

လျှုစန်းဖုံးက လက်သုံးချောင်းထောင်ပြလိုက်ပြီး....

'သုံးရက်'

မြို့တော်ဝန်စီးလောက်ရယ်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ...ငါ မင်းကို အဲဒီတည်းခိုခန်းမှာ စောင့်နေမယ်'

ထိုစဉ်မှာပင်....

အိမ်တော်ထိန်း လေ့သာညီ ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့် အခန်းတွင်းသို့ ဝင်ရောက်လာသည်။

'သ....သခင်မလေး ဘယ်ရောက်သွားတာလဲ သခင်ကြီး'

မြို့တော်ဝန်စီးလောက်ရယ်က တည်ကြည် လေးနက်သော မျက်နှာထားဖြင့်....

'နောက်မှ ကျုပ်ရှင်းပြမယ်၊ လောလောဆယ် သတို့သမီး စီးဖုံးမေ မင်္ဂလာမဆောင်ချင်လို့ ထွက်ပြေးသွားတယ်လို့အောက် ထပ်က ဧည့်သည်တော်တွေကို ပြောလိုက်ပါ'

သူ၏စကားကြောင့် လျှုစန်းဖုံ ၏မျက်နှာသည် အချဉ်သီး တစ်လုံးကို စားလိုက်သကဲ့သို့ ရှုံ့မဲ့သွားလေသည်။

သို့သော်....

သူသည် မည်သို့မျှမတတ်နိုင်ပါ။

ယင်းအချိန်မှာပင်....

အိမ်တော်ထိန်း လှေ့သည် စီးဂေဟာ၏ အောက်ထပ်သို့ ပြေးဆင်းသွားလေတော့သည်။

## အခန်း (၂)

## လျှို့ဝှက် ရန်သူ

နွေဦးရာသီ ဖြစ်သည်။

အရုဏ်ဦး အချိန်ဖြစ်သည်။

ကောင်းကင်ပေါ်တွင် အရောင် မှေးမှိန်နေသော လဝန်းသည် ပျောက်ကွယ်သွားခြင်း မရှိသေးပါချေ။

သို့သော်....

ရှင်နေမင်းသည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီမှ စတင် ခေါင်းပြူလာပြီ ဖြစ်သည်။

စိမ်းလဲ့သောမြက်ခင်းပြင်သည် မြသားကမ္ဗလာ ကော်ဇော တစ်ချပ်ကို ခင်းထားသကဲ့သို့ စိမ်းစိုနေသည်။

စိမ်းညို့ တောတောတန်းလေးကြားမှ တခဝါဝေါ စီးကျနေသော ရေတံခွန်မှ ရေများသည် နဂါးတစ်ကောင်ကဲ့သို့ တွန့်လိမ်နေသော စမ်းချောင်းလေးထဲသို့ စီးဆင်းသွားသည်၊

စမ်းချောင်းနံဘေးတွင် ဝါးပင်များသည် အစီအရီပေါက်လျက်ရှိပြီး နံနက်ခင်း၏လေပြည်ထဲတွင် ဟိုယိမ်းသည်နွဲ့ဖြင့် လှုပ်ရှား ယိမ်းနွဲ့နေသည်။

ထို့ကြောင့်....

ဤနေရာသည် ကဗျာဆရာများ လာရောက် လေ့လာရန် အသင့်လျော်ဆုံး နေရာတစ်ခုပင်ဖြစ်သည်။

သို့သော်....

ဝါးပင်များကြားရှိ တောလမ်းကျဉ်းကလေးထဲမှ မြင်းဇက်ကြိုးကိုဆွဲ၍ လျှောက်လာသော အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် ကဗျာဆရာ တစ်ယောက် မဟုတ်ပါ။

အကြောင်းကား....

သူ၏ခါးတွင် ငွေရိုးတပ်ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားသည် မဟုတ်ပါလား။

✿



အဖြူရောင်ဝတ်ဆင်ထားသောလူရွယ်သည် ခရီးကို တွင်တွင်လျှောက်နိုင်ရန်သာ အာရုံစိုက်နေသည်၊

သူသည် ဝါးရုံပင်တန်းအား ဖြတ်ကျော်လိုက်လေသည်၊

ဝါးရုံပင်တန်းလေးအား ကျော်ဖြတ်လာပြီးနောက်....

သူသည် မြင်းပေါ်သို့တက်ရန် ဟန်ပြင်လိုက်လေသည်၊

'ဝှီး' .

အရာဝတ္ထုတစ်ခုသည် သေ့လေအား အရှိန်အဟုန် ပြင်းစွာ တိုးဖောက်ဖြတ်သန်းလာသောအသံနှင့်အတူ လွင့်ပျံလာသည်ကို ကြားလိုက်ရလေသည်။

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်သည် သတိကြီးစွာ ဖြင့် ရှောင်တိမ်းလိုက်လေသည်၊

'တောက်'

သူနှင့်မနီးမဝေးရှိ သစ်ပင်၏ ပင်စည်တွင် ဓားပါးလေး တစ်လက် စိုက်ဝင်သွားသည်ကို တွေ့လိုက်ရသည်၊

'ကောင်းလိုက်တဲ့ ဓားပျံ'

အဖြူရောင် ဝတ်ဆင်ထားသော လူရွယ်သည် လွှတ်ခနဲ ချီးကျူးမိလိုက်လေသည်၊

သို့သော်....

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ် ငြိမ်သက်၍နေသည်။

တုံ့ပြန်မှု တစ်စုံတစ်ရာကို မတွေ့ရပါချေ။

အဖြူရောင်ဝတ်ဆင်ထားသောလူရွယ်သည် ဓားပျံစိုက်ဝင်သွားသော သစ်ပင်အနီးသို့ လျှောက်သွားလိုက်သည်။

ထို့နောက်....

သူသည် သစ်ပင် ပင်စည်တွင် စိုက်ဝင်နေသော ဓားပါးလေးအား နုတ်ယူလိုက်လေသည်။

သူသည် ဓားပါးလေးအား သေသေချာချာ ကြည့်ရှု စစ်ဆေးလိုက်၏။

သာမန်ဓားပါးလေးတစ်လက်မျှသာ ဖြစ်ပါသည်။

ဓားပေါ်တွင် မည်သည့်အမှတ်အသားမှ မရှိပါချေ။

သူသည် ဓားပါးလေးအား အပြန်အလှန် ကြည့်ရှုလိုက်ပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

'ဒီဓားပါးလေးက ဘာသဘောလဲ၊ ကျုပ်သွားမယ့်ခရီးကို ဟန့်တားတာလား'



သူသည် ဓားပျံလာရာလမ်းကြောင်းရှိ ယာဘက်သစ်ပင်များဆီသို့ လှမ်းပြေးလိုက်လေသည်။

သူ၏စကားသံဆုံးသွားသည်နှင့် သူ့လက်ထဲမှဓားဖြင့် ထိုနေရာသို့ ပစ်ပေါက်လိုက်လေသည်။

သူ၏ ဓားပျံပစ်ဟန်မှာ အရှိန်လျင်မြန်လှသည်။

အားမာန်အပြည့်ပါ၏။

ထို့ကြောင့် ဓားပျံသည် သစ်ပင်များကြားသို့ ဝင်ရောက်သွားသည့်တိုင်အောင် ငြိမ်သက်လျက် ရှိနေသည်။

ရုတ်တရက်....

ဓားပျံဝင်ရောက်သွားသောနေရာမှ သစ်ရွက်များ လှုပ်ခါသွားပြီး လူတစ်ယောက်သည် ဝိညာဉ်တစ်ကောင်ပမာ ထိုသစ်ပင်များကြားမှ ပေါ်ထွက်လာလေသည်။

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်သည်။

အဖြူရောင် ဝတ်ဆင်ထားသောလူရွယ် လွှင့်ပစ်လိုက်သော ဓားအား ထိုလူက သူ၏ယာဘက်လက်မှ ကိုင်ထားသော တုတ်နှင့် ရိုက်ထုတ်လိုက်လေသည်။

အဖြူရောင် ဝတ်ဆင်ထားသောလူရွယ်သည် ထိုအနက်ရောင်ဝတ်ဆင်ထားသောလူ၏ မျက်နှာအား အကဲခတ် ကြည့်လိုက်သည်။

သို့သော်....

ထိုလူ၏ မျက်နှာပေါ်တွင် အနက်ရောင် မျက်နှာဖုံးစွပ်တပ်ထားသဖြင့် မျက်လုံးအစုံမှအပ သူ၏မျက်နှာကို မြင်နိုင်စွမ်း မရှိပါချေ။

ထိုလူသည် အဖြူရောင် ဝတ်ဆင်ထားသော လူရွယ်အား အနက်ရောင်မျက်နှာဖုံးစွပ်၏မျက်လုံးပေါက်မှစူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားရဲ့ ဓားပျံသဲ မဆိုးဘူး'

ထိုလူ၏အသံသည် စူးရှအက်ကွဲနေသည်။

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်က ပြုံးလိုက်သည်။

'ဓားပျံ ဘယ်ကမလဲ....ဟောဒီမှာကြည့်'

'ခွမ်း....'

သူသည် ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး တစ်ချက်ဇွေ့ယမ်းလိုက်ရာ သူ့အနီးရှိ အစ်ပင်၏ သစ်ကိုင်းတစ်ခုသည် လေးပိုင်းပြတ်သွားလေသည်။



အနက်ရောင် ဝတ်ဆင်ထားသောလူ၏ မျက်လုံးအစုံသည် ဝင်းလက်သွား၏။

'ခင်ဗျားရဲ့ ဓားက မြန်လှချည်လား၊ ဒါကြောင့် သိုင်းလောကမှာလဲ မြို့တော်ဝန်လေး လျှုခန်းဖုံးဆိုပြီး နာမည်ကြီးနေတာကိုး'

အဖြူရောင် ဝတ်ဆင်ထားသော လူရွယ်၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူသည် အနက်ရောင်ဝတ်ဆင်ထားသောလူအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး....

'ခင်ဗျားက ကျုပ်ကို ဘယ်သူဆိုတာ သိနေတာကိုး'

ဟု ပြောလိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသောလူက ရယ်မောလိုက်သည်။

လူ၏ ရယ်မောသံသည် ခြောက်ခြား့အက်ကွဲနေလေသည်။

'သိတာပေါ့၊ ခင်ဗျား ဘယ်ကိုသွားမလဲဆိုတာလဲ ကျုပ်သိတယ်'

အဖြူရောင် ဝတ်ဆင်ထားသော လူရွယ်သည် ရုပ်ဖျက်ထားသည့် ချန်းစန်းမြို့တော်ဝန်လေး လျှုစန်းဖုံးပင် ဖြစ်သည်။

လျှုစန်းဖုံးသည် သူ့အား သိပါသည်ဟု ပြောသော အနက်ရောင် ဝတ်ဆင်ထားသော လူအား ကြည့်လိုက်ပြီး....

'ဒါကြောင့် ခင်ဗျားက ဒီမှာလာပြီး ကျုပ်ကို ဟန့်တားတယ်ပေါ့ ဟုတ်လား'

အနက်ရောင် ဝတ်ဆင်ထားသော လူရွယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လျှုစန်းဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ခင်ဗျားက သတင်းအနံ့ခံ ကောင်းသားပဲ'

အနက်ရောင် ဝတ်ဆင်ထားသောလူက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ အခုလို ကျုပ်ကိုချီးကျူးတာ ဂုဏ်ယူပါတယ်ဗျာ'

လျှုစန်းဖုံးက ထိုလူအား မျက်မှောင်ကုတ်၍ ကြည့်ကာ...

'ကျုပ် ဘယ်သူလဲဆိုတာ သိနေလျက်နဲ့ ခင်ဗျားက ကျုပ်ကို ဟန့်တားဝံ့တာ အံ့ပါဗျာ'

အနက်ရောင် ဝတ်ဆင်ထားသောလူက တည်ကြည်လေးနက်သော လေသံဖြင့်....



'ဒါကတော့ ကျုပ်မှာ ကိစ္စရှိနေတာကိုးဗျ'

လျှုစန်းဖုံးက ထိုလူအား လှမ်းကြည့်လိုက်ပြီး....

'ဘာကိစ္စလဲ'

အနက်ရောင် ဝတ်ဆင်ထားသောလူက အေးစက်သော လေသံဖြင့်....

'ခင်ဗျားဆီက မြေပုံကို လုယူမလို့'

သူ၏စကားကြောင့် လျှုစန်းဖုံး၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သို့သော်....

သူသည် ချက်ချင်းပင် ဣန္ဒြေဆည်၍ ပြုံးလိုက်ပြီး....

'ခင်ဗျားကလဲဗျာ....တောက်တီးတောက်တက်၊ ကျုပ်ဆီမှာ ဘာဖြစ်လို့ လျှို့ဝှက်မြေပုံရှိရမှာလဲ၊ ကျုပ်က မနေ့တစ်နေ့ကမှ မြို့တော်ဝန်ဖြစ်တဲ့လူပါ၊ ဒီလို နေပြည်တော်ရဲ့ လျှို့ဝှက်မြေပုံကို ဘုရင်မင်းမြတ်က ကျုပ်ကို ဘယ်လိုစိတ်ချယုံကြည်ပြီး အပ်ထားရမှာလဲဗျ'

ထိုလူက ခက်ထန်သော လေသံဖြင့်....

'ဒါဖြင့် လျှို့ဝှက်မြေပုံ ဘယ်မှာရှိတယ်ဆိုတာတော့ ခင်ဗျား သိတယ် မဟုတ်လား'

လျှုစန်းဖုံးသည် ခေါင်းကို မညိတ်ချင်ညိတ်ချင် ဟန်ဖြင့် ညိတ်လိုက်သည်။

'သိတယ်၊ မြို့တော်ဝန် စီးလောက်ရယ်ရဲ့ လက်ထဲမှာရှိတယ်'

ထိုလူက မယုံကြည်နိုင်သော လေသံဖြင့်....

'ဒါဖြင့် ခင်ဗျားက အခုအချိန်မှာ ဘာဖြစ်လို့ သူ့ဆီကို မသွားတာလဲ'

လျှုစန်းဖုံးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'မြို့တော်ဝန် စီးလောက်ရယ်ဟာ သိပ်လျှို့ဝှက်တဲ့ လူတစ်ယောက်ပါ၊ သူက လျှို့ဝှက်မြေပုံကို လျှို့ဝှက်စွာထားလို့ သူဘယ်မှာဝှက်ထားသလဲဆိုတာ ဘယ်သူကမှမသိနိုင်ဘူး'

အနက်ရောင် ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ မြို့တော်ဝန် စီးလောက်ရယ်ကတော့ သိပ်စေ့စပ်တဲ့ လူတစ်ယောက်ပါပဲ၊ ဒါပေမယ့် တစ်ပတ်အတွင်း သူက လျှို့ဝှက်မြေပုံကို တစ်နေရာရာကို ယူဆောင်သွားရလိမ့်မယ်ဆိုတာ ကျုပ်သိတယ်'

ထိုလူ၏ စကားကြောင့် လျှုစန်းဖုံး၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။



'ဟော....ခင်ဗျားက ဒီလောက်တောင် တိတိကျကျသိထားမှကိုး'

အနက်ရောင်ဝတ်ထားသောလူက ရယ်မောလိုက်ပြီး....

'ဟုတ်ပါတယ်၊ သူတစ်ယောက်တည်းနဲ့ ဒီလျှို့ဝှက်မြေပုံကို ယူဆောင်သွားရင် စိတ်မချရမှန်းသိလို့ သူ့သမက်လောင်းဖြစ်တဲ့ ခင်ဗျားနဲ့အတူတူ သွားမယ်မဟုတ်လား'

လျှုစန်းဖုံးသည် ထိုလူအား အမှန်အတိုင်းဝန်ခံလိုက်ရလေသည်။

'ဟုတ်ပါတယ်ဗျာ'

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ဒီကိစ္စဟာ ခင်ဗျားရယ်၊ မြို့တော်ဝန်ရယ်၊ အိမ်တော်ထိန်း လွှေရယ်ပဲသိတယ်၊ သူနဲ့ခင်ဗျားက ဆွေမျိုးမတော်လိုက်ရသေးပေမယ့် အရင်းနှီးဆုံး မိတ်ဆွေဆိုလဲ မမှားဘူး၊ သူ့ကိုကူညီနိုင်တဲ့လူဆိုလို့ သူ့ရဲ့ မတော်လိုက်ရတဲ့ သမက်ဖြစ်တဲ့ ခင်ဗျားတစ်ယောက်ပဲရှိတယ်၊ ဒီကိစ္စဟာ ထိပ်တန်း လျှို့ဝှက်တစ်ခုဖြစ်လို့လဲ သူဘယ်သူ့ကိုမှ ပြောရဲမှာမဟုတ်ဘူး၊ သူတစ်ယောက်တည်းသာသွားရရင် ကျုပ်က သူ့လက်ထဲကမြေပုံကို လုဖို့မခဲယဉ်းတော့ဘူး၊ ဒါကြောင့် ကျုပ်က ခင်ဗျားနဲ့အရင်လာရင်ဆိုင်တာ'

လျှုစန်းဖုံးသည် နားလည်သဘောပေါက်သွားလေသည်။

'ဒါကြောင့် ခင်ဗျားက ကျုပ်ကိုလာပြီး ဟန့်တားတာကိုး'

အနက်ရောင် ဝတ်ဆင်ထားသောသူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားတို့နှစ်ယောက် ပေါင်းလိုက်ရင် ကျုပ်က မတတ်နိုင်ဘူးဆိုတာ ကျုပ်ဝန်ခံပါတယ်၊ ဒါပေမယ့် တစ်ယောက်ချင်းတော့ ကျုပ်က အနိုင်ရမှာသေချာတယ်လေ'

'ဟုတ်လား'

လျှုစန်းဖုံးသည် အေးတိအေးစက်ဖြင့် ပြောလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသောလူသည် ရယ်မောလိုက်ပြီး....

'ဘာလဲ....ခင်ဗျား မယုံဘူးပေါ့'

လျှုစန်းဖုံးသည် ပြုံးလိုက်သည်။

'ခင်ဗျားနဲ့ကျုပ် တစ်ယောက်ချင်း ရင်ဆိုင်ရမယ်ဆိုရင် ကျုပ်လဲ ခင်ဗျားကိုမမှုဘူးဆိုတာ ယုံစမ်းပါ'

အနက်ရောင် ဝတ်ဆင်ထားသောသူသည် အေးစက်သောလေသံဖြင့်....



'ဒါဖြင့် ဟောဒီမှာကြည့်'

သူသည် ညှပ်ထားသော ဓားပါးကလေးအား လွှတ်လိုက်သည်။

သို့သော်....

ဓားပါးကလေးသည် သူ့လက်ပေါ်၌ ချာချာလည်နေလေသည်။

လျှုစန်းဖုံးသည် အံ့အားသင့်သွား၏။

အကြောင်းမှာ....

ထိုအနက်ရောင် ဝတ်ဆင်ထားသောလူ၏ ဓားစကြာသိုင်းကွက်သည် မြို့တော်ဝန် စီးလောက်ရှယ်တို့၏ 'စီး' မျိုးနွယ်၏ သိုင်းကွက်ဖြစ်နေလေသည်။

ဤဓားစကြာသိုင်းကွက်သည် စီးမျိုးနွယ် တစ်ခုတည်းသာ အသုံးပြုတတ်သော သိုင်းကွက်ဖြစ်သည်

လျှုစန်းဖုံးသည် စဉ်းစား၍မရအောင် ဖြစ်သွားသည်။

ထိုအနက်ရောင် ဝတ်ဆင်ထားသောလူသည် မြို့တော်ဝန် စီးလောက်ရှယ်ပင်လော။

မဖြစ်နိုင်ပါ။

မည်သူမဆို မိမိ၏သမီးအား ခုတုံးလုပ်၍ ကိုယ်ကျိုးရှာမည် မဟုတ်ပါ။

ဤသို့ဆိုလျှင်....

ထိုအနက်ရောင် ဝတ်ဆင်ထားသူသည် မည်သူနည်း။

မြို့တော်ဝန် စီးလောက်ရယ်သည် သူ၏သိုင်းတပည့်များအား အပြင်လူများကို သင်ကြားပေးလေ့မရှိဟု သူ ကြားခဲ့ဖူးသည်။

ထိုစဉ်မှာပင်....

အနက်ရောင် ဝတ်ဆင်ထားသောလူက ခြောက်သွေ့အက်ကွဲသော လေသံဖြင့်....

'ကျုပ်က ခင်ဗျားကိုသတ်ဖို့ စိတ်မကူးပါဘူး'

ဟု ခနဲ့စကားဖြင့် ပြောလိုက်လေသည်။

လျူစန်းဖုံးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်၊ နို့မဟုတ်ရင် အခုလို စကားပြောနေမှာ မဟုတ်ဘူးဆိုတာ ကျုပ်ရိပ်မိပါတယ်၊ ဒါပေမယ့်....'

အနက်ရောင် ဝတ်ဆင်ထားသောလူ၏ လေသံသည် ခက်ထန်တင်းမာနေ၏။



'ခင်ဗျားက ကျုပ်ပြောတဲ့စကားကို နားမထောင်ရင်တော့ ခင်ဗျားကို မသတ်ချင်သော်လဲ ခင်ဗျားကို တစ်သလောက် ခုတင်ပေါ်က မထနိုင်အောင်တော့ လုပ်ရလိမ့်မယ်'

လျူစန်းဖုံးက အေးစက်စွာ ပြုံးလိုက်ပြီး....

'ကောင်းသားပဲ၊ ခင်ဗျားရဲ့ သိုင်းပညာကို ကျုပ်က လက်တွေ့ လေ့လာချင်တာနဲ့ အတော်ပဲ'

အနက်ရောင် ဝတ်ဆင်ထားသော လူသည် သူ၏ စူးရှတောက်ပသော မျက်လုံးအစုံဖြင့် လျူစန်းဖုံးအား ကြည့်လိုက်ပြီး....

'ကြည့်ရတာ ကျုပ်ပြောခဲ့တဲ့စကားတွေ အချည်းနှီးဖြစ်နေပြီ ထင်တယ်'

လျူစန်းဖုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့် ခင်ဗျားရဲ့ သိုင်းပညာကို ထုတ်ပြဖို့ပဲ ကျန်တော့တယ်'

အနက်ရောင် ဝတ်ဆင်ထားသူသည် ဓားပါးလေးအား မြှောက်ပြလိုက်ပြီး....

'ကျုပ်ရဲ့ဓားစကြာကို ခင်ဗျားက မမှုဘူးဆိုပါတော့'

လျှုစန်းဖုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ကျုပ်က ခြောက်တိုင်း မကြောက်ဘူး'

အနက်ရောင် ဝတ်ဆင်ထားသော လူက လက်ကာပြလိုက်ပြီး....

'နေပါဦး၊ ခင်ဗျားက မြို့တော်ဝန် စီးလောက်ရယ်တို့ရဲ့ ကိစ္စကို အသက်စွန့်ပြီး ကူညီနေတာမျှား ဘာအကျိုး ခံစားရမှာမို့လဲ'

လျှုစန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဘာမှ အကျိုးမခံစားရပါဘူး၊ မြို့တော်ဝန် စီးလောက်ရယ်ရဲ့သမီး စီးဖုံးမေဟာ ကျုပ်ရဲ့ အသက်နဲ့ထပ်တူ ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါ'

အနက်ရောင် ဝတ်ဆင်ထားသူက သူ့အား ကြည့်လိုက်ပြီး....

'ဩော်....ခင်ဗျားက ဒါကြောင့်ကိုး'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်ပြီး....

'ဒါကြောင့်လို့လဲ ပြောနိုင်ပါတယ်၊ နောက်ပြီး ဒီကိစ္စဟာ တိုင်းပြည်ရေးကိစ္စမို့လို့ ကျုပ်က မြို့တော်ဝန်တစ်ယောက် အနေနဲ့ မြို့တော်ဝန် စီးလောက်ရယ် ရင်ဆိုင်နေရတဲ့ ပြဿနာကို ကူညီဖြေရှင်းပေးတာပါ'



အနက်ရောင် ဝတ်ဆင်ထားသောလူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'အင်း....ဒီလိုဆို ခင်ဗျားကို ပြင်းပြင်းထန်ထန် ဒဏ်ရာ ရသွားအောင်လုပ်မှသာ ကျုပ်က ခင်ဗျားကို ဟန့်တားနိုင်မှာ'

လျှုစန်းဖုံးက ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်၊ ဒါကြောင့် ခင်ဗျားကို အားမနာပါနဲ့လို့ ပြောပါရစေ'

အနက်ရောင် ဝတ်ဆင်ထားသောလူက အေးစက်သောအသံဖြင့်....

'ကျုပ်ကလဲ အားမနာတတ်ပါဘူး'

သူ၏စကားဆုံးသွားသည်နှင့် သူ၏လက်ထဲတွင် ဓားနှစ်လက်က အသင့်ရောက်ရှိနေပြီ ဖြစ်သည်။

ထိုဓားနှစ်လက်သည် သူ၏လက်ဝါးနှစ်ဖက်ပေါ်တွင် လည်ပတ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

လျှုစန်းဖုံးသည် သူ၏ဓားအား မိမိကိုယ်မိမိ ကာကွယ်ရန် အသင့်အနေအထားဖြင့် ဆုပ်ကိုင်ထားသည်။

ရုတ်တရက်....

အနက်ရောင် ဝတ်ဆင်ထားသောသူ၏ လက်ပေါ်၌ လည်ပတ်နေသော ဓားနှစ်လက်သည် ရပ်တန့်သွားသည်။

အနက်ရောင် ဝတ် ဆင် ထား သူ သည် ဓားနှစ်လက်အား ပြောင်းပြန်ကိုင်လိုက်ပြီး သူ၏ခန္ဓာကိုယ်အား အပေါ်သို့ ခုန်တက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် အပေါ်သို့ လူတစ်ရပ်ခန့် မြင့်သည်အထိ ခုန်တက်သွားပြီးနောက် လေထဲ၌ တစ်ချက်ကွေ့ပတ်ပြီး သူ၏ဓားနှစ်လက်ဖြင့် လျှုစန်းဖုံးအား တိုက်ခိုက်လိုက်လေတော့သည်။

လျှုစန်းဖုံးသည် မဲ့ပြုံးပြုံးလိုက်သည်။

သူသည် တစ်ဖက်လူ၏ တိုက်ခိုက်လာပုံအား သေချာစွာကြည့်ပြီး သူ၏ဓားဖြင့် တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

သို့သော်....

သူ၏ဓားသည် တစ်ဝက်သို့ ထိုးထွက်လာသောအခါ ရုတ်ခြည်း ဓားကွက်ကိုးကွက်နှုန်းဖြင့် လှုပ်ရှားပြောင်းလဲသွားလေသည်။



သူ၏ထူးခြားသော ဓားရည်ကြောင့် သိုင်းလောကသားများက သူ့အား လေးစားကြည်ညိုခဲ့ကြခြင်း ဖြစ်သည်။

သူ၏တိုက်ကွက်သည် တစ်ဖက်လူ၏ အစိက နေရာသို့သာ ဦးတည်သွားသည်။

လျှုစန်းဖုံး၏ တိုက်ကွက်သည် မိမိအား ကာကွယ်ရန်ပင် ချန်မထားပါချေ။

တစ်နည်းဆိုရလျှင်....

သူ၏တိုက်ကွက်သည် သူသေကိုယ်သေ တိုက်ကွက်ပင်ဖြစ်ပါသည်။

ဤသည်ကို အနက်ရောင် ဝတ်ဆင်ထားသောသူက ချက်ချင်း အကဲခတ်မိလိုက်သည်။

လျှုစန်းဖုံး၏ဓားသည် သုံးပေခန့်ရှည်သည်။

အနက်ရောင် ဝတ်ဆင်ထားသောလူ၏ ဓားသည် တစ်ပေခန့်ပင် မပြည့်ပါချေ။

အကယ်၍သာ....

သူသည် လျှုစန်းဖုံး၏ အသက်စွန့် တိုက်ကွက်အား ရှောင်တိမ်းခြင်း မပြုဘဲ ဆက်၍ တိုက်ခိုက်လိုက်ပါလျှင် သူ၏ဓားသည်

လျှိုစန်းဖုံး၏ ဝမ်းဗိုက်ဆီသို့ မရောက်မီမှာပင် လျှိုစန်းဖုံး၏ ဓားသည် သူ၏အသည်းနှလုံးအား ထိုးဖောက်ဝင်ရောက်သွားမည်သာ ဖြစ်ပါသည်။

အနက်ရောင် ဝတ်ဆင်ထားသောလူသည် လျှိုစန်းဖုံးနှင့် သူသေကိုယ်သေတိုက်ခိုက်ရန် မလိုလားပါ။

ထို့ကြောင့်....

သူသည် လျှိုစန်းဖုံး၏ ဓားချက်အား ဓားနှစ်လက်ဖြင့် ခံပေးလိုက်သည်။

'ခြွမ်း....ခြွမ်း'

သံ့ သံချင်း ထိခိုက်မိသော အသံများသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

လျှိုစန်းဖုံး ရင်ထိတ်သွား၏။

သူသည် အနက်ရောင်ဝတ်ထားသူနှင့် စတွေ့စဉ်ကပင် မိမိထက် သိုင်းပညာ များစွာသာသည်ဟု ထင်ခဲ့မိသည်။

သို့သော်....

ယခု ကိုယ်တွေ့ရင်ဆိုင်လိုက်ရသောအခါ ထိုလူသည် မိမိထင်ထားသည်ထက်ပင် များစွာ သာလွန်နေသည်ကို တွေ့လိုက်ရလေသည်။



သူသည် ဓားကိုရုပ်သိမ်းလိုက်ပြီးနောက် တစ်ဆက်တည်းမှာပင် ပြန်လည်တိုက်ခိုက်ပြန်သည်။

အနက်ရောင်ဝတ်ဆင်ထားသောလူသည် မြေပေါ်သို့ ခြေချလိုက်သည်နှင့် လျှိုစန်းဖုံး၏ဓားသည် မာန်ဟုန်ပြင်းစွာဖြင့် သူ့အား တိုက်ခိုက်လိုက်ပြန်လေသည်။

သူသည် ကိုယ်တစ်ခြမ်းစောင်းလိုက်ပြီး ဘယ်လက်မှဓားဖြင့် လျှိုစန်းဖုံး၏ဓားအား ပိတ်ဆို့ထားလိုက်လေသည်။

တစ်ဆက်တည်းမှာပင်....

သူ၏ဓားသည် ဓားသွားတစ်ချက်ယိမ်းနွဲ့လိုက်ပြီး ခြေ တစ်လှမ်းရှေ့သို့ တိုးလိုက်လေသည်။

သူ၏ယာဘက်လက်မှ ဓားသည် လက်ဝါးပေါ်၌ ရဟတ်ပမာ လည်ပတ်လိုက်ပြီး လျှိုစန်းဖုံး၏မျက်လုံးဆီသို့ ဦးတည် တိုက်ခိုက်လိုက်လေသည်။

ထိုလူ၏အခံအပိတ်၊ အထိုးအခုတ် စသည့် တိုက်ကွက်တိုင်းမှာ လျင်မြန်သည်။

အားမာန် ပါလှသည်။

ရက်စက်သည်။

ထို့အပြင်....

တိုက်ကွက်ကလည်း လျှို့ဝှက်ဆန်းကြယ်လှပေသည်။

လျှုစန်းဖုံးသည် သူ၏တိုက်ကွက်ကို တစ်ဖက်လူက ပိတ်ဆို့ထားသည်ကို တွေ့လိုက်ရသောအခါ ကပျာကယာ နောက်သို့ဆုတ်လိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသောလူသည် ရှေ့သို့ တိုးသွားလေသည်။

သူ၏ခါးနှစ်လက်သည် ရဟတ်ပမာ ချာချာလည်ကာ လျှုစန်းဖုံး၏သက်ကောက်ဝတ်ဆီသို့ တိုက်ခိုက်လိုက်သည်။

လျှုစန်းဖုံးသည် နောက်သို့ ခုန်၍ ဆုတ်သွားရလေသည်။

ကျွန်ုပ်တစ်ကြိမ်တွင် သူသည် ဝါးတစ်ရိုက်ခန့်သို့ ဆုတ်သွားလေသည်။

သူသည် နောက်သို့ဆုတ်သွားလိုက်ပြီး ချက်ချင်းပင် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

'ခင်ဗျား မဆိုးဘူး'

အနက်ရောင်ဝတ်ဆင်ထားသောလူသည် ဤသို့ အော်လိုက်ပြီး သူ၏ခါးနှစ်လက်သည် ငှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။



လျှုစန်းဖုံးသည် နောက်သို့ မဆုတ်တော့ပါချေ။

သို့သော်....

သူ၏တိုက်ကွက်အား ပြောင်းလဲလိုက်သည်။

သူ၏လက်နှစ်ဖက်ဖြင့် ခါးအား တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး အားမာန်ပြင်းထန်သော တိုက်ကွက်ဖြင့် တအား တိုက်ခိုက်နေသည်။

အနက်ရောင် ဝတ်ဆင်ထားသူ၏တိုက်ကွက်များသည် အားမာန်ပြင်းထန်သော တိုက်ကွက်ကြောင့် ပြရိုဖရဲဖြစ်သွားလေသည်။

အမှန်မှာ....

လျှုစန်းဖုံးသည် ခါးကို လျင်မြန်စွာတိုက်ခိုက်သေ့ရှိသောကြောင့် သိုင်းလောကရှိ သိုင်းပညာရှင်ကြီးများကပင် သူ့အား ချီးကျူးပုတ်ပြုခဲ့ကြသည်။

ယခု....

သူသည် အနက်ရောင်ဝတ်ဆင်ထားသူ၏ခါးမှာ မိမိထက်ပင် လျင်မြန်သည်ကို တွေ့လိုက်ရသဖြင့် သူသည် ယခုကဲ့သို့ လေးလံ၍ အားမာန်ပြင်းထန်သော တိုက်ကွက်အဖြစ်သို့ ပြောင်းလဲလိုက် ခြင်းဖြစ်သည်။

ထို့အခြင်....

သူသည် တစ်ဖက်လူကိုသာ ဖိတိုက်နေသည်။

တဖက်လူက မိမိဟာကွက်သို့ဝင်ရောက်တိုက်ခိုက်မည်ကို ဂရုမပြုသဖြင့် အနက်ရောင်ဝတ်ဆင်ထားသောလူသည် ရှတ်တရက် အသာရရလိုက်ပါ၏။

အသာမရလိုက်သည့်အပြင် ယခုတစ်ကြိမ် သူကပင် နောက်သို့ဆုတ်သွားရလေပြီဖြစ်သည်။

သူသည် ဝါးဘာစ်ရှိတ်ခန့်အကွာသို့ခုန်ဆုတ်သွားပြီးနောက် ခြေလှမ်း ရပ်လိုက်သည်။

'ခင်ဗျား သေရမှာကို မကြောက်ဘူးလား'

လျှုစန်းဖုံးသည် ရှေ့သို့ဆက်၍မတိုက်ပါချေ။

သူသည် ရယ်မောလိုက်ပြီး....

'ကျုပ် သေရမှာကိုမကြောက်ဘူးလို့ ဘယ်သူကပြောသလဲ'

ဟု ပြန်မေးလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူက နားမလည်ဟန်ဖြင့်....

'ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ အသက်စွန့်ကဲ့တိုက်ကွက်နဲ့ တိုက်ရတာလဲ'



လျှုစန်းဖုံးသည် ပြုံးလိုက်ပြီး....

'ခင်ဗျားပဲ ပြောတယ်မဟုတ်လား၊ ကျုပ်က ခင်ဗျားကို မနိုင်ဘူးဆို'

အနက်ရောင်ဝတ်ဆင်ထားသူက သူ့အား လှမ်းကြည့်လိုက်ပြီး....

'ကျုပ်ပြောတာ မှားသွားလို့လား'

လျှုစန်းဖုံးသည် ခေါင်းခါယမ်းလိုက်သည်။

'မမှားပါဘူး၊ ဒါကြောင့် ကျုပ်ကအသေခံပြီး တိုက်ခိုက်နေရတာပေါ့'

အနက်ရောင်ဝတ်ဆင်ထားသူက စကားဆက်လိုက်သည်။

'ဒါပေမယ့် ခင်ဗျား အခု လို အားမာန်နဲ့တိုက်ခိုက်ရင် ရေရှည်မခံနိုင်ဘူး၊ အလွန်ဆုံး ထမင်းတစ်အိုးကျက်လောက်အချိန်မှာပဲ ခင်ဗျားမှာ အားအင် ကုန်ခန်းသွားလိမ့်မယ်'

လျှုစန်းဖုံးက ပြုံးလိုက်သည်။

'ဒါလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်အင်အားမကုန်ခင်တော့ ခင်ဗျားကို ထိခိုက်ဒဏ်ရာရအောင် ကြိုးစားရမှာပဲ'

အနက်ရောင် ဝတ်ဆင်ထားသူက မချိပြုံး ပြုံးလိုက်ပြီး....

'ဒီလိုကိုး၊ ဒါဖြင့် ကျုပ်က သိတိထားရမှာပေါ့ ဟုတ်လား'

အနက်ရောင် ဝတ်ဆင်ထားသူသည် ဤသို့ပြောပြီးသည်နှင့် သူ၏ ဓားနှစ်လက်သည် ပြန်လည်လှုပ်ရှား လှည့်ပတ်လာပြီး လျူစန်းဖုံးထံသို့ တိုက်ခိုက်လိုက်လေသည်။

လျူစန်းဖုံး၏ ဓားသည်လည်း တစ်ချိန်တည်း ထိုသူအား တိုက်ခိုက်လိုက်သည်။

သူသည် စကားပြောနေစဉ်မှာပင် တစ်ဖက်လူ၏ လှုပ်ရှားမှုကို သတိပြုနေခြင်းဖြစ်သည်။

ထို့ကြောင့်....

အနက်ရောင် ဝတ်ဆင်ထားသောလူက လှုပ်ရှားလိုက်သည်နှင့် သူ၏ဓားသည် ထိုလူ၏ ရင်ဝသို့ တိုက်ခိုက်လိုက်လေသည်။

အနက်ရောင် ဝတ်ဆင်ထားသောလူသည် အလွန် လျင်မြန်ဖျတ်လတ်သည်။

သူသည် နောက်သို့ ဆုတ်သွားလေသည်။

သူသည် နောက်သို့ ခြေလှမ်းသုံးလေးလှမ်းခန့် ဆုတ်သွားပြီးသည်နှင့် သူ၏ခန္ဓာကိုယ်သည် ယိမ်းနွဲ့လိုက်ပြီး လူရောဓားပါ စက်ဝိုင်းပုံသဏ္ဌာန် တစ်ချက် ကွေ့ပတ်လိုက်ပြီး လျူစန်းဖုံး၏ ယာဘက်နေရာသို့ တိုက်ခိုက်လိုက်လေသည်။



သို့သော်....

လျူစန်းဖုံး၏ဓားသည် သူ့အလာကိုစောင့်နေပြီးဖြစ်သည်။

'ခြွမ်း....'

သံ့သံချင်း ထိခိုက်မိလိုက်သော အသံများသည် တစ်ချက်ထွက်ပေါ်လာပြီး အနက်ရောင် ဝတ်ဆင်ထားသူသည် နောက်သို့ လျင်မြန်စွာ ဆုတ်ခွာသွား၏။

တစ်ချိန်တည်းမှာပင်....

သူ၏လက်ထဲမှ ဓားနှစ်လက်ဖြင့် လျူစန်းဖုံး၏ ရင်ဝသို့ ပစ်လွှင့်လိုက်လေသည်။

လျူစန်းဖုံးသည် သူ၏ဓားအား အလျှင်အမြန် ဝှေ့ယမ်းလိုက်၏။

'ခြွမ်း....ခြွမ်း'

အနက်ရောင် ဝတ်ဆင်ထားသောသူ၏ ဓားနှစ်လက်သည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ခင်ဗျား တော်တယ်'

အနက်ရောင် ဝတ်ထားသူသည် ဤသို့ ပြောလိုက်ပြီးနောက် သူ၏အင်္ကျီအိတ်ထဲမှ ဓားနှစ်လက် ထပ်မံထုတ်လိုက်လေသည်။

ဤဓားနှစ်လက်သည် သာမည ဓားမျိုး မဟုတ်တော့ပါ။

ပုံသဏ္ဌာန် ထူးခြားသော ဓားနှစ်လက် ဖြစ်ပါသည်။

ဓား၏ ကျောပေါ်မှ ဓားသွားတစ်ခု ပိုလာပြီး ဓား၏ ကိုယ်ထည်တွင် လှိုင်းတွန့်ကလေးများ ပါရှိသည်။

အနက်ရောင် ဝတ်ဆင်ထားသောလူသည် ဓားကို လက်ဝါးထဲ၌ လှည့်ပတ်လိုက်သည်နှင့်....

'ဝှီး...ဝှီး'

ဟူသောအသံများ ထွက်ပေါ်လာလေသည်။

လျှုစန်းဖုံးသည် ထိုအသံကို ကြားလိုက်ရသည်နှင့် ရင်ထိတ်သွား၏။

'အင်း...ခင်ဗျားက အထူးစီမံထားတဲ့ဓားကိုသုံးရတော့မယ် မဟုတ်လား'

အနက်ရောင် ဝတ်ဆင်ထားသောလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သာမန်ဓားနဲ့မှ ခင်ဗျားကို မရနိုင်ရင်တော့ ကျုပ်က ဒီလက်နက်ကိုပဲသုံးရတော့မှာပေါ့၊ ခံနိုင်ရင်ခံပေတော့'

လျှုစန်းဖုံးသည် ပြုံးလိုက်သည်။



'ခင်ဗျားရဲ့ဓားကို ကျုပ်လက်ထဲမရောက်အောင် သတိထား။ နို့မဟုတ်ရင် ကျုပ် သက်သေအထောက်အထားအဖြစ် ယူသွားရလိမ့်မယ်'

အနက်ရောင်ဝတ်ဆင်ထားသူက အေးစက်သောအသံဖြင့်....

'ကျုပ် သတိထားပါ့မယ်၊ ကဲ...လာပြီ၊ ရှောင်နိုင်ရင် ရှောင်ပေတော့'

အနက်ရောင်ဝတ်ဆင်ထားသူသည် ယင်းသို့ပြောပြီး ရှေ့သို့ တိုးလိုက်လေသည်။

လျှုစန်းဖုံးကလည်း ရှေ့သို့တိုးလိုက်ပြီး အနက်ရောင်ဝတ်ဆင်ထားသူအား ဓားဖြင့် တအားခုတ်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် လျှုစန်းဖုံး၏ ဓားအား သူ၏ဓားနှစ်လက်ဖြင့် ညှပ်၍ဆွဲလိုက်သည်။

'ခြမ်း...'

*

လျှုစန်းဖုံး၏ ဓားဖျားသည် သုံးလက်မခန့် ကျိုးသွားလေသည်။

လျှုစန်းဖုံး၏ မျက်လုံးအစုံသည် ပြူးကျယ်သွားပြီးနောက် တပျာကယာ ဆုတ်သွားရသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် သူ၏ ဓားနှစ်လက်ဖြင့် လျူစန်းဖုံး၏ လက်နှစ်ဖက်သို့ ပုတ်လိုက်ပြန်လေသည်။

လျူစန်းဖုံးသည် သူ၏ကျိုးနေသော ဓားအား အောက်သို့ ဝှေ့ယမ်းလိုက်သည်။

'ခြွမ်း....'

သူ၏ဓားသည် ထိုလူ၏ ဓားနှစ်လက်အား ခံပေးလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် သူ၏ ဓားနှစ်လက်အား ကြက်ခြေခတ်ပုံသဏ္ဌာန်ဖြင့် လျူစန်းဖုံး၏ ဓားအား ရိုက်ထုတ်လိုက်သည်။

လျူစန်းဖုံးသည် နောက်သို့အားလွန်၍ သူ၏ခန္ဓာကိုယ်သည် မဟန်နိုင်ဘဲ ယိမ်းယိုင်သွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် သူ၏ ဓားနှစ်လက်အား မြှောက်ကာ လျူစန်းဖုံးထံသို့ ခုန်ဝင်လာမည်အပြုတွင်....

ရုတ်တရက်....

သူသည် လျူစန်းဖုံးထံသို့ခုန်ဝင်လာခြင်းမရှိဘဲ လမ်းဘေးရှိ သစ်ပင်များကြားသို့ ခုန်ဝင်သွားလေတော့သည်။



လျူစန်းဖုံးသည် အံ့အားသင့်နေစဉ်မှာပင် အနက်ရောင်ဝတ်ဆင်ထားသူသည် သစ်ပင်များကြားမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ထိုအချိန်မှာပင် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသည် တခြားလူများ တွေ့မြင်သွားမည်ကို မလိုလား၍ ယခုကဲ့သို့ တိမ်းရှောင်သွားခြင်း ဖြစ်မည်ဟု သူတွေးမိလိုက်သည်။

မြင်းခွာသံများသည် တဖြည်းဖြည်း နီးကပ်လာလေသည်။

လျူစန်းဖုံးသည် လှမ်းကြည့်လိုက်သည်။

စမ်းချောင်းလေး၏ တစ်ဖက်စွန်းတွင် မြင်းကိုယ်စီနှင့် လူသုံးယောက် ပြေးလွှားလာနေသည်ကို ရေးရေးမြင်တွေ့လိုက်ရသည်။

လျူစန်းဖုံးသည် မှုက်မှောင်ကုတ်သွား၏။

သူသည် အနက်ရောင်ဝတ်ဆင်ထားသူပစ်ချသွားသော ဓားနှစ်လက်အား ကောက်ယူလိုက်ပြီး သူ၏မြင်းရှိရာသို့ လျှောက်သွားလိုက်သည်။

ထို့နောက်....

သူသည် မြင်းပေါ်မှ သားရေအိတ်ထဲသို့ ထိုလူ၏ ခေါင်းနှစ်လုံးအား ထည့်လိုက်သည့်အချိန်မှာပင် မြင်းသုံးကောင်သည် စမ်းချောင်းလေးကိုဖြတ်၍ ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်း၏ ပြေးနှုန်းမှာ စမ်းချောင်းလေးကိုဖြတ်၍ ပြေးနေရသော်လည်း ပြေးရှိန်မလျော့ပါချေ။

သူတို့သုံးယောက်၏ ပုံဟန်မှာ ခရီးအမြန်နှင်နေသော ခရီးသည်များ ဖြစ်ဟန်တူသည်။

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်နှင့်အမျှ ရှေ့ဆုံးမှ မြင်းနှစ်ကောင် လျှပ်စန်းဖုံးရှိရာ စမ်းချောင်းလေး၏ အစပ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ထိုစဉ်မှာပင်....

'ဝုန်း....'

ဟူသော ကျယ်လောင်သော မြည်ဟည်းသံကြီး ထွက်ပေါ်လာလေသည်။

ထိုအသံကြောင့် ရှေ့ဆုံးမှမြင်းစီးလာသော လူနှစ်ယောက်သည် မြင်းကို တစ်ပြိုင်နက်ရပ်တန့်လိုက်ပြီး နောက်သို့ စိုးရိမ်တကြီး လှည့်ကြည့်လိုက်သည်။



သူတို့သည် တတိယမြင်းပေါ်မှလူ ဖရိုဖရဲဖြစ်ပြီး ရေများ ရွှဲနစ်နေသည်ကိုကြည့်ပြီး သက်ပြင်းတစ်ချက် ချကာ....

'အင်း....သီ ငယ် တ ခေတ္တ လုပ်လိုက်မှဖြင့် အရာရာနဲ့ အကြောင်းကြောင်းပဲ'

တတိယမြင်းပေါ်မှလူသည် မြင်းကိုအရှိန်သတ်လိုက်ပြီး....

'ကိုကြီးတို့က အမြန်သွားနေတာကိုး၊ ကိုကြီးတို့နောက်ကို လိုက်ရတာ သေပြေးရှင်ပြေးပဲ၊ ကျွန်တော် ရေထဲကျသွားတာတဲ့ ကံကောင်းတယ်မှတ်ပါ'

ရှေ့ဆုံးမှလူသည် ခေါင်းတစ်ချက်ခါလိုက်ပြီး....

'ဒါကတော့ တို့က စီးယုံဆို အမီသွားချင်လို့'

သူ၏စကား မဆုံးမီမှာပင် သူနှင့်ယှဉ်တွဲ၍ ရပ်နေရသော လူက ဟန့်တားလိုက်သည်။

'မင်းစကားကို ကြည့်ပြော'

သူသည် ပြောရင်း လျှပ်စန်းဖုံးအားမျက်လုံးဖြင့် မျက်ရိပ်ပြလိုက်သည်။

ထိုလူသည် လျှပ်စန်းဖုံးထံသို့ ချဉ်းကပ်သွားပြီး....

'မိတ်ဆွေ... ဘယ်ကလဲ၊ စောလှချည်လား'

လျှုစန်းဖုံးက ပြုံးလိုက်သည်။

'ကျုပ်မှာ ကိစ္စအရေးတကြီးရှိလို့ အိမ်ပြန်မလို့ပါ'

ထိုလူက သူ့အားသေသေချာချာ အကဲခတ်လိုက်ပြီး....

'ခင်ဗျားအိမ်က ဘယ်မှာမို့လို့လဲ'

လျှုစန်းဖုံးက ခပ်တည်တည်နှင့်....

'ချူးပင်မြို့မှာပါ'

ထိုလူက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒါဖြင့် ခရီးဆက်မသွားသေးဘဲ ဘာဖြစ်လို့ ဒီမှာရပ်နေရတာလဲ'

သူ၏စကားကြောင့် လျှုစန်းဖုံးသည် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သို့သော်....

သူသည် ချက်ချင်းပင် ဉာဏ်ခြေဆည်၍ ပြုံးလိုက်ပြီး....

'ကျုပ်မြင်းက မြင်းခွာပြုတ်သွားလို့ ပြန်ရိုက်ပေးနေရလို့ပါဗျာ'

ထိုလူသည် မြင်းအား တစ်ချက်ကြည့်လိုက်ပြီး....



'မြင်းခွာကို ခင်ဗျားက ဘာနဲ့ရိုက်လဲ'

လျှုစန်းဖုံးသည် သူ၏ခါးတွင် ချိတ်ထားသော ဓားရိုးအား လက်ဖြင့်ပုတ်ပြလိုက်ပြီး....

'ဓားရိုးနဲ့ ရိုက်တာပေါ့ဗျ'

ဟု ပြောလိုက်လေသည်။

ထိုလူ၏မျက်လုံးအစုံသည် လျှုစန်းဖုံး၏ခါးတွင် ချိတ်ထားသော ဓားရှည်ထံသို့ ရောက်ရှိသွားလေသည်။

သူသည် အံ့သြသောလေသံဖြင့်....

'ဩော်...မင်းလဲ ဓားသမားတစ်ယောက်ပဲကိုး'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်က သိုင်းဆရာ ချင်းဆီမှာ သိုင်းပညာ ငါးနှစ်သင်ခဲ့ပါတယ် ခင်ဗျာ'

'ဟား....ဟား....ဟား'

ထိုလူ ရယ်မောလိုက်သည်။

'သိုင်းဆရာချင်းရဲ့ တပည့်ကိုး၊ ဟဲ....ဟဲ....ဟဲ၊ သိုင်းဆရာချင်းရဲ့ သိုင်းပညာဟာမဆိုးပါဘူး၊ ဒါပေမယ့် သူ့ပညာက....'

လျှုစန်းဖုံးက ထိုလူအား နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်ပြီး....

'ဘာဖြစ်လို့လဲဗျ'

ထိုလူက ရယ်မောခြင်းမှ ရပ်တန့်လိုက်ပြီး....

'သူ့ပညာဟာ ကျုပ်တို့နဲ့စာရင် အတော် နုသေးတယ်ကွ'

လျှုစန်းဖုံးသည် အံ့သြသည့်အသွင်ဖြင့်....

'ဟုတ်ပါ့မလားဗျာ၊ ကျုပ်မယုံဘူး'

ထိုလူသည် ဝင့်ကြွားစွာဖြင့်....

'မယုံရင် မင်းဆရာကို ပြန်မေးလိုက်၊ လွန်ခဲ့တဲ့တစ်နှစ်က လူဟာ ခြင်္သေ့ညီနောင်သုံးဖော်နဲ့ ယှဉ်ပြိုင်ပြီး ရှုံးနိမ့်သွားတယ်ဆိုတာ ဟုတ်ရဲ့လားလို့ မေးလိုက်ပါ'

သူသည် ယင်းသို့ပြောပြီးသည်နှင့် ကျန်လူများဘက်သို့လှည့်လိုက်ပြီး....

'ကဲ....တို့သွားကြမယ်'

သူသည် မြင်းကိုစီး၍ရှေ့ဆုံးမှ ထွက်သွားလေတော့သည်။

ကျန်လူနှစ်ယောက်သည် သူ့၏နောက်မှ ထပ်ကြပ်မကွာ လိုက်သွားပြီး....



'ဆရာချင်းရဲ့ တပည့်ရေ၊ မင်းနောက်ထပ် ဆယ်နှစ်သင်လဲ အလကားပါပဲကွာ၊ တို့သွားတော့မယ်'

ဟု လှောင်ပြောင်သွားလေသည်။

လျှုစန်းဖုံးသည် ထိုလူများအားငေး၍ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

လျှုစန်းဖုံး၏အိမ်သည် ချူးပင်မြို့တွင် မရှိပါ။

သူသည် ချန်ကျုံးမြို့၏မြို့တော်ဝန်ဖြစ်သောကြောင့် သူ၏ ဂေဟာသည်လည်း ချန်ကျုံးမြို့တွင်သာ ရှိလေသည်။

သူသည် သိုင်းဆရာချင်းဟူသော သိုင်းဆရာသည် ခြင်္သေ့ညီနောင်သုံးဖော်အား ရှုံးနိမ့်ခဲ့ဖူးသည်ဟူသော သတင်းကို ကြားဖူးခဲ့သည်။

ထို့ကြောင့်....

သူသည် ထိုလူ သုံးယောက်အား တွေ့မြင်လိုက်သည်နှင့် ခြင်္သေ့ညီနောင်သုံးဖော်ဖြစ်ရမည်ဟု မှန်းဆပြီး လုပ်ကြံ ပြောဆိုလိုက်ခြင်းဖြစ်ပါသည်။

အကယ်၍သာ....

သူသည် ဤကဲ့သို့ လိမ်ညာပြောဆိုခြင်းမပြုပါက သူသည် ထိုညီအစ်ကိုသုံးယောက်အား ယှဉ်ပြိုင်နိုင်မည်မဟုတ်ဟု နားလည်ထားလေသည်။

ယခု....

သူသည် တိုတောင်းလှသော တဒင်္ဂ အချိန်လေးအတွင်းမှာပင် ကြောက်မက်ဖွယ်ရာကောင်းသော ရန်သူသုံးယောက်အား တွေ့ကြုံခဲ့ရပြီဖြစ်ပါသည်။

ဤသို့ဆိုလျှင်....

လျှို့ဝှက်မြေပုံအား လမ်းမှဖြတ်၍လုယူမည့်သူသည် နည်းလှမည်မဟုတ်ဟုလည်း သူမှန်းဆထားရပေတော့သည်။

ဤထိပ်တန်း လျှို့ဝှက်သတင်းတစ်ခုသည် မည်ကဲ့သို့ လွယ်လွယ်ကူကူနှင့် ပေါက်ကြားသွားရပါသနည်း၊

ထိုလျှို့ဝှက်ချက်အား သိထားသူမှာ သူအပါအဝင် သုံးယောက်မျှသာရှိသည်။



ယခု....

အလွန်လျှို့ဝှက်သော လျှို့ဝှက်ချက်သတင်းသည် တစ်စုံတစ်ယောက်၏ ပယောဂကြောင့် ပေါက်ကြားသွားပြီ ဖြစ်သည်။

မြို့တော်ဝန်စီးလောက်ရယ်သည် လျှို့ဝှက်မြေပုံနှင့်ပတ်သက်ပြီး သူ့အနီးတွင် အန္တရာယ်များဝိုင်းရံနေသည်ကိုမူ သတိမပြုမိပါလေစ။

လျူစန်းဖုံးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ယခု....

သူသည် မြို့တော်ဝန် စီးလောက်ရယ်နှင့် သူ၏ နောက်ဆုံးမျှော်လင့်ချက်ဖြစ်သော ကယ်ဘင်ရှင် ပေ့စွမ်းရှင်ထံသို့ အမြန်ဆုံး သွားရမည်ဖြစ်ပါသည်။

သူသည် ယင်းသို့တွေးမိလိုက်သည်နှင့် ခြင်္သေ့ညီနောင်သုံးယောက် ဖြတ်ကျော်ခဲ့သော စမ်းချောင်းလေးအား မြင်းဖြင့် ဖြတ်ကျော်လိုက်လေတော့သည်။

❖

## အခန်း (၃)

## ကယ်တင်ရှင်

ညနေဆည်းဆာ....

သာယာငြိမ်းညောင်းသော ဂျပ်စောင်းသံသည် သစ်လုံးအိမ်ကလေးအတွင်းမှ ထွက်ပေါ်လာရလေသည်။

အပြာရောင် ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် အိမ်တံခါးပေါက်အနီးတွင် ထိုင်၍ ဂျပ်စောင်းတီးနေလေသည်။

သီချင်းသည် အလွန်ကြေကွဲဝမ်းနည်းဖွယ် ကောင်းသော သီချင်းကြီးတစ်ပုဒ်ပင်ဖြစ်သည်။

တစ်ကိုယ်တည်း နေထိုင်ခြင်းမှာ ပျင်းရိဖွယ်ရာ ကောင်းသည်ဖြစ်သော်လည်း ပေ့ရှမ်းရင်အဖို့ ရိုးနေပြီ ဖြစ်ပါသည်။

သူသည် ပျင်းရိခြင်းကို ဗျပ်ခေါင်းတီး၍ ဖြေဖျောက်တတ်သည်။

သူသည် ဗျပ်စောင်းအား သီချင်းကြီးတစ်ပုဒ်ပြီးသည်အထိ တီးလိုက်ပြီး ရပ်နားလိုက်ပြီး အိမ်ခန်းထဲသို့ ဝင်ရန်အထတွင် အိမ်ရှေ့တွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် မျက်မှောင်ကုတ်သွားလေသည်။

အကြောင်းမှာ....

သူ၏အိမ်ရှေ့တွင် ရပ်၍ သူ့အား ပြုံးပြနေသော အဖြူရောင် ဝတ်ဆင်ထားသော လူရွယ်အား သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၍ ဖြစ်သည်။

ပေ့စွမ်းရင်သည် ထိုလူရွယ်အား စေ့စေ့ကြည့်လိုက်ပြီး....

'မင်းဘယ်သူလဲ၊ ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

ဟု မေးလိုက်လေသည်။

သို့သော်....

ထိုလူရွယ်သည် ဘာမျှ ပြန်မပြောပါချေ။

သူသည် တဟားဟား ရယ်မောရင်း ပေ့စွမ်းရင်၏ အိမ်လေးပေါ်သို့ တက်လာလေသည်။



ထိုအဖြူရောင် ဝတ်ဆင်ထားသော လူရွယ်၏ အပြုအမူကြောင့် ပေ့စွမ်းရင်သည် ပို၍ မျက်မှောင်ကြုတ်သွားသည်။

'မင်း၊ ဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား'

ဟုလည်း ခပ်ဆတ်ဆတ်မေးလိုက်သည်။

အဖြူရောင်ဝတ်ဆင်ထားသူသည် ရယ်မောနေရာမှ....

'ဟား....ဟား...ဟား၊ စွမ်းရင်ရာ မင်းက ကျုပ်ကိုတောင် မမှတ်မိတော့ဘူးပေါ့လေ၊ ကိုယ့်ကိုယ်ကို ရုပ်ဖျက်ပညာ တော်မှန်း မင်းဆီရောက်မှ သိတော့တယ်ကွာ'

အဖြူရောင် ဝတ်ဆင်ထားသောလူ၏ စကားကြောင့် ပေ့စွမ်းရင်သည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ပေ့စွမ်းရင်သည် သူ့အား တရင်းတနှီး ပြောဆိုနေသော အဖြူရောင် ဝတ်ဆင်ထားသော လူရွယ်ကို အကဲခတ်ကြည့်လိုက်ပြီး....

'မင်း ဘယ်သူလဲ'

ဟု ထပ်မံ မေးမြန်းလိုက်ပြန်သည်။

အဖြူရောင် ဝတ်ဆင်ထားသောလူက သူ့ကိုပြန်ကြည့်လိုက်ပြီး....

'ကျုပ်…ချန်ကျုံးမြို့တော်ဝန် လျှစန်းဖုံးလေ၊ မင်းမှမှတ်မိတော့ဘူးလား'

အမြူရောင် ဝတ်ဆင်ထားသော လူရွယ်၏ စကားကိုကြားလိုက်ရသောအခါ ပေ့စွမ်းရှင်၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားလေသည်။

'ဟာ…လျှစန်းဖုံး၊ မင်းတယ်လဲကွာ၊ ငါ့အိမ်ပေါ်လာတာကို ဘာဖြစ်လို့ ရုပ်ဖျက်လာရတာလဲ၊ ဘာလဲ ငါ့ကို မယုံလို့ မေးမလို့လားကွ'

ဟု ပြောပြီး လျှစန်းဖုံးအား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေလိုက်သည်။

လျှစန်းဖုံးသည် မပြုံးချင်ပြုံးချင် ပြုံးလိုက်ပြီး….

'အေး….စွမ်းရှင်၊ မင်းနဲ့တွေ့ချင်လို့ ငါလာခဲ့တာပဲကွ'

ပေ့စွမ်းရှင်သည် လျှစန်းဖုံးအား ကြည့်၍ သက်ပြင်းတစ်ချက်ချကာ….

'မင်းနဲ့ ထန်ကြူးမြို့တော်ဝန်ရဲ့သမီး စီးဖုံးမေတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကို ငါမရောက်ဖြစ်တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါကွာ'

လျှစန်းဖုံးသည် ပေ့စွမ်းရှင်၏ပခုံးအား တစ်ချက်ပုတ်လိုက်ပြီး….



'မင်း ဒီလိုပွဲမျိုးကို ဘယ်တော့မှမတက်ဘူးဆိုတာ ငါသိပါတယ်ကွာ၊ နောက်ပြီး ငါဟာ အာဏာကြီးပဲ ဖြစ်နေနေ၊ မင်းနဲ့ငါနဲ့က ငယ်သူငယ်ချင်းတွေပဲ၊ ကောင်းပုန်စရာ မလိုပါဘူးကွာ'

ပေ့စွမ်းရှင်သည် ပြုံးလိုက်ပြီး….

'ဒါဆိုရင်လဲ ပြီးရော၊ ဪ….ဒါနဲ့ မင်းရဲ့ဇနီးတော့ ပါမလာဘူးလားကွ'

ပေ့စွမ်းရှင်၏ စကားကြောင့် လျှစန်းဖုံး၏မျက်နှာ ညှိုးနွမ်းသွားလေသည်။

သူသည် ကြေကွဲဆို့နင့်သော လေသံဖြင့်….

'အဲဒီကိစ္စကို ပြောဖို့ ငါ မင်းဆီကို ဟိုးအဝေးကြီးကနေ ခရီးပြင်း နှင်လာခဲ့ရတာကွ'

ပေ့စွမ်းရှင်သည် မျက်မှောင်ကြုတ်ကာ….

'ဘာကိစ္စလဲ'

လျှစန်းဖုံးသည် သွေးပျက်နေသည့်အလား….

'ငါ့ကို ကယ်ပါဦး စွမ်းရှင်၊ စီးဖုံးမေကို သူတို့ဖမ်းသွားပြီကွ'

ပေ့စွမ်းရင်သည် အံ့သြဘကြီးဖြင့်....

'ဟင်....သူတို့ဆိုတာ ဘယ်သူလဲ'

ဟု ပြန်မေးလိုက်သည်။

သို့သော်....

လျှူစန်းဖုံးထံမှ မည်သည့် စကားသံမျှ ပြန်ထွက်မလာပါချေ။

သူ၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော်ဖြစ်ကာ တစ်စုံတစ်ယောက်အတွက် အလွန်စိုးရိမ်နေပုံရသည်။

သူသည် လျှူစန်းဖုံးနှင့် ငယ်သူငယ်ချင်းဖြစ်သဖြင့် လျှူစန်းဖုံး၏ အစဉ်အမြဲတည်ငြိမ်နေသော ရုပ်သွင်ကိုသာ တွေ့မြင်ခဲ့ရသည်၊

သူ၏တစ်သက်သာတွင် လျှူစန်းဖုံး၏ သွေးပျက်နေသည့် အမူအရာကို တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ခဲ့ဖူးပါ။

ယခုတွေ့မြင်ရသည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်။

သူသည် ထန်ကြူးမြို့တော်ဝန် စီးလောက်ရယ်၏သမီး စီးဖုံးမေအား တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးပါချေ၊

မည်သည့်အရေးကိစ္စ ပေါ်ပေါက်ပါစေ အစဉ်အမြဲ တည်ငြိမ်နေတတ်သော လျှူစန်းဖုံးသည် စီးဖုံးမေအတွက် ဤမျှ သွေးပျက်မတတ် မစိုးရိမ်သင့်ဟု သူထင်မိသည်။



ပေ့စွမ်းရင်သည် တွေးရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

'လျှူ....မင်း ဒီလောက် စိတ်မလှုပ်ရှားသင့်ဘူးလို့ ငါထင်တယ်၊ အဖြစ်အပျက်ကို သေသေချာချာချာ ပြောပြမှပေါ့ကွ....'

လျှူစန်းဖုံးသည် လှုပ်ရှားနေသော စိတ်အစဉ်ကို တည်ငြိမ်အောင် စုစည်းလိုက်၏။

ထို့နောက်....

'ကျုပ်က မင်းဆီက အကူအညီတောင်းမလို့ကွ'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ဘယ်လိုအကူအညီမျိုးလဲ ပြောပါ၊ မင်းနဲ့ငါက ငယ်သူငယ်ချင်းတွေပဲ၊ မင်းရဲ့အခက်အခဲဟာ ငါ့ရဲ့အခက်အခဲပဲပေါ့၊ ငါကူညီပါ့မယ်ကွာ'

လျှူစွန်းဖုံးသည် ပေ့စွမ်းရင်အား ကျေးဇူးတင်သောမျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး....

'ကျေးဇူးတင်ပါတယ် သူငယ်ချင်း၊ မင်း တန်ကြူးမြို့တော်ဝန် စီးလောက်ရယ်ကို သိသလား'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်၏။

‘သိတော့သိပါတယ်ကွာ၊ ဒါပေမယ့် သိပ်တော့မရှင်းဘူး၊ အဲဒါ စီးဖုံးမေရဲ့အဖေ မဟုတ်လား’

လျူစန်းဖုံးက စကားဆက်လိုက်သည်။

‘အေး…ဟုတ်တယ်ကွ’

သူသည် ယင်းသို့ပြောပြီး သူနှင့်စီးဖုံးမေတို့၏ လက်ထပ်မင်္ဂလာပွဲသဘင် ကျင်းပသည့်နေ့မှ အဖြစ်အပျက် အားလုံးကို ပေ့စွမ်းရင်အား ပြောပြလိုက်လေတော့၏။

ပေ့စွမ်းရင်သည် လျူစန်းဖုံး ပြောပြသော အကြောင်းအရာများကို စိတ်ဝင်စားစွာ နားထောင်ပြီး….

‘အင်း….ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်အထင် မလွဲဘူးဆိုရင်တော့ အတွင်းသစ္စာဖောက် တစ်ယောက်ယောက်က လူလျှိုလုပ်ပြီး တိဗက်နယ်ခြားက လူတွေနဲ့ပေါင်းပြီး ကြံတာဖြစ်ရမယ်’



သစ်လုံးအိမ်လေးထဲတွင် မှောင်အတိ ကျလာပြီဖြစ်၏။

ပေ့စွမ်းရင်သည် စားပွဲပေါ်မှမီးအိမ်ကို မီးထွန်းညှိလိုက်သည်။

ထို့နောက် အဆင့်ချက်ပြုတ်ထားသော ဟင်းလျာများဖြင့် လျူစန်းဖုံးအား ဧည့်ခံကျွေးမွေးလိုက်လေသည်။

သူတို့သည် ညစာစားသောက်ပြီးနောက်….

‘လျှို့ဝှက်မြေပုံက အခု ဘယ်သူ့ဆီမှာလဲ’

ပေ့စွမ်းရင်က စတင်မေးလိုက်ခြင်း ဖြစ်သည်။

လျူစန်းဖုံးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး….

‘ကျုပ်ဆီမှာပါ၊ ဦးလေးစီးက ကျုပ်ကိုပေးလိုက်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် ရန်သူက သူ့ဆီမှာရှိတယ်ထင်ပြီး လာ အောင်လို့ပါ၊ အဲဒီတော့ ကျုပ်က မင်းကိုလာခေါ်တဲ့ခရီးမှာ အနှောင့်အယှက်ကင်းအောင်ပေါ့’

ပေ့စွမ်းရင်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့်….

‘စီးဖုံးမေနဲ့ မြေပုံကို ဘယ်နေရာမှာလဲရမှာလဲ’

လျူစန်းဖုံးက စကားဆက်လိုက်သည်။

'တိဗက် နယ်ခြားဒေသမှာရှိတဲ့ တိန်းတောင်ထိပ်ပေါ် ရွှေစွန်ရဲတိုက်မှာပါ'

ပေ့စွမ်းရင်သည် သူ့အားလှမ်းကြည့်လိုက်ပြီး....

'ဒီလိုဆို မင်းတို့ တိဗက်နယ်ခြားအထိ သွားရမှာပေါ့'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်'

ပေ့စွမ်းရင်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်....

'အထဲမှာ ဘယ်သူ့နာမည်ကို ဖော်ပြထားသလဲ'

လျှုစန်းဖုံးသည် ဘက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ရွှေစွန်မင်း ကျန်ဝူးရန်လို့ ရေးထားတယ်'

ပေ့စွမ်းရင်သည် လျှုစန်းဖုံးဘက်သို့လှည့်၍....

'အခု မြို့တော်ဝန်စီးလောက်ရယ် သူ့ရဲ့ဂေဟာမှာပဲလား'

လျှုစန်းဖုံးက ခေါင်းခါယမ်းလိုက်သည်၊

'မဟုတ်ဘူး၊ လင်ခြူးမြို့က ရွှေဗီမာန် တည်းခိုခန်းမှာ'

ပေ့စွမ်းရင်သည် မျက်မှောင်ကုတ်လိုက်ပြီး....



'သူ့တစ်ယောက်တည်းအဲဒီမှာထားခဲ့တာမင်းစိတ်ချရဲ့လား'

လျှုစန်းဖုံးက မချိုပြုံးပြုံးလိုက်ပြီး....

'ကိစ္စမရှိပါဘူး၊ သူလဲ့ ကျုပ်လိုပဲ ရုပ်ဖျက်ထားပါတယ်၊ နောက်ပြီး သူ့ကို သေလောက်အောင် ကြံစည်ဝံ့မယ် မထင်ဘူး'

ပေ့စွမ်းရင်သည် လျှုစန်းဖုံးအား ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'လျှို့ဝှက်မြေပုံကော'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်ပြီး....

'ရှိပါတယ်'

သူသည် ယင်းသို့ပြောရင်း သူ၏ဝတ်ဆင်ထားသော အင်္ကျီကြယ်သီးအား ဖြုတ်လိုက်သည်၊

ထို့နောက်....

အဖြူရောင်အင်္ကျီအား ချွတ်လိုက်သောအခါ သူ၏ ချိုင်းအောက်တွင် အနီရောင်ကတ္တီပါ ရှုံ့အိတ်ငယ်လေး တစ်လုံးကို လွယ်ထားသည်ကို တွေ့လိုက်ရလေသည်၊

ထိုသို့ အပေါ်အင်္ကျီအား ချွတ်မပြလျှင် မည်သူမျှ ထို
ရောင် ၏ အိတ်ကလေးအား တွေ့မြင်နိုင်မည် မဟုတ်ပါ။

လျှူစန်းဖုံးသည် အနီရောင် ၏ အိတ်ကလေးအားယူ
စားပွဲပေါ်သို့တင်လိုက်ရင်း....

'ဒီလိုပါစွမ်းရင်....မြို့တော်ဝန် စီးလောက်ရယ်မှာလဲ ဒီ
အနီရောင်၏ အိတ်ကလေးတစ်လုံး ရှိပါတယ်၊ ဒါပေမယ့် သူ
၏ အိတ်ထဲမှာရှိတဲ့မြေပုံက အတုပါ'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'မြို့တော်ဝန်ရဲ့ အကြံအစည်လဲ မဆိုးဘူးဗျ၊ ကဲ....ဒီ၏ အိ
ကို ပြန်သိမ်းလိုက်ပါဗျာ၊ တည်းခိုခန်းကျမှ ကြည့်ကြတာပေ

လျှူစန်းဖုံးသည် ၏ အိတ်ကလေးအား ပြန်သိမ်းဆည်
လိုက်ပြီးစဉ်မှာပင် ရုတ်တရက်....

သူသည် အပြင်ဘက်သို့ လှည့်လိုက်ပြီး....



'ဟေ့....ဘယ်သူလဲကွ'

ဟု လှမ်းမေးလိုက်လေသည်။

ထိုအခါ လူတစ်ယောက်သည် လှေကားပေါက်မှ ပေါ်
ထွက်လာသည်။

လျှူစန်းဖုံးသည် ထိုလူအား တွေ့လိုက်ရသောအခါ....

'ဟင်....ခြသေ့်ညီနောင် စုကွမ်းပါလား'

ဟု လွှတ်ခနဲ အသံထွက်သွား၏။

စုကွမ်းသည် အားရပါးရ ရယ်မောကာ ခြေလှမ်းကျဲကျဲဖြင့်
လျှူစန်းဖုံးထံသို့ လျှောက်လာလေသည်။

'ဟဲ....ဟဲ....မြို့တော်ဝန်လေး၊ကျုပ်တို့ကို လိမ်ညာဖို့ကြိုးစား
နေတယ်ပေါ့လေ'

လျှူစန်းဖုံးကလည်း ပြုံးလိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်က ခင်ဗျားတို့ညီအစ်ကို သုံးယောက်
ကိုမှမနိုင်ဘဲ ဒီလိုပဲ လိမ်ပြောရတော့မှာပေါ့'

စုကွမ်းက ခေါင်းခါယမ်းလိုက်သည်။

'မြို့တော်ဝန်လေး....ဒီလိုလိမ်ညာလို့ ဘာများ အကျိုးရှိမှာ မို့လဲဗျာ၊ နောက်ထပ် တစ်ရက်လောက် ပို့ပြီး အသက်ရှည်ရုံပဲ ရှိပါတယ်ခင်ဗျာ'

လျှူစန်းဖုံးက အံ့သြဟန်ဖြင့်....

'ဘာ....အသက်တစ်ရက် ပိုရှည်မယ် ဟုတ်လား'

စုကွမ်းက ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်ခင်ဗျာ၊ မြို့တော်ဝန်လေးက ကျွန်တော်တို့ကို လိမ်ဆိုက်တဲ့အတွက် အခု မြို့တော်ဝန်လေးလုပ်ရမှာက လျှို့ဝှက် မြေပုံကို ကျွန်တော့်လက် အပ်လိုက်ပါ၊ အဲဒီလိုဆိုရင် ကျွန်တော် ကလဲ သနားစိတ်ဝင်လာပြီ၊ မင်းကို အသက်ချမ်းသာပေးချင် ပေးလိုက်နိုင်သေးတယ်ခင်ဗျာ၊ နို့မဟုတ်ရင်....'

လျှူစန်းဖုံးက ဒေါသတကြီးဖြင့်....

'ဟေ.... မင်း ကျုပ် ဘယ်သူလဲဆိုတာ သိလျက်သားနဲ့ အခုလို ရိုင်းရိုင်းစိုင်းစိုင်း ပြောနေရသေးသလားကွ'

စုကွမ်းက မထိတရိ ပြုံးလိုက်သည်၊

'မြို့တော်ဝန်လေးကို ကျွန်တော်က ဂရုစိုက်ရမှာလား'

လျှူစန်းဖုံးသည် ဒေါသခြောင်းခြောင်း ထွက်သွားသည်၊



စုကွမ်းက ရယ်မောလိုက်သည်၊

'ဟား....ဟား....ဟား၊ မြို့တော်ဝန်လေးကသာ အစွမ်းရှိရင် အခုလို ကျွန်တော်တို့ကို လိမ်ပြောမှာမှမဟုတ်ဘဲ'

လျှူစန်းဖုံးသည် မဲ့ပြုံးပြုံးလိုက်ပြီး....

'ဒီမှာ.... မင်း မြဲမြဲမှတ်ထားဖို့က လူဆိုတာ အခြေအနေ ကြည့်ပြီး မီးစင်ကြည့်ကရတယ်ကွ'

စုကွမ်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'မယာကျားပဲ....သတ္တိရှိရင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရမှာပေါ့'

လျှူစန်းဖုံးက မဲ့ပြုံးပြုံးလိုက်သည်၊

'ထားပါတော့လေ.... မင်းတို့ညီအစ်ကို နှစ်ယောက်ကော ဘယ်မှာလဲ'

စုကွမ်းက မဲ့ပြုံးပြုံးလိုက်သည်၊

'သူတို့ အခုလောက်ဆိုရင် ရွှေပိမာန်တည်းခိုခန်းကို ရောက် နေလောက်ရောပေါ့'

သူ၏စကားကြောင့် လျှူစန်းဖုံး၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ခါသွားလေသည်၊

သို့သော်....

သူသည် ချက်ချင်းပင် တွေဝေ့နေဆည်လိုက်ပြီး....

'မင်၊ ကျုပ်ကို နောက်ယောင်ခံလိုက်နေတာ ကြာပြီထင်တယ်'

စုကွမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် မြို့တော်ဝန်လေး၊ အင်ကိုကြီးက မြို့တော်ဝန်လေးကို စမ်းချောင်းလေးအေးမှာ တွေ့ကတည်းက မသင်္ကာတာနဲ့ ကျွန်တော် ကိုမြို့တော်ဝန်လေးနောက်ကို နောက်ယောင်ခံဖို့ လွှတ်လိုက်တာပါ၊ အခုတော့ ဟန်ကျသွားလိုက်တာဗျာ'

သူသည် ယင်းသို့ပြောရင်း စားပွဲပေါ်မှ ရှုံ့အိတ်လေးအား ကြည့်လိုက်ပြီး....

'လက်စသတ်တော့ ဒီလျှို့ဝှက်မြေပုံက မြို့တော်ဝန်လေးဆီမှာကိုး'

လျှုစန်းဖုံးသည် မဲ့ပြုံးပြုံးလိုက်သည်။

'မင်းတစ်ယောက်တည်းနဲ့ အခုလို လျှို့ဝှက်မြေပုံကို လာလုဖို့ ကြိုးစားတယ်ဆိုတာ စိတ်ကူး သိပ်ယဉ်လွန်းဘူးလား'

စုကွမ်းက လျှုစန်းဖုံးအား တစ်ချက်ကြည့်လိုက်ပြီး....



'မြို့တော်ဝန်လေးကို ကြည့်ရတာ အတော်လေး ဂုဏ်မြင့်ရနေပါကလား'

သူ၏ မျက်လုံးအစုံသည် ပေ့စွမ်းရင်ဘက်သို့ ရောက်သွားသည်။

'ဪ...မြို့တော်ဝန်လေးမှာ ဂီတကို မြတ်နိုးတဲ့ မိတ်ဆွေတစ်ယောက် ရှိနေလို့ပေါ့ ဟုတ်လား'

လျှုစန်းဖုံးက ပြုံးလိုက်သည်။

'ကျုပ်မိတ်ဆွေက ဂီတကို မြတ်နိုးရုံတင်မကဘူးဗျ'

စုကွမ်းသည် ယခုမှ ပေ့စွမ်းရင်၏ခါးတွင် ဓားတစ်လက် ချိတ်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဪ...သူက ဓားလဲ အသုံးပြုတတ်သေးတာကိုး'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဒါကြောင့် မင်းဒီနေရာက အမြန်ဆုံးထွက်သွားရင် အသက်ရှင်နိုင်မယ်၊ ဒါမှမဟုတ်ရင် ကျုပ်မိတ်ဆွေရဲ့ သွေးသောက်ဓားက မင်းကို မြင်နေရလို့ သွေးသိပ်ဆာနေတယ်'

သူ၏စကားကြောင့် စုကွမ်း၏ မျက်နှာသည် ကွက်ခနဲပျက်သွားလေသည်။

သို့သော်....

သူသည် ဂူ ဒြန္ဒြဆည်၍ရယ်မောလိုက်သည်။

'ဟား....ဟား.... ဟား.... ထွက်သွားရမှာက ကျွန်တော်မဟုတ်ဘူး၊ မြို့တော်ဝန်လေးတို့ပါ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီလျှို့ဝှက်မြေပုံကိုတော့ ထားခဲ့ရမယ်'

လျှုစန်းဖုံးသည် အနီရောင်ရှို့ အိတ်လေးအား ချထားခြင်း မရှိသည့်အပြင် ထိုရှို့အိတ်လေးအား ပြန်လည်သိုင်းလွယ်လိုက်ပြီး အပေါ်အင်္ကျီကို ပြန်လည်ဝတ်ဆင်လိုက်လေသည်။

စုဘွမ်းသည် မဲပြုံးပြုံးလိုက်သည်။

'အင်း....ကျွန်တော်က လက်နက်မသုံးလို့ မပြီးဘူးနဲ့တူတယ်ဗျ....'

သူသည် ယင်းသို့ပြောပြီး ကျောမှပိုးထားသောအိတ်အား ဆွဲယူလိုက်လေသည်။

'ထို့နောက်....

အိတ်ထဲမှ သံတူတစ်လက်နှင့် သံတုတ်တစ်ချောင်း ယူလိုက်လေသည်။

ယင်းနောက်သူသည် သံတုတ်ဖြင့် သံတူ၏လက်ကိုင်သို့ ထိုး၍ လှည့်လိုက်သည်။



'ကရှစ်'

ဟူသော အသံတင်ချက် ထွက်ပေါ်လာပြီး နှစ်ပေခန့်ရှည်သော သံတူသည် ငါးပေခန့်ရှည်သွားလေသည်။

✿

မြို့တော်ဝန်လေး လျှုစန်းဖုံးသည် ဓားကိုဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။

ပေ့စွမ်းရင်သည် လျှုစန်းဖုံးအား ဟန့်တားလိုက်၏။

'ငါတို့က အမြန်ဆုံး ရွှေပိမာန်တည်းခိုခန်းကို အရောက်သွားရလိမ့်မယ်မဟုတ်လား'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ပေ့စွမ်းရင်က တည်ကြည်လေးနက်သောလေသံဖြင့်....

'ဒါကြောင့် အခုတိုက်ပွဲဟာ အချိန်ဆွဲနေလို့မရဘူးကွ'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်ပြန်သည်၊

'ဟုတ်သားပဲ ပေ့စွမ်း'

ပေ့စွမ်းရင်သည် လျှုစန်းဖုံး၏ လက်ကိုဆွဲ၍ နောက်ဆုတ်ခိုင်းလိုက်သည်၊

'ဒါဆိုရင် မင်း နောက်ဆုတ်လိုက်'

ပေ့စွမ်းရင်သည် ဤသို့ပြောပြီး ရှေ့သို့တစ်လှမ်းတိုးလိုက်သည်၊

လျှုစန်းဖုံးသည် နောက်သို့ဆုတ်သွားလေသည်၊

စုကွမ်းသည် အားရပါးရရယ်မောလိုက်သည်၊

'ဟား...ဟား...ဟား...မင်းလို ဂီတသမားတစ်ယောက်က များ ကျုပ်ကိုလာယှဉ်မယ်ဆိုတော့ မင်းလူ့ဘဝကို အတော်ငြီးငွေ့နေပြီနဲ့တူတယ်'

ပေ့စွမ်းရင်က ပြုံးလိုက်သည်၊

'ခြင်္သေ့ညီနောင်အကြောင်းကို ကျုပ် ကြားဖူးပါတယ်ဗျာ၊ လူတစ်ယောက်ရဲ့အသက်ကို ကြက်ကလေး ငှက်ကလေး သတ်သလို တန်ဖိုးမထားဘဲ သတ်ပစ်နေတယ်လို့ သတင်းကြီးနေတယ်'



စုကွမ်းက ဝင့်ကြွားဟန်ဖြင့်....

'ဘာလဲ...မင်းက ကြောက်နေပြီလား'

ပေ့စွမ်းရင်သည် အဖြေမပေးပါ၊

သူသည် စုကွမ်းအား ဆက်၍သာ မေးလိုက်သည်၊

'မင်း လူဘယ်နှစ်ယောက်သတ်ခဲ့ဖူးလဲ'

စုကွမ်းက ဟန်ပါပါ ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ကျုပ်က လူသတ်တယ်ဆိုတာကို မှတ်မထားပါဘူးဗျာ အခုဆိုရင်တော့ ခေတ္တက်လို့တောင် ရမယ်မထင်တော့ဘူး'

ပေ့စွမ်းရင်သည် ပြုံးလိုက်ပြီး....

'မဆိုးဘူး'

စုကွမ်းသည် မျက်မှောင်ကုတ်လိုက်ပြီး....

'ဘယ်လိုမဆိုးတာလဲဗျ'

ပေ့စွမ်းရင်က မဲ့ပြုံးပြုံးလိုက်သည်၊

'မင်းလို လူ့အသက်တွေကို မညှာမတာ သတ်တဲ့လူမျိုးကို ကျုပ်ကသတ်ရရင် မဆိုးဘူးလို့ပြောတာပါ'

စုကန္တမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

'ဟော့....မင်းလိုဂီတပညာရှင်တစ်ယောက်က သတ္တိမနည်း ပါလားကွ'

ခိုင်းလိုက်ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်ပြီး....

'ဒါဆုတ်ကဲ့....ကျုပ်က ဘယ်တော့မှ သတ္တိနည်းတဲ့လူ မဟုတ်

ပေ့ရ

သည်။ စုကန္တမ်းက လက်ကာပြလိုက်ပြီး....

'နေပါဦး....မင်းက ဒီလောက်စွာနေရအောင် မင်းနာမည်က ဘယ်လိုလဲ'

ပေ့စွမ်းရင်သည် အေးတိအေးစက်လေသံဖြင့်....

'ပေ့....စွမ်း....ရင်'

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

စုကန္တမ်းသည် အံ့သြသွားသည်။

'ဗျာ....ပေ့စွမ်းရင် ဟုတ်လား၊ ဒါဆိုရင် ခင်ဗျားက ဆွေ ယောက်ခမ ပေ့စွမ်းရင်ပေါ့'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်'

စုကန္တမ်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သူသည် ပေ့စွမ်းရင်အား အကဲခတ်ကြည့်လိုက်ပြီးနောက် အားရပါးရ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ မင်း ကျုပ်ကို ဖြီးမနေစမ်းပါနဲ့ကွာ၊ ဆွေးယောက်ခမ ပေ့စွမ်းရင်ဆိုတာ နာမည်ကြီး ထိပ်တန်း ဓားသမားတစ်ယောက်ပဲ၊ မင်းလို ပိန်ပိန်ပါးပါးနဲ့ ဂီတပညာ ရှင်တစ်ယောက်ဟာ ထိပ်တန်းသိုင်းသမား ပေ့စွမ်းရင် မဖြစ် နိုင်ဘူးကွ'

ပေ့စွမ်းရင်သည် မဲ့ပြုံးပြုံးလိုက်သည်။

သူ၏အမူအရာကြောင့် စုကန္တမ်းသည် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

'မင်း မသေချင်ရင် ဘေးဖယ်စမ်း'

သို့သော်....

ပေ့စွမ်းရင်သည် မလှုပ်မယှက်ပင် ရပ်နေသည်။

စုကန္တမ်းသည် စကားမပြောတော့ပါ။

သူ၏လက်နှစ်ဖက်သည် တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ပေ့စွမ်း ရင်အား တိုက်ခိုက်လိုက်လေသည်။

စုက္ခမ်းသည် ဘဝတစ်လျှောက်လုံးတွင် လူပေါင်းများစွာ သတ်ခဲ့သော လူတစ်ယောက်ဖြစ်သည်။

သူသည် လူတစ်ယောက်၏အသက်ကို တန်ဖိုးထားတတ်သူ တစ်ယောက်မဟုတ်ပါ။

ထို့ကြောင့်....

သူသည် ပေ့စွမ်းရင်အား သတ်ပစ်ရန် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

သူ၏လက်နက်သည် အရှိန်ပြင်းစွာဖြင့် ပေ့စွမ်းရင်၏ ဦးခေါင်းအား ရိုက်ချလိုက်လေသည်။

ပေ့စွမ်းရင်သည် ခုခံခြင်းပင် မပြုပါ။

သူသည် နောက်သို့သာ လျင်မြန်စွာဆုတ်လိုက်ပြီး နောက်ဘက်မှ အိမ်လေး၏ လသာဆောင်ရှိ တန်းပေါ်သို့ ခုန်တက်လိုက်လေ၏။



စုက္ခမ်း၏လက်နက်သည် သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်၍ တိုက်ခိုက်နေ၏။

သို့သော်....

ပေ့စွမ်းရင်၏ နောက်စေ့သည် မျက်လုံးများ ပါနေသည့်အလား စုက္ခမ်း၏ တိုက်ခိုက်မှုကို အလွယ်တကူပင် ရှောင်တိမ်းလိုက်လေသည်။

စုက္ခမ်း၏ သံတုတ်သည် ပေ့စွမ်းရင်အား မရိုက်မိဘဲ လက်တန်းအား ရိုက်ချလိုက်လေသည်။

'ဝုန်း'

လက်တန်းတစ်ခုလုံး ကြေမွသွားလေသည်။

ပေ့စွမ်းရင်၏ ခန္ဓာကိုယ်သည် ပျံလွှား ငှက်ကောင်ပမာ လေထဲသို့ ခုန်တက်သွား၏။

သူ၏ခန္ဓာကိုယ်သည် လေထဲသို့ ရောက်သွားသည်နှင့် ခါးမှ ဓားကို ဆွဲထုတ်လိုက်ပြီး တအားခုတ်ချလိုက်လေ၏။

စုက္ခမ်းသည် ခေသူတစ်ယောက်မဟုတ်ပါ။

သူသည် ပေ့စွမ်းရင်၏ဓားအား မိမိ၏သံတုတ်ဖြင့် ခံပေးလိုက်၏။

'ခြိမ်း'

ဓားသည် မီးများပင် ပွင့်ထွက်သွားလေသည်။

ပေ့စွမ်းရင်သည် သံတုတ်၏အရှိန်ကြောင့် သူ၏ ခန္ဓာကိုယ်သည် အဝေးသို့ လွင့်သွားလေ၏။

စုကွမ်းသည် ရရှိလာသော အခွင့်အရေးအား လက်လွှတ်မခံပါချေ။

သူသည် ကန့်လန့်ဖြတ်ဖြင့် ပေ့စွမ်းရင်၏ ခန္ဓာကိုယ်အား ရိုက်ချလိုက်လေ၏။

သို့သော်...

ပေ့စွမ်းရင်သည် အချိန်မီ ရှောင်တိမ်းနိုင်ခဲ့သောကြောင့် စုကွမ်း၏ သံတုတ်သည် လေထဲသို့ ရိုက်မိသွားလေ၏။

စုကွမ်းသည် နောက်ပြန်လှည့်ကြည့်လိုက်၏။

ပေ့စွမ်းရင်သည် သူ့နောက်၌ ဝါးတစ်ရိုက်ခန့် အကွာ၌ ရောက်နေသည်ကို တွေ့လိုက်ရလေ၏။

စုကွမ်းသည် ပေ့စွမ်းရင်အား မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

'မင်း ဘာကယ်ပဲ့ ပေ့စွမ်းရင် အစစ်လား'



ပေ့စွမ်းရင်က ပြုံးလိုက်သည်။

'ကျုပ်က အမှန်ပြောနေတာပဲ၊ ခင်ဗျားက မယုံရင်လဲ ဘယ်တတ်နိုင်ပါ့မလဲဗျာ'

သူသည် ဤသို့ပြောပြီးသည်နှင့် သူ၏ခန္ဓာကိုယ်သည် လျှပ်တစ်ပြက် စုကွမ်းထံသို့ ပြေးဝင်လာလေ၏။

သူ့လက်ထဲမှဓားသည်လည်း တစ်ပြိုင်နက် ထိုးသွင်းလာ၏။

'ဘယ်ရမလဲ'

စုကွမ်းသည် အတွေ့အကြုံရင့်ကျက်သော သိုင်းသမားတစ်ယောက် ဖြစ်သဖြင့် ယင်းသို့ပြောရင်း သံတုတ်ဖြင့် ပေ့စွမ်းရင်၏ ဓားကို ရိုက်ထုတ်လိုက်လေ၏။

ပေ့စွမ်းရင်သည် သူ့အနားမှ ပွတ်၍ ရှောင်ထိမ်းသွားသည်။

စုကွမ်းသည် သံတုတ်ဖြင့် နောက်မှနေ လိုက်၍ တိုက်ခိုက်နေသည်။

ပေ့စွမ်းရင်သည် သံတုတ်ရိုက်ချက် ဆယ်ချက်ခန့်ကို ရှောင်တိမ်းလိုက်ရလေ၏။

❁

စုကွမ်းသည် အနည်းငယ် အံ့အားသင့်သွားလေ၏။

သူသည် ပေ့စွမ်းရင်အပေါ် စိုးကြောက်သော စိတ်များလည်း ဖြစ်ပေါ်လာလေ၏။

သူသည် ဆယ့်တစ်ကြိမ်မြောက် တိုက်ခိုက်လိုက်ပြန်၏။

သို့သော်....

သူသည် အနည်းငယ် နှေးကွေးသွားသဖြင့် ပေ့စွမ်းရင်သည် သူ့ရှေ့သို့ပင် ရောက်ရှိလာလေသည်။

'ယား'

စုကွမ်းသည် ယင်းသို့ စူးရှစွာ ငြာသံပေးလိုက်ပြီး သံတူနှင့် သံတုတ်များသည်ရဟတ်ပမာ လှည့်ကာပတ်ကာပေ့စွမ်းရင်အား တိုက်ခိုက်လိုက်လေ၏။

ပေ့စွမ်းရင်၏ ခန္ဓာကိုယ်သည် လေထဲ၌ ယိမ်းထိုးနေသည့် သစ်ကိုင်းများပမာ ဝဲယာယိမ်းနွဲ့ကာ စုကွမ်း၏ ပြင်းထန်သော တိုက်ကွက်များကို ရှောင်တိမ်းလိုက်လေ၏။

တစ်ဆက်တည်းမှာပင်....

သူသည် စုကွမ်း၏နောက်သို့ ရောက်ရှိသွာသည်ကို တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်စိုးရိမ်သွားသည်။



သူသည် လူနှင့် သံတုတ်ပါလှည့်လိုက်ပြီးလျှင် ပေ့စွမ်းရင်အား တိုက်ခိုက်လိုက်လေသည်။

ပေ့စွမ်းရင်သည် ကိုယ်တစ်ခြမ်း စောင်းလိုက်ပြီး ရှောင်တိမ်းလိုက်သည်။

သူ့လက်ထဲမှ ဓားသည် စုကွမ်း၏ လက်ကောက်ဝတ်ထဲသို့ ရောက်သွားလေသည်။

စုကွမ်း၏ လက်ထဲမှ သံတုတ်လည်း မြေပေါ်သို့ လွင့်စဥ်ကျသွား၏။

စုကွမ်းသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ကျန်ရှိသော သံတူဖြင့် သဲသဲမဲမဲ ပြန်လည်တိုက်ခိုက်လိုက်ရာ ပေ့စွမ်းရင်သည် လျှပ်တစ်ပြက် နောက်သို့ ဆုတ်သွားရလေသည်။

စုကွမ်းသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

အလွန်လျင်မြန်သော ပေ့စွမ်းရင်ဓားသည် လျှပ်တစ်ပြက် စုကွမ်း၏ ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်ပြီး ဖြစ်လေသည်။

စုကွမ်းသည် စူးရှစွာ တစ်ချက် အော်လိုက်ပြီး လက်ထဲမှ သံတူဖြင့် ပေ့စွမ်းရင်အား ထုချလိုက်လေသည်။

ပေ့ရှမ်းရှင်သည် နောက်သို့ ဆုတ်သွားရာ စုကွမ်းသည် ရှေ့သို့ ဟပ်ထိုးလဲကျကာ သေဆုံးသွားလေတော့သည်။

စည်းစိမ်တည်းခိုခန်းသည် လင်ချူးမြို့၏ မြို့ပြင်တွင် တည်ရှိသည်။

ရွှေပိမာန်တည်းခိုခန်းသည် လင်ချူးမြို့အတွင်း၌ တည်ရှိနေသည်။

ပေ့ရှမ်းရင်နှင့် လျူစန်းဖုံးတို့သည် မြို့တွင်းသို့ ဝင်ရောက်လာသောအခါ ညဉ့်နက်နေပြီ ဖြစ်လေသည်။

ရွှေပိမာန်တည်းခိုခန်းတည်ရှိရာလမ်းကြီးပေါ်တွင်မီးရောင်များ ထိန်ထိန်လင်းနေလေသည်။

ဤတည်းခိုခန်းသည် လင်ချူးမြို့၏ အစည်ကားဆုံးဖြစ်သောမင်းလမ်းကြီးပေါ်တွင် တည်ရှိလေသည်။

တည်းခိုခန်း၏ရှေ့တွင် အရက်များရောင်းသော ထမင်းဆိုင်တစ်ဆိုင်ရှိသည်။



စုကွမ်း၏ ညီအစ်ကိုများဖြစ်ကြသော စုယုံနှင့် စုလုံတို့သည် ထိုအရက်ဆိုင်၏ အပေါ်ထပ် ဝရန်တာနှင့် ကပ်လျက် စားပွဲတစ်လုံးတွင် ထိုင်နေကြလေသည်။

သူတို့သည် အရက်ကို စိမ်ပြေနပြေ သောက်နေကြပြီး သူတို့၏ မျက်လုံးများမှာမူ မျက်နှာချင်းဆိုင်ရှိ ရွှေပိမာန်တည်းခိုခန်းသို့ ရောက်နေကြ၏။

အရက်တစ်အိုးမျှသာ ရှိသော်လည်း သူတို့သည် နှစ်နာရီခန့်အချိန်ကုန်ခံ၍ သောက်နေကြလေသည်။

အရက်တစ်အိုးကို နှစ်နာရီခန့်ကြာသည့်တိုင်အောင် သောက်သောလူမှာ မရှိသလောက်ဖြစ်ပါသည်။

သို့သော်....

မည်သူကမှ သူတို့အား လာရောက်၍ စူးစမ်းမှုမပြုခဲ့ကြပါချေ။

စုယုံသည် သူ၏ သံတူနှစ်ခုအား ခြေရင်းတွင် ချထားလေသည်။

ထိုသံတူနှစ်ခု၏ အလေးချိန်မှာ သာယ်ပီသာခန့် ရှိလိမ့်မည်ဟု တင်ရလေသည်။

ဤကဲ့သို့ လေးလံသော သံတူကြီးအား လက်နက်အဖြစ်ကိုင်ဆောင်အသုံးပြုနိုင်သူမှာ ခွန်အား မည်မျှကြီးမားကြောင်းကို တွေ့မြင်နိုင်ပေသည်။

ထို့အတူ....

စုလုံ၏ ခါးသွားသုံးဆက်ရှိသောလက်နက်သည်လည်း စားပွဲပေါ်တွင် ချထားလေသည်။

ထိုလက်နက်သည် မီးရောင်အောက်တွင် အရောင်တဖိတ်ဖိတ် တောက်ပနေခဲ့လေသည်။

အရက်ဆိုင်မှ ဆိုင်လုလင်များသည် ထိုလူနှစ်ယောက်အား မညီသည့်နည်းနှင့်မျှ သွားရောက်နှောင့်ယှက်ခြင်း မပြုပံ့ကြပါချေ။

စုယုံနှင့် စုလုံတို့ကလည်း မည်သူ့ကိုမျှ ဂရုမစိုက်ပါ။

သူတို့စိတ်ဝင်စားနေသည်မှာ လူတစ်ယောက်နှင့် ပစ္စည်းတစ်မျိုးဖြစ်ပါသည်။

ယင်းသည် မြို့တော်ဝန် စီးလောက်ရယ်နှင့် လျှို့ဝှက်မြေပုံ တို့ပင် ဖြစ်ပါသည်။

ရှေ့ဗိမာန် တည်းခိုခန်း၌ သူတို့သည် သူလျှိုများ ကြိုတင်လွှတ်ထားသော်လည်း စိတ်မချနိုင်ပါ။

ထို့ကြောင့် သူတို့သည် ဤအရက်ဆိုင်ထဲသို့လာရောက်ကာ အရက်သောက်ရင်း ထိုင်နေကြလေသည်။



သူတို့သည် အရက်သောက်ရင်း လမ်းမပေါ်မှ ဖြတ်သန်းသွားလာနေကြသော အမျိုးသမီးများအား မျက်စိစားပွဲထိုင်နေရသဖြင့် အချိန်ကုန်မှန်းမသိ ကုန်ဆုံးသွားလေသည်။

လျှူစန်းဖုံးသည် လမ်း၏တစ်ဖက်စွန်းမှ ပေါ်ထွက်လာသည်။

'ဟော....လျှူစန်းဖုံး လာနေပြီ'

ဟု စုယုံက လှမ်းပြောလိုက်လေသည်။

'သူ့နောက်မှာ ညီလေးစုကွမ်း ပါလာသလား'

စုလုံက လှမ်းမေးလိုက်သည်။

စုယုံက ခေါင်းခါယမ်းလိုက်၏။

'မတွေ့သေးဘူး'

စုလုံ ညည်းတွားသံဖြင့်....

'ညီလေးကလဲ ဘယ်ရောက်နေလဲ မသိဘူး'

သူသည် ဤသို့ပြောရင်း ခေါင်းပြူကြည့်လိုက်သည်။

လျှူစန်းဖုံးကလည်း အပေါ်သို့ မော့ကြည့်နေသဖြင့် သူတို့သည် မျက်လုံးချင်း ဆုံသွားလေသည်။

လျှူစန်းဖုံးသည် သူ့အား လှမ်း၍....

'ဒီမှာ စုလုံ....ခင်ဗျား ဘယ်သူ့ကို မျှော်နေတာလဲဗျ၊ စုကွမ်းတော့ ပြန်လာနိုင်မှာ မဟုတ်တော့ဘူး'

ဟု အော်ပြောလိုက်လေသည်၊

လျှုစန်းဖုံး၏ စကားကြောင့် စုလုံက ကြောင်အမ်းအမ်း ဖြစ်သွား၏၊

စုယုံသည်း ခေါင်းပြူကြည့်လိုက်သည်၊

လျှုစန်းဖုံးက ပြုံးလိုက်သည်၊

'စုယုံလဲ ပါလာတာကိုး'

စုယုံက မျက်ခုံမှောင်ကုတ်သွားသည်၊

'ကျုပ်တို့ညီလေး ဘယ်မှာကျန်ရစ်ခဲ့သလဲ'

ဟု လွှတ်ခနဲ လှမ်းမေးလိုက်သည်၊

လျှုစန်းဖုံးက ပြုံးလိုက်ပြီး....

'သူ မြို့ပြင်မှာ ခင်ဗျားတို့ကို စောင့်နေတယ်ဗျ'

စုယုံက မဲ့ပြုံးပြုံးလိုက်သည်၊

'ခင်ဗျား ဘာတွေလာပြီး ပြောနေတာလဲ'



လျှုစန်းဖုံးက ပခုံးတစ်ချက် တွန့်လိုက်သည်၊

'ဒါတော့ ခင်ဗျားယုံချင်ယုံ မယုံချင်နေပေါ့'

စုယုံသည် နှုတ်ခမ်းမဲ့ပြလိုက်ပြီး ပါးစပ်ပိတ်ထားလိုက်လေသည်၊

လျှုစန်းဖုံးက ရယ်မောလိုက်ပြီး....

'ဒီမှာ.... ခင်ဗျားတို့ညီလေးကို သွားတွေ့ရင် ပစ္စည်းတစ်ခု ယူသွားဖို့ မမေ့ပါနဲ့ဗျာ'

စုယုံက မျက်မှောင်ကုတ်လိုက်ပြီး....

'ဘာပစ္စည်းလဲ'

လျှုစန်းဖုံးက အေးစက်သော လေသံဖြင့်....

'အခေါင်း...'

စုယုံ၏ မျက်နှာသည် ကွက်ခနဲပျက်သွားသည်၊

စုလုံက ဒေါသခြောင်းခြောင်းထွက်သွား၏၊

'မင်းက ကျုပ်ညီစုကွမ်းကို ဘာလုပ်ခဲ့သလဲ'

လျှုစန်းဖုံးသည် စုလုံ၏ အမေးကို မဖြေပါ၊

ရှေ့ပိမာန်ဘည်းခိုခန်းသို့ လှမ်းဝင်သွားလေသည်။

စုယုံသည် ဒေါသတကြီးဖြင့် သူ၏သံတူနှစ်လက်အား ဆွဲယူလိုက်ပြီး ထိုင်ရာမှထလိုက်သည်။

စုလုံက ဟန့်တားလိုက်လေသည်။

'အရမ်းမလုပ်နဲ့ ညီလေး'

စုယုံသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး....

'ကျွန်တော် ရှင်းအောင် သွားမေးပါရစေ အစ်ကိုကြီး'

စုလုံသည် သက်ပြင်းတစ်ချက်ချလိုက်၏။

'သူက စုကမ္ဘမ်းကိုသတ်နိုင်တဲ့ အရည်အချင်းမရှိပါဘူးအစ်ကိုကြီး၊ ဒါ သက်သက်စော်ကားတာပဲ'

စုလုံက ညီဖြစ်သူ စုယုံ၏မျက်နှာအား ကြည့်လိုက်ပြီး....

'မဟုတ်သေးဘူးလေ....သူ့ဘေးမှာ လူတစ်ယောက် ပါလာတာ မင်းမတွေ့ဘူးလား'

စုယုံက ခေါင်းညိတ်လိုက်သည်။

'တွေ့ပါတယ် အစ်ကိုကြီး'

စုလုံက တည်ကြည်လေးနက်သော သေသံဖြင့်....



'မနေ့က တို့မြို့တောင်ဝန်လေး လျှုစန်းဖုံးနဲ့တွေ့တုန်းက သူဒီလိုမနေဘူး၊ အခုတော့ ခပ်ထောင်ထောင် ဖြစ်နေတယ်၊ အားကိုးရမယ့်လူတစ်ယောက် ရှိနေတယ်လို့ ကျုပ်ယူဆမိတယ်'

စုယုံက အစ်ကိုဖြစ်သူအား မော့ကြည့်လိုက်ပြီး....

'အစ်ကိုကြီး ဆိုလိုတာက လျှုစန်းဖုံးဟာ သူနဲ့ပါလာတဲ့ လူကို အားကိုးတယ် ဟုတ်လား'

စုလုံက ခေါင်းညိတ်လိုက်သည်။

'အစ်ကိုကြီးအထင်နဲ့ပြောရရင် ဒီလူဟာ အလွန်တော်တဲ့ ဓားသမားတစ်ယောက် ဖြစ်ရမယ်'

စုယုံက မဲ့ပြုံးပြုံးလိုက်သည်။

'သူဘိုနှစ်ယောက်၊ ကျွန်တော်တို့လဲနှစ်ယောက်ပဲ၊ ကြောက်စရာ မလိုဘူးလို့ ကျွန်တော်ထင်တယ်'

စုလုံက မဲ့ပြုံးပြုံးလိုက်သည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် စုကမ္ဘမ်းဟာ ဘယ်လိုအခြေအနေ ရှိတယ်ဆိုတာ ပထမဆုံးသိဖို့လိုလိမ့်မယ်'

စုယုံက ရှေ့သို့ခြေလှမ်းပြင်လိုက်ပြီး...

'ဒီလိုဆို ကျွန်တော်တို့ မြို့ပြင်ကိုတစ်ခေါက် သွားလိုက်မယ်လေ'

စုလုံက ခေါင်းညိတ်လိုက်သည်။

'အေး....အစ်ကိုကြီးလဲ လိုက်မယ်'

သူတို့သည် ခွေ့တုံးတစ်တုံးကို စားပွဲပေါ်သို့ ပစ်ချလိုက်ပြီးနောက် အောက်ထပ်သို့ ဆင်းသွားလေသည်။

မြို့တော်ဝန်လေး လျှုစန်းဖုံးသည် စုယံတို့ညီအစ်ကို ထွက်ခွာသွားသည်ကို တွေ့လိုက်ရသောအခါ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ သူတို့က စုကွမ်းရဲ့ အခြေအနေကို သွားကြည့်တာ'

ပေ့စွမ်းရှင်သည် လျှုစန်းဖုံး၏ မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး....

'အဲဒီတော့....'



လျှုစန်းဖုံးက ပြုံးလိုက်သည်။

'အခုအချိန်ကစပြီး ခရီးထွက်ရင် သူတို့ကို မျက်ခြည်ပြတ်ထားနိုင်မယ်လို့ ကျုပ်ယူဆတယ်ဗျ'

ပေ့စွမ်းရှင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပြီ၊ မင်းက အရင်ထက် အများကြီးပါးနပ်လာတယ်'

လျှုစန်းဖုံးက ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား၊ ဟုတ်ပါတယ်ဗျာ၊ သိုင်းလောကထဲကိုဝင်လို့ ဒီလိုပါးပါးနပ်နပ်မရှိရင် ကျုပ်လို မတောက်တစ်ခေါက် သိုင်းပညာလေးနဲ့ လွယ်မှာမှ မဟုတ်တဲ့ကိုး'

ပေ့စွမ်းရှင်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့်....

'ခြင်္သေ့ညီနောင်တို့ဆိုတာလဲ ခေတဲ့လူတွေ မဟုတ်ဘူး၊ သူတို့ထွက်သွားပေမယ့် သူ့လူတွေ ဒီမှာ ထားခဲ့လိမ့်မယ်လို့ ငါယုံကြည်တယ်ကွ'

လျှုစန်းဖုံးက အနည်းငယ်စဉ်းစားလိုက်သည်။

အတန်ကြာမှ....

'ဒါလဲဖြစ်နိုင်တယ်၊ အဲဒီတော့ ကျုပ်တို့က ဘာလုပ်ရမလဲ'

မေ့စွမ်းရင်က ရှေ့ဗိမာန် ဘည်းခိုခန်းဘက်သို့ ကြည့်လိုက်ပြီး....

'မြို့တော်ဝန်စီးလောက်ရှယ်ကို အရင်ဆုံး သွားတွေ့ပြီးမှ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားရမှာမဟုတ်ဘူးလား'

လျှူစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ကောင်းသားပဲ၊ ကဲ...သွားကြရအောင်'

မေ့စွမ်းရင်က လျှူစန်းဖုံးအားကြည့်လိုက်ပြီး....

'သူ ဘယ်အခန်းမှာရှိသလဲ'

လျှူစန်းဖုံးက လက်ညှိုးညွှန်ပြလိုက်ပြီး....

'ဟိုဘက်ဆောင်က အခန်းမှာပါ'

လျှူစန်းဖုံးသည် မေ့စွမ်းရင်အား ခေါ်ဆောင်၍ တစ်ဖက်ဆောင်မှ အခန်းသို့ လျှောက်သွားလေသည်။

သူတို့သည် တစ်ဖက်ဆောင်သို့ရောက်ရှိလာသောအခါ ဆိုင်လုလင်တစ်ယောက်အား တွေ့လိုက်သဖြင့်....

'အခန်းသုံးက ဧည့်သည်ရှိသလားဟေ့'

လျှူစန်းဖုံးက မေးလိုက်ခြင်းဖြစ်သည်။



ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

'ရှိပါတယ်ခင်ဗျာ'

သူသည် လျှူစန်းဖုံးအား ချန်ကျုံးမြို့တော်ဝန်မှန်း သိဟန်မတူပါ။

လျှူစန်းဖုံးကလည်း ရုပ်ဖျက်ထားသဖြင့် သူ့အားအကြောင်းသိသူမဟုတ်လျှင် မှတ်မိနိုင်စရာမရှိပါချေ။

လျှူစန်းဖုံးက ဆိုင်လုလင်အားကြည့်လိုက်ပြီး....

'သူ့ဆီကော ဧည့်သည်တွေ ဘာတွေလာသေးသလား'

ဆိုင်လုလင်က ခေါင်းခါယမ်းလိုက်သည်။

'မလာပါဘူးခင်ဗျာ'

လျှူစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'အင်း....တော်သေးတာပေါ့'

ဆိုင်လုလင်က ဦးညွှတ်လိုက်ပြီး....

'ဘာများ မှာစရာရှိလို့လဲခင်ဗျာ'

လျှူစန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

‘မရှိပါဘူး’

ဆိုင်လုလင်က သူတို့နှစ်ယောက်အား အကဲခတ်ကြည့်လို ပြီး....

‘လူကြီးမင်းတို့က အခန်းသုံးကဧည့်သည်နဲ့တွေ့ချင်လို့လ

လျှူစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

‘အေး....တွေ့ချင်လို့’

ဆိုင်လုလင်က ခြေလှမ်းပြင်လိုက်ပြီး....

‘ဒါဆိုရင် ခဏလောက်စောင့်ပါ၊ ကျွန်တော် သူ့ကို ပြောပေးပါမယ်’

လျှူစန်းဖုံးက လက်ကာပြလိုက်ပြီး....

‘မလိုပါဘူးကွာ၊ ကျုပ်တို့ကိုယ်တိုင်ပဲ သွားတွေ့ပါမယ်

ဆိုင်လုလင်က လမ်းဖယ်ပေးလိုက်ပြီး....

‘ဟုတ်ကဲ့ခင်ဗျာ’

သူသည် လျှူစန်းဖုံးနှင့် ပေ့စွမ်းရင်တို့အား သက်ါမ သောအကြည့်ဖြင့် ကြည့်လိုက်ပြီး ထိုနေရာမှ ထွက်သွာ တော့သည်။



လျှူစန်းဖုံးသည် ပေ့စွမ်းရင်ဘက်လှည့်လိုက်ပြီး....

‘ဒီမှာပေ့စွမ်းရင်၊ ဒီလူငယ်ကိုကြည့်ရတာ မရိုးဘူးဗျ’

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

‘မင်းလဲ အကဲခတ်ကောင်းလာပြီကွ၊ ငါ့အထင်တော့ ဒီဆိုင်လုလင်ဟာ ခြင်္သေ့ညီနောင်တို့ရဲ့လူပဲဖြစ်ရမယ်’

လျှူစန်းဖုံးက ခေါင်းညိတ်လိုက်ပြီး....

‘ဟုတ်တယ်ကွ....ခြင်္သေ့ညီနောင်က သုံးယောက်ထဲ ရှိပေလို့ပါ၊ ဆယ်ယောက်များရှိရင်တော့ မလွယ်ဘူး’

ပေ့စွမ်းရင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

‘ဟုတ်တယ်ကွ....ဟား....ဟား....ဟား....’

သူတို့နှစ်ယောက်သည် ပြိုင်တူ ရယ်မောလိုက်ကြလေသည်။

# အခန်း (၄)

## တရားခံ

ဤဘက်ဆောင်၏အခန်းများသည် အလွန်သန့်စင်ပြီး ကျယ်ဝန်းလှသည်။

အခန်းသုံးသည် သီးသန့်အခန်းတစ်ခန်း ဖြစ်ပါသည်။

ယင်းအခန်းသည် မင်းစိုးရာဇာများ၊ သူဌေး သူကြွယ်များသာ တည်းခိုသောအခန်းဖြစ်သည်။

အကြောင်းမှာ....

ဤအခန်းသည် အခြားအခန်းများထက် ငါးဆမျှ ငှားရမ်းခများနေခြင်းကြောင့်ဖြစ်သည်။

မြို့တော်ဝန်လေး လျူစန်းဖုံးသည် အခန်းသုံး၏အခန်းဝသို့ ရောက်ရှိသွားသောအခါ တံခါးကိုတွန်းလိုက်သည်။

သို့သော်....

အခန်းတံခါးသည် ပွင့်သွားခြင်း မရှိပါ။

'ဒေါက်....ဒေါက်....ဒေါက်'

သူသည် အခန်းတံခါးကို ခေါက်ကြည့်သည်။

မည်သည့်တုံ့ပြန်မှုမျှ မရှိပါ။

လျူစန်းဖုံးသည် မျက်မှောင်ကြုတ်သွားသည်။

သူသည် တံခါးအား ပို၍ ကျယ်ကျယ် ခေါက်လိုက်သည်။

'ဒေါက်....ဒေါက်....ဒေါက်'

အချည်းအနှီးပင်ဖြစ်သည်။

လျူစန်းဖုံးသည် စိုးရိမ် ထိတ်လန့်သွားသည်။

'ဟင်....ဘာတွေ ဖြစ်နေလို့များပါလိမ့်'

သူသည် တံခါးအား တွန်းကြည့်လိုက်ပြန်သည်။

တံခါးသည် ပွင့်မလာပါချေ။

သူ၏ ရင်ထဲတွင် စိုးရိမ်ပူပန်ခြင်းများ ကြီးမားလာလေသည်။



သူသည် လေသံခပ်အုပ်အုပ်ဖြင့်....

'ဦးလေးစီး....တံခါးဖွင့်ပါ'

ဟု ခေါ်လိုက်လေသည်။

သို့သော်....

အခန်းတွင်းမှ မည်သည့် တုံ့ပြန်သံကိုမျှ မကြားရပါချေ။

ပေ့စွမ်းရင်သည် မနေနိုင်တော့ပါ။

သူသည် လက်ဝါးဖြင့် တံခါးအားတွန်းလိုက်ရာ အတွင်းဘက်မှထိုးထားသော မင်းတုပ်သည် ထက်ပိုင်းကျိုးသွားကာ တံခါးပွင့်သွားလေသည်။

မြို့တော်ဝန်လေး လျူစန်းဖုံးသည် ခါးမှဓားကို ဆွဲထုတ်လိုက်ပြီး အခန်းထဲသို့ ပြေးဝင်သွားလေသည်။

သီးသန့်ခန်းထဲတွင် လူရိပ်လူယောင်ပင် မတွေ့ရပါချေ။

ပေ့စွမ်းရင်သည် သူ၏နောက်မှ အခန်းတွင်းသို့ ဝင်လာသည်။

'မြို့တော်ဝန် စီးလောက်ရှယ်ကော'

လျူစန်းဖုံးက ခေါင်းခါယမ်းလိုက်ပြီး....

'မသိဘူး'

သူသည် ယင်းသို့ပြန်ပြောရင်း သူ၏မျက်လုံးအစုံသည်အခန်းထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

'ဟောဗျာ....အခန်းထဲကပစ္စည်းတွေလဲ နေရာတကျ မရှိပါလား'

ပေ့စွမ်းရင်သည် မျက်မှောင်ကြုတ်သွားသည်။

'ဟုတ်တယ်....ခုတင်တောင် နေရာရွှေ့နေတယ်'

သူသည် ပြောရင်း သူ၏မျက်လုံးအစုံသည် ကြမ်းပြင်ပေါ်သို့ ရောက်သွားသည်။

'ဟော....ကြမ်းပြင်ပေါ်မှာ ခင်းထားတဲ့ ကော်ဇောတောင် ကော်ထုတ်ထားပါလား'

လျှူစန်းဖုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ဟုတ်တယ်....တစ်စုံတစ်ယောက်တော့ အခန်းထဲကို ဝင်နှောက်သွားပြီဖြစ်မယ်'

ပေ့စွမ်းရင်သည် အခန်းတစ်ခုလုံးအား မျက်လုံးဝေ့၍ အကဲခတ်ကြည့်လိုက်ပြီး....

'ဒီအခန်းကိုဖင်ရှာတဲ့လူဟာ တော်တော်ကျွမ်းကျင်တဲ့ လူတစ်ယောက် ဖြစ်ရမယ်'



လျှူစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ပစ္စည်းရှိနိုင်တဲ့နေရာမှန်သမျှကို သူက ရှာဖွေသွားပြီးပြီ'

ပေ့စွမ်းရင်သည် ပြောရင်း သူ၏အင်္ကျီအောက်ရှိ ရှိ့အိတ်လေးရှိနေရာသို့ လက်ဖြင့်ပုတ်လိုက်ပြီး....

'လျှို့ဝှက်မြေပုံက ဒီမှာရှိနေလို့ တော်ခဲ့သေးတာပေါ့'

ပေ့စွမ်းရင်၏မျက်လုံးအစုံသည် ပွင့်နေသောပြတင်းပေါက်နားသို့ လျှောက်သွားပြီး....

'ပြတင်းပေါက် အပြင်ဘက်က ဘယ်နေရာလဲ'

လျှူစန်းဖုံးက ပြတင်းပေါက်အားလှမ်းကြည့်လိုက်ပြီး....

'ခြံဝင်းတစ်ခုလေ၊ သီးပင်စားပင်တွေစိုက်ထားတဲ့ ခြံဝင်းလေးပေါ့'

ပေ့စွမ်းရင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'အင်း....အခန်းထဲကို ဝင်ဖို့ထွက်ဖို့ တော်တော်ကောင်းတဲ့နေရာပဲ'

လျှူစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ယခုမှ လျှုစန်းဖုံးသည် မြို့တော်ဝန် စီးလောက်ရယ်အား သတိရလာသည်။

သူသည် ကပျာကယာ အိပ်ခန်းရှိရာသို့ ပြေးသွားလိုက်သည်။

အိပ်ခန်း၏အခန်းတံခါးမှာလည်း အတွင်းဘက်မှ မင်းတုပ် ချထားသည်ကို တွေ့လိုက်ရလေသည်။

'ဟင်....ဒီအိပ်ခန်းလဲ အထဲကနေ မင်းတုပ် ချထားပါလား'

လျှုစန်းဖုံးသည် မျက်မှောင်ကုတ်၍ ပြောလိုက်လေသည်။

ပေ့စွမ်းရှင်သည် စကားတစ်ခွန်းမှ မပြောဘဲ အခန်းတံခါးအား ရိုက်ချိုးလိုက်လေဆည်။

အခန်းတံခါး ပွင့်သွားသောအခါ အခန်းတွင်းမှ အလွန် မွှေးကြိုင်သော အနံ့တစ်ခုသည် သူ၏နှာခေါင်းထဲသို့ တိုးဝင်လာလေသည်။

ပေ့စွမ်းရှင်သည် ထိုအမွှေးနံ့အား ရလိုက်သည်နှင့် အသက် အောင့်ထားလိုက်သည်။

လျှုစန်းဖုံးသည် အထိတ်တလန့်ဖြင့်....



'ဟာ....မေ့ဆေးအနံ့ပါလား'

ဟု လွှတ်ခနဲပြောလိုက်လေသည်။

ပေ့စွမ်းရှင်သည် လက်ဖြင့် အဖြူရောင် အငွေ့များကို ခေါ့ယမ်းလိုက်ပြီး....

'ဟုတ်တယ်၊ ဒါပေမယ့် အချိန်ကြာသွားလို့ အာနိသင်ပျက်ပြယ်သွားပါပြီ'

သူသည် ယင်းသို့ပြောပြီးသည်နှင့် အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။

အိပ်ခန်းထဲရှိ ပစ္စည်းများသည် ဖရိုဖရဲဖြစ်နေလေသည်။

ထို့အပြင်....

အခန်းတွင်းရှိ ပစ္စည်းများမှာလည်း တစ်စုံတစ်ယောက် လှန်လှောရှာဖွေသွားခြင်း ခံထားရသည်ကို တွေ့ရလေ၏။

အိပ်ခန်း၏ ပြတင်းပေါက်တစ်ခုမှာလည်း ပွင့်နေလေ၏။

မုတ်ဆိတ်မွေးများဆွတ်ဆွတ်ဖြူသော အဘိုးအိုတစ်ယောက်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ပက်လက်လန်၍ လဲကျနေသည်။

မေ့စွမ်းရှင်သည် အဘိုးအိုထံသို့ ကပျာကယာလျှောက်သွားလိုက်ပြီး အဘိုးအို၏ နှာခေါင်းနှင့် ရင်ဘတ်တို့ကို စမ်းကြည့်လိုက်၏။

လျှုစန်းဖုံးသည် အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီး မေ့စွမ်းရှင်ထံသို့ လျှောက်လာသော စိုးရိမ်ပူပန်သော လေသံဖြင့်....

'ဦးလေးစီး- ဘာဖြစ်သွားတာလဲ'

မေ့စွမ်းရှင်သည် စမ်းသပ်ရာမှ ရပ်တန့်လိုက်ပြီး....

'သူ မေ့ဆေးမိသွားလို့ပါ၊ အသက်အန္တရာယ်တော့ စိုးရိမ်စရာ မရှိပါဘူး'

လျှုစန်းဖုံးသည် မြို့တော်ဝန် စီးလောက်ရယ်၏ တစ်ကိုယ်လုံးကို စမ်းသပ်ရှာဖွေကြည့်လိုက်၏။

အတန်ကြာမှ....

သူသည် သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး....

'အင်း....တော်သေးတာပေါ့၊ ဦးလေးစီးရဲ့ ကိုယ်ပေါ်မှာ ဘာဒဏ်ရာမှ မရှိလို့'

မေ့စွမ်းရှင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ကွ၊ ငါကြည့်ပြီးပြီ၊ ဘာဒဏ်ရာမှ မရှိဘူး'



လျှုစန်းဖုံးသည် မေ့စွမ်းရှင်အား ကြည့်ပြီး....

'ရန်သူရဲ့ ရည်ရွယ်ချက်ဟာ လျှို့ဝှက်မြေပုံကိုပဲ လုဖို့ဆိုတာ သေချာနေတယ် စွမ်းရှင်'

မေ့စွမ်းရှင်သည် ဘာမျှ ပြန်မပြောပါ။

သူသည် ကုလားထိုင်ပေါ်တွင် ပက်လက်လှန် လဲနေသော မြို့တော်ဝန် စီးလောက်ရယ်ကို ကြည့်၍....

'မြို့တော်ဝန်စီးကို ကြည့်ရတာ အသက်ခြောက်ဆယ်တောင် မကျော်သေးဘူး ထင်တယ်'

သူ၏စကားကြောင့် လျှုစန်းဖုံးသည် ကုလားထိုင်ပေါ်မှ မြို့တော်ဝန် စီးလောက်ရယ်အား ကြည့်လိုက်ပြီး....

'ဘယ်ကလာကွာ၊ သူ့အသက်က ငါးဆယ်ကျော်လေးပဲရှိသေးတယ်၊ သူက မြို့တော်ဝန်အဖြစ်နဲ့ အမှုထမ်းလာတာ နှစ်မနည်းတော့ဘူးလေ၊ အနယ်နယ် အရပ်ရပ်က လူတွေကလဲ သူ့ကို ထန်ကြူးမြို့တော်ဝန် စီးလောက်ရယ်ဆိုတာ အားလုံးသိကြတယ်၊ ဒါကြောင့် သူ အခုလို အဘိုးအို တစ်ယောက်ပုံစံ ရုပ်ဖျက်ထားရတာကွ'

မေ့စွမ်းရှင်က ပြုံးလိုက်ပြီး....

'ထင်တော့ ထင်သားကွ'

လျှုစန်းဖုံးသည် ပေစွမ်းရင်အား တစ်ချက် ကြည့်လိုက်ပြီး....

'ဦးလေးစီးကို ဘယ်လိုလုပ်ရမလဲကွ၊ သူသတိရလာတဲ့အထိ တို့က စောင့်ရမှာလား'

ပေစွမ်းရင်က ခေါင်းခါယမ်းလိုက်သည်။

'စောင့်ဖို့ မလိုပါဘူးကွာ၊ ရေအေးအေး တစ်ခွက်သာ မင်းသွားယူလိုက်ပါ'

လျှုစန်းဖုံးသည် ခေါင်းညိတ်ကာ အခန်းထဲမှ ထွက်သွားလေသည်။

ပေစွမ်းရင်သည် အခန်းထဲ၌ ကျန်ရှိသော ပြတင်းပေါက်အားလုံးကို ဖွင့်လိုက်လေသည်။

အေးစိမ့်လတ်ဆတ်သော လေချွေးသည့် အခန်းထဲသို့ တိုးဝင်လာသဖြင့် အသက်ရှူရသည်မှာ စောစောကလို မွန်းကြပ်မနေတဲ့ သက်သောင့်သက်သာ ရှိလာလေသည်။



ရေအေးများဖြင့် ပက်ဖြန်းလိုက်သောအခါ မြို့တော်ဝန်စီးလောက်ရယ်သည် တဖြည်းဖြည်း သတိရလာလေသည်။

သူသည် မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ သုံးဆယ် ကျော်ကြာခဲ့ပြီဖြစ်သဖြင့် ဤအခန်းတွင်း၌ မည်သို့ဖြစ်ပျက်နေသည်ကို ချက်ချင်းပင် ရိပ်စားမိလိုက်ခြင်း ဖြစ်ပါသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် ပေစွမ်းရင်ကို အကဲခတ်ကြည့်လိုက်လေသည်။

'သွေးသောက်စား ပေစွမ်းရင် ထင်ပါတယ်'

ပေစွမ်းရင်က ဦးညွှတ်အရိုအသေပြုလိုက်ပြီး....

'ဟုတ်ပါတယ် ခင်ဗျာ'

ဟု ပြန်ဖြေလိုက်သည်။

မြို့တော်ဝန် စီးလောက်ရယ်သည် ခါးကိုမတ်၍ ထိုင်လိုက်ပြီးလျှင်....

'အခုလို ကျုပ်အတွက် ဒုက္ခခံပြီးလာတာကို ကျုပ်က အများကြီး ကျေးဇူးတင်ပါတယ်ဗျာ'

ပေစွမ်းရင်က ပြုံးလိုက်ပြီး....

'ဟုတ်ကဲ့....မိတ်ဆွေရင်းချာရဲ့ အခက်အခဲဟာ ကျွန်တော့်ရဲ့ အခက်အခဲလို့ သဘောထားပါတယ် ခင်ဗျာ၊ အားနာစရာ မလိုပါဘူး ခင်ဗျာ'

မြို့တော်ဝန် စီးလော့က်ရယ်သည် ထိုင်ရာမှထရန် ကြိုးစားလိုက်သည်၊

သို့သော်....

သူသည် အားအင်ချည့်နဲ့နေသဖြင့် ပြန်လည်ထိုင်ချလိုက်ရလေသည်။

ပေ့စွမ်းရင်သည် သူ၏ပခုံးအား အသာအယာဖိလိုက်ပြီး....

'မြို့တော်ဝန် စီးလော့က်ရယ်အဖြစ်နဲ့ ကျုပ် တာဝန်ထမ်းဆောင်လာတာ ဝါရင့်နေပါပြီ၊ အခုလို လူများရဲ့မေ့ဆေးမိပြီး သတိမေ့သွားရတယ်ဆိုတာ တခြားလူတွေကြားသွားရင် ကျုပ်ကိုဘယ်လောက် လှောင်ကြမလဲဆိုတာ ကျုပ်တွေးမိရင် ရှက်လိုက်တာ'

ပေ့စွမ်းရင်က မျက်မှောင်ကြုတ်လိုက်ပြီး....

'အဲဒီအချိန်မှာ မြို့တော်ဝန်က လုံးဝ သတိမရဘူးလား ခင်ဗျာ'

မြို့တော်ဝန် စီးလော့က်ရယ်က ခေါင်းညိတ်လိုက်သည်၊



'အေးကွ၊ ကျုပ်က ဒီမှာပဲထိုင်နေတာပါ၊ ရေနွေးကြမ်းသောက်နေရင်း မျက်စိလေးလာပြီး တစ်ခါတည်း အိပ်ပျော်သွားတာပါပဲ'

ပေ့စွမ်းရင်၏ မျက်လုံးအစုံသည် တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'ဒီလူဟာ တော်တော်ဝါရင့်တဲ့လူ ဖြစ်ရမယ်'

မြို့တော်ဝန် စီးလော့က်ရယ်က သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ဟုတ်တယ်၊ သူက ကျုပ်ကိုမသတ်ခဲ့တာ တော်သေးတာပေါ့ဗျာ၊ နို့ မဟုတ်ရင် ကျုပ်တော့ အခုအချိန်မှာ အသက်မရှိတော့ပါဘူး'

သူ၏စိတ်ထဲတွင် လျှို့ဝှက်မြေပုံကို ရုတ်တရက် သတိရလာသည်။

ထို့ကြောင့်....

သူသည် လျူစန်းဖုံးဘက်သို့ လှည့်လိုက်ပြီး....

'လျူစန်းဖုံး လျှို့ဝှက်မြေပုံရဲ့အခြေအနေ ကောင်းလား'

လျူစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့...အေးချမ်းသာယာမှုရှိပါတယ် ဦးလေးစီး'

မြို့တော်ဝန် စီးလောက်ရယ်က စူးစမ်းသော လေ[illegible] ဖြင့်....

'လမ်းမှာ အနှောင့်အယှက်များ တွေ့သေးသလား'

လျှံစန်းဖုံးက ဦးညွှတ်အရိုအသေပြုလိုက်ပြီး....

'ဟုတ်ကဲ့....ခြသ်ညီနောင် တစ်ယောက်ဖြစ်တဲ့ စုကမ်း[illegible] ကျွန်တော့် နောက်ကို လိုက်လာပါတယ်၊ နောက်ပြီး သူက လျှ[illegible] ဝှက်မြေပုံကို အဘင်းလုဖို့ ကြံစည်သေးတယ် ဦးလေးစီး'

မြို့တော်ဝန် စီးလောက်ရယ်က မျက်မှောင် ကုတ်သွား[illegible] သည်။

'အဲဒီတော့....'

လျှံစန်းဖုံးက မေ့စွမ်းရင်အား ညွှန်ပြလိုက်ပြီး....

'မေ့စွမ်းရင်ကြောင့်' သူသေသွားပါပြီ'

မြို့တော်ဝန် စီးလောက်ရယ်သည် မေ့စွမ်းရင်အား လို[illegible] လိုက်လှဲလှဲ ပြုံးလိုက်ပြီး....

'ကျေးဇူးတင်ပါတယ်ဗျာ'

မေ့စွမ်းရင်က ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် သူ့ကိုသတ်လိုက်တာ မြို့တော်ဝန်စီးကို ကျ[illegible] တာလဲ ပါပါတယ်၊ ဒါပေမယ့် ဒီညီအစ်ကို သုံးယောက်[illegible]



လူတွေကို ကြက်ကလေး ငှက်ကလေးလောက်မှ တန်ဖိုးမထား[illegible] သတ်ဖြတ်နေကြလို့ ကျွန်တော်က သူ့ကိုသတ်လိုက်ရတာပါ ခင်ဗျာ'

မြို့တော်ဝန် စီးလောက်ရယ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း....စုလုံနဲ့ စုယုံတာ သိသွားရင်တော့ သူတို့ညီလေး[illegible] ကို ဒီလိုလုပ်လိုက်လို့ အခဲကြေမှာမဟုတ်ဘူး'

မေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ'

လျှံစန်းဖုံးက ကြားဖြတ်ပြောလိုက်သည်။

'ဒီမှာ တစ်စုံတစ်ခု ဖြစ်နေမှာကို စိုးရိမ်လို့ ကျွန်တော်တို့ အမြန်ဆုံးလိုက်လာတာပါ ဦးလေးစီး'

မြို့တော်ဝန် စီးလောက်ရယ်သည် စိတ်ပေါက်ကျသောလေသံ ဖြင့်....

'အခန်းထဲကအဖြစ်တော့ မင်းတို့အမြင်ပဲ'

လျှံစန်းဖုံးက မြို့တော်ဝန် စီးလောက်ရယ်အား ကြည့် လိုက်ပြီး....

'ဦးလေးစီး ဘာမှမဖြစ်တာတဲ့ ကံကောင်းတယ်လို့ ဆိုရမှာပေါ့'

မြို့တော်ဝန်စီးလောက်ရယ်က မချိပြုံးပြုံးလိုက်သည်။

'အေးပေါ့လေ....ကျုပ်တော်တော် ကံကောင်းတယ်လို့ ပြောရမှာပေါ့'

လျှို့စန်းဖုံးက အခန်းတွင်းသို့ မျက်လုံး ဝေ့ကြည့်လိုက်ပြီး....

'ဒီအခန်းကိုလာပြီး ရှာသွားတဲ့လူတွေဟာ စုလိုနဲ့ စုယံတို့ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ် ဦးလေးစီး'

ပေ့စွမ်းရင်က ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ ဒီလူဟာ ဆပ်လာဦးမယ်လို့ ကျွန်တော် ယူဆတယ် မြို့တော်ဝန်'

မြို့တော်ဝန် စီးသည် ခုတင်ပေါ်မှ အနီရောင်ရှို့အိတ်ကလေးကို ကြည့်လိုက်ပြီး....

'ကျုပ်တို့ရဲ့ အကြံအစည်ကို ဆက်ပြီးလုပ်လို့ မဖြစ်ဘူးထင်တယ် လျှို့စန်းဖုံး'



ခုတင်ပေါ်တွင် အနီရောင်ကတ္တီပါရှို့အိတ်လေးတစ်ခုချထားလေသည်။

ဤရှို့အိတ်ကလေးမှာ မြို့တော်ဝန်စီးလောက်ရယ် တစ်လမ်းလုံး သယ်ဆောင်လာသည့် ရှို့အိတ်ကလေးပင် ဖြစ်ပါသည်။

လျှို့စန်းဖုံးက ပြုံးလိုက်သည်။

'ဒီရှို့အိတ်လေး ဦးလေးစီးဆီမှာ ရှိနေလို့ ကျွန်တော်ကို ဘယ်သူကမှ ဂရုမစိုက်တာပေါ့၊ နို့မဟုတ်ရင် ဘယ်လွယ်မလဲဗျ'

သူသည် ယင်းသို့ပြောပြီး....

'ကဲ....ဦးလေးစီး၊ ကျွန်တော်တို့ အခုပဲ ခရီးထွက်ရင် မကောင်းဘူးလား'

မြို့တော်ဝန် စီးလောက်ရယ်သည် ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီး....

'ဒီနေရာဟာ လုံခြုံမှု သိပ်မရှိပေမယ့် အခြားတစ်နေရာကို သွားရင်လဲ သိပ်တော့ ထူးမှာမဟုတ်ဘူး၊ နောက်ပြီး အခု မိုးချုပ်နေပြီ၊ မနက်ကျမှပဲ ခရီးထွက်တာပေါ့'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် စုလုံနဲ့ စုယိုကတော့ ကျွန်တော်တို့ကို စောင့်ကြည့်နေမှာပဲ၊ အခု သူတို့ညီကိစ္စနဲ့ ထွက်သွားပေမယ့် ပြန်လာမှာပဲ၊ ဒါကြောင့် အခုနေ သူတို့မရှိတုန်း ခရီးထွက်ရင် သူတို့ရဲ့ အနှောင့်အယှက်က လွတ်မယ်လို့ ထင်ပါတယ် ဦးလေးစီး'

မြို့တော်ဝန် စီးလောက်ရယ်က မဲ့ပြုံးပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် သူတို့ လိုက်လာမှာပဲ၊ သူတို့နှစ်ယောက်ကို တော့ ကျုပ်တို့က မှုစရာမလိုပါဘူး'

လျှုစန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'လျှို့ဝှက်မြေပုံကို လိုချင်တဲ့လူတွေဟာ သူတို့ညီအစ်ကိုတွေပဲ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ် ဦးလေးစီး၊ တခြားလူတွေလဲ ရှိကောင်းရှိနေလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်၊ တော်ကြာ သူတို့တွေ လူစုပြီး လာနေရင်တော့ ကျွန်တော်တို့ လွယ်မှာ မဟုတ်ဘူး'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်သည်။



'အင်း....မင်းပြောတာလဲ မှန်တယ်'

လျှုစန်းဖုံးက စကားဆက်လိုက်သည်။

'ကျွန်တော်တို့ ညတက်မှာ ခရီးထွက်ရင် သူတို့လိုက်လာတာတောင် လင်းလင်းကျင်းကျင်း မရှိတဲ့အတွက် ကျွန်တော်တို့ ရှောင်လို့ရတာပေါ့'

မြို့တော်ဝန် စီးလောက်ရယ်သည် ခေါင်းတညိတ်ညိတ်ဖြင့်....

'ဟုတ်တယ်...ဟုတ်တယ်၊ မင်းပြောတာမဆိုးဘူး'

သူသည် မေ့စွမ်းရင်ဘက်သို့ လှည့်လိုက်သည်။

'မင်းကော ဘယ်လိုသဘောရသလဲ'

မေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ရပါတယ် မြို့တော်ဝန် စီး၊ ကျွန်တော်ကတော့ အချိန်မရွေး သွားနိုင်ပါတယ်'

မြို့တော်ဝန် စီးလောက်ရယ်သည် အနည်းငယ် စဉ်းစားလိုက်ပြန်သည်။

အတန်ကြာမှ....

'ဒီလိုဆိုရင် ကျုပ်တို့ အခုချက်ချင်းပဲ ခရီးထွက်ကြစို့'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ကျွန်တော် မြင်းလှည်းကို အသင့်ပြင်ခိုင်းထားလိုက်မယ်'

သူသည် ယင်းသို့ပြောပြီးနောက် အခန်းတွင်းမှ ထွက်သွားလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် ပေ့စွမ်းရင်ဘက်သို့ လှည့်လိုက်ပြီး....

'ကဲ....မင်းလဲ အဆာထိုင်ပါဦး'

ပေ့စွမ်းရင်သည် ထိုင်ချလိုက်ပြီး....

'ကျွန်တော်တို့ ခရီးထွက်ရမှာက တိဗက်နယ်ခြားဒေသကို မဟုတ်လား'

မြို့တော်ဝန် စီးလောက်ရယ်သည် ခေါင်းညိတ်လိုက်သည်။

'အေးကွ....တိဗက်နယ်ခြားက တိန်းတောင်ထိပ်ကိုပဲ'

ပေ့စွမ်းရင်က မြို့တော်ဝန် စီးလောက်ရယ်အား ကြည့်လိုက်ပြီး....

'ဒီလိုဆို ထွက်ရမှာပေါ့'

မြို့တော်ဝန် စီးလောက်ရယ်က သက်ပြင်းတစ်ချက်ချလိုက်ပြီး....



'အေး...မြင်းနဲ့ပဲ ခရီးထွက်မှာ၊ ခရီးက အတော်ဝေးတယ်ကွ....'

သူသည် ယင်းသို့ပြောပြီး တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်....

'ခြော်....ဒီလောက်ဝေးတဲ့ခရီးကို သွားရမှာဆိုတော့ ကျုပ်တို့တစ်တွေလမ်းမှာ စားဖို့သောက်ဖို့အတွက် ရိက္ခာလေး ဘာလေး ယူသွားရမှာပေါ့'

မြို့တော်ဝန် စီးလောက်ရယ်၏ စကားကြောင့် ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ဒါဆိုရင် ရိက္ခာအတွက် ကျွန်တော် အခုပဲ သွားစီစဉ်လိုက်မယ် ခင်ဗျာ'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်၏။

'အေး....အေး၊ ဒါဆိုရင်လဲ ရိက္ခာခြောက်ကို အမြန်ဆုံးသွားစီစဉ်လိုက်ပါကွယ်'

ပေ့စွမ်းရင်က မြို့တော်ဝန် စီးလောက်ရယ်အား ဦးညွှတ်အရိုအသေပြုလိုက်ပြီး....

'ဟုတ်ကဲ့ခင်ဗျာ'

သူသည် ယင်းသို့ပြောပြီး အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

အရာဦး ရောင်ခြည်သည်....

မိုးကုပ်စက်ဝိုင်းမှာ သမ်းနေပြီ ဖြစ်ပါသည်။

မြင်းလှည်းတစ်စီးသည် တောလမ်းကလေးအတိုင်း ပြေးလွှားနေသည်။

ဆယ်မိုင်မျှ ကျော်လာပြီးသောအခါ မြင်းလှည်းသည် တောလမ်းမှ လမ်းမကြီးပေါ်သို့ ဖြတ်တက်လိုက်သည်။

မြင်းလှည်းသည် လမ်းမကြီးပေါ်သို့ ရောက်သောအခါ လျှိုစန်းဖုံးသည် မြင်းလှည်းအား ကြီးမားသော သစ်ပင်တစ်ပင်အောက်၌ ရပ်တန့်၍ အနားယူလိုက်ကြလေသည်။

သူသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ကိုယ်ပေါ်မှ ဖုန်များကို ခါထုတ်လိုက်ပြီးနောက် မြင်းလှည်းအောက်သို့ဆင်းလိုက်လေသည်။



'ကဲ....ကျွန်တော်တို့ ဒီမှာ ခဏနားရင်း နေ့လယ်စာ စားကြမယ်'

ပေ့စွမ်းရှင်သည် မြင်းလှည်းတံခါးကို ဖွင့်၍ ဆင်းလိုက်ရင်း....

'အနည်းဆုံး တစ်နာရီလောက်တော့ နားမယ်'

လျှိုစန်းဖုံးသည် မြင်းလှည်းဆွဲသော မြင်းနှစ်ကောင်အား ကြည့်လိုက်ပြီး....

'ကောင်းသားပဲ၊ မြင်းတလွဲ မောလှပြီ'

သူသည် ယင်းသို့ပြောပြီး ခါးမှဓားအား ဆွဲထုတ်လိုက်ပြီး မြေကြီးထဲသို့ စိုက်ချလိုက်သည်။

'ဓားရဲ့အရိပ်က ဓားနဲ့တစ်တိုင်းတည်းရောက်တော့မှ ခရီးထွက်မယ်'

ပေ့စွမ်းရှင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'အကောင်းဆုံးပဲ'

လျှိုစန်းဖုံးကလည်း အပျင်းတစ်ချက် ဆန့်လိုက်ပြီး....

'ကျုပ်တို့ အမြန်ဆုံးမောင်းလာတာ လိုက်မယ့်သူကတော့ ခြေကုန်လိုက်မှရတော့မယ်၊ ကဲ....နေ့လယ်စာ စားကြရအောင်'

ထို့နောက်....

သူတို့သည် ပါလာသော အညိုရောင် အသားလွတ်ပေါက်စီများကို စားလိုက်ကြလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည့် မြင်းလှည်းပေါ်မှပင် မဆင်းဘဲ နေ့လယ်စာအား မြင်းလှည်းပေါ်မှာပင် စားသောက်လိုက်သေသည်။

ပေ့စွမ်းရင်သည် သူတို့မြင်းလှည်း ဖြတ်လာခဲ့ရာလမ်းဘက်သို့ လက်ညှိုးညွှန်လိုက်ပြီး....

'ငါတို့လာခဲ့တဲ့ လမ်းဘက်ကို ကြည့်လိုက်စမ်း လျူ'

လျူစန်းဖုံးသည် ထိုစကားကြောင့် နောက်ပြန်လှည့်ကြည့်လိုက်သည်။

သူတို့လာခဲ့ရာ လမ်းအတိုင်း မြင်းစီးလာသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

မြင်းက အဖြူရောင်၊ လူက အနက်ရောင်ဖြစ်နေပြီး အကွာအဝေးကလည်း အတန်ငယ် ဝေးနေသဖြင့် ထိုလူ၏မျက်နှာကို သေသေချာချာ ပီပီပြင်ပြင် မမြင်တွေ့ရပါချေ။

ထိုလူသည် လျူစန်းဖုံးက သူ့အား လှည့်ကြည့်သည် မြင်လိုက်ရသဖြင့် မြင်းကို လမ်းဘေးတောစပ်သို့ မောင်းနှင်သွားလေသည်။

လျူစန်းဖုံးသည် မျက်မှောင်ကြုတ်သွားသည်။



'ဒီလူက တော်တော်လျင်တာပဲ စွမ်းရင်'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

'သူလိုက်လာတာစ္စတို့ ငါသတိထားမိတာ နှစ်နာရီလောက်တောင် ရှိသွားပြီ'

လျူစန်းဖုံးက စဉ်းစားလိုက်ပြီး....

'ဒီလိုဆိုရင် ကျုပ်တို့ မြို့ထဲက ထွက်လာကတည်းက လိုက်လာတာဖြစ်မှာပေါ့'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ဟုတ်တယ်၊ ဒါပေမယ့် ဒီလူက တော်တော်ဝါနုသေးတယ်ထင်တယ်၊ သူ နောက်ယောင်ခံလိုက်တာကလဲ ကျွမ်းကျင်မှုမရှိဘူး'

လျူစန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဒီလူဟာ ဝါနုတဲ့လူတစ်ယောက်တော့မဟုတ်ဘူး၊ ဦးနှောက်ရှိတဲ့လူတစ်ယောက်ပဲ့ဖြစ်မယ်'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်မယ်...,သူဟာ မနေ့က မြို့တော်ဝန်စီးရဲ့အခန်းကိုရှာသွားတဲ့လူပဲဖြစ်ရမယ်'

လျှုစန်းဖုံးက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒါဖြင့် သူက ဘယ်သူလဲ'

ပေ့စွမ်းရှင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဘယ်သူဆိုတာ ငါလဲမသိဘူး၊ ဒါပေမယ့် တို့ကိုနှောင့်ယှက်မယ့်ရန်သူဆိုတာတော့ သေချာတယ်'

မြို့တော်ဝန်စီးလောက်ရယ်သည် မြင်းလှည်းအိမ်၏ ပြတင်းပေါက်မှ ခေါင်းပြူထွက်လာပြီး....

'ဘယ်သူပဲဖြစ်ဖြစ် တို့က အေးအေးဆေးဆေး အနားယူပြီး အားမွေးဖို့ပဲလိုတယ်၊ မင်းတို့တွေ အနားယူကြဦး'

လျှုစန်းဖုံးသည် ခေါင်းညိတ်၍ပြုံးလိုက်ပြီး....

'ဟုတ်တယ်....ဒါဟာ အကောင်းဆုံးပဲ ဦးလေးစီး'

ထိုနေ့ ညအချိန်တွင်....

မြင်းလှည်းသည် တရွတ်ပြည်နယ်စပ် ကျန်းစီမြို့ရှိ တုံမျိုးနွယ်စု ဘုံကျောင်းပျက်သို့ ရောက်ရှိလာလေသည်၊

ရှတ်တရက်....



လျှုစန်းဖုံး သည် မြင်းလှည်းကို ရပ်တန့်လိုက်သည်၊

'ကနေ့ညတော့ ဒီဘုံကျောင်းပျက်ထဲမှာပဲ အိပ်ကြပါစို့'

မြို့တော်ဝန်စီးလောက်ရယ်သည် မြင်းလှည်းပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သည်၊

'ဟေ့...လျှုစန်းဖုံး၊ မင်းဒီမှာအိပ်တာတော့ဟုတ်ပါတယ်၊ ဒါပေမယ့် လုံခြုံပါ့မလား'

လျှုစန်းဖုံးက ခေါင်းခါယမ်းလိုက်သည်၊

'ဒီလိုလေ ဦးလေးစီးရဲ့၊ သူတို့က ကျွန်တော်တို့တည်းခိုခန်းမှာ တည်းမယ်လို့ထင်နေကြမှာပဲ၊ ဒါကြောင့် ဒီမှာပဲ ကျွန်တော်တို့တည်းတာ အကောင်းဆုံးပဲ'

ပေ့စွမ်းရှင်က လျှုစန်းဖုံးအား ပြုံး၍ကြည့်ရင်း....

'မင်းစကားပြောရင် နောက်ကို လှည့်ကြည့်ပြီးမှ ပြောရင် ကောင်းမယ်ထင်တယ်'

လျှုစန်းဖုံးသည် နောက်သို့ လှည့်ကြည့်လိုက်သည်၊

မြင်းဖြူစီး၍ အနက်ရောင် ဝတ်ဆင်ထားသော လူသည် တစ်ဖက်လမ်းဝသို့ ရောက်နေသည်ကို တွေ့လိုက်ရလေသည်၊

လျှုစန်းဖုံးက အံ့အားသင့်သွားသည်၊

'ဒီလူက တစ်နေ့လုံး ပျောက်နေပြီး အခုမှ ပြန်ပေါ်လာတယ်'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်....ဒါပေမယ့် တို့သွားတဲ့လမ်းက ဒီဘစ်လမ်းထဲ ရှိတာမှမဟုတ်တာ၊ ဒီလူဟာ ငါတို့ဒီလမ်းကို ဖြတ်သိမ့်မယ်လို့ ကြိုတင်သိထားလိမ့်မယ် ထင်တယ်'

လျှုစန်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကဲ....ကျုပ်တို့ဘာဆက်လုပ်ရမလဲ'

ပေ့စွမ်းရင်သည် ပြုံးလိုက်ပြီး....

'အခု မင်း ဒီမှာညအိပ်ဖို့ စိတ်ကူးသေးသလား'

လျှုစန်းဖုံးက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒီလိုဆိုရင် ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သွားတည်းတာကမှ စားစရာသောက်စရာရှိဦးမယ်'

မြို့တော်ဝန် စီးသောက်ရယ်က ခေါင်းညိတ်လိုက်သည်၊

'အေး....ဘုန်းကြီးကျောင်းဆိုတာ တော်ရုံတန်ရုံအန္တရာယ်နဲ့ မတွေ့ကြုံနိုင်ဘူးပေါ့'

# အခန်း (၅)

## ကျန်စီဘုန်းကြီးကျောင်း

ကျန်စီမြို့တွင် ကျန်စီဘုန်းတော်ကြီးကျောင်းသည် အကြီးကျယ်ဆုံးသော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ဖြစ်ပါသည်။

ယင်းဘုန်းတော်ကြီးကျောင်းတွင် တရားအားထုတ်နေကြသော ဘုန်းတော်ကြီးများသည် ဆွမ်းခံခြင်းမပြုကြပါ၊

ဘုန်းတော်ကြီးများသည် ကိုယ်တိုင် လယ်ယာ စိုက်ပျိုးပြီး စားသောက်နေထိုင်ကြလေသည်၊

ထို့ကြောင့်....

ကျွန်စီ ဘုန်းတော်ကြီး ကျောင်းသည် အခမ်းနားဆုံးနှ အကြီးကျယ်ဆုံးသော ဘုန်းတော်ကြီးကျောင်းတစ်ခု ဖြစ်ရုံမက ဘဲ ဘုန်းတော်ကြီးများသည် လူတိုင်း၏ ကြည်ညို လေးစာ ခြင်းကို ခံကြရသူများပင် ဖြစ်သည်။

လျူစန်းဖုံး ထိုဘုန်းတော်ကြီးကျောင်းသို့ မြင်းလှည်း ဦးတည် မောင်းနှင်လိုက်လေသည်။

သူနှင့် မြို့တော်ဝန် စီးသောက်ရယ်တို့သည် ရုပ်ဖျက်ထာ သဖြင့် မည်သူမျှမမှတ်မိကြချေ။

ထိုည သူတို့သုံးယောက်သည် ကျောင်းထိုင်ဘုန်းတော်ကြ အား ခွင့်တောင်းပြီးလျှင် တစ်ညတာ တည်းခိုလိုက်ကြ သည်။

❀

နံနက်ခင်းအချိန်ဖြစ်သည်။

အရုဏ်ဦး၏ နွေးထွေးသောနေရောင်ခြည်နှင့်အတူ ကျ ဘုန်းတော်ကြီးကျောင်းမှ မြင်းလှည်းတစ်စီးသည်ထွက်ခွာသွ လေသည်။



လျူစန်းဖုံးသည် မြင်းလှည်းအား အရှိန်ပြင်းစွာ မောင်း နှင်နေသည်။

သူတို့သည် နေမွန်းတည့်ချိန်အရောက်တွင် သစ်ပင်များအုပ် ဆိုင်းနေကြသော တောလမ်းတစ်ခုကို ဖြတ်ကျော်ရမည်ဖြစ်ပါ သည်။

ထိုတောအုပ်သည် အလွန်နက်ရှိုင်းသည်ဟု မဆိုသာသော် လည်း မြင်းလှည်းသည် ထိုတောအုပ်ကိုဖြတ်ကျော်ရမှာအနည်း ဆုံးတစ်နာရီခန့် ကြာလိမ့်မည်ဟု လျူစန်းဖုံးက ခန့်မှန်းပါ သည်။

ယင်းတောအုပ်တွင် ရန်သူများ စောင့်ဆိုင်း တိုက်ခိုက်မည် ဆိုလျှင် သူတို့အဖို့ လွယ်ကူမည်မဟုတ်မှန်း ရိပ်စားမိလိုက်လေ သည်။

သို့သော်....

ဤလမ်းမှအပ အခြားလမ်းမရှိပါချေ။

လျူစန်းဖုံးသည် မြင်းလှည်းကို အရှိန်ပြင်းစွာဖြင့် ထိုတော အုပ်ထဲသို့ ဦးတည်ကာ မောင်းနှင်သွားလေသည်။

ထိုလမ်းသည် အလွန်ညီညာပြီး မြင်းလှည်းနှစ်စီး ယှဉ်၍ မောင်းနှင်နိုင်သော လမ်းတစ်ခု ဖြစ်ပါသည်။

လမ်းသည် ဖြောင့်တန်းမနေဘဲ နှစ်ဆစ်ချိုး ကွေ့ရသော လမ်းဖြစ်၍ လျှုစန်းဖုံးသည် ပထမအဆစ်ချိုးကို ချိုးဝင်လိုက်သောအခါ ချောချောမောမောပင် ရှိသည်။

သူသည် စိတ်အနည်းငယ် သက်သာလာသည်။

ဒုတိယအဆစ်ချိုးကို ကွေ့ဝင်လိုက်သည်နှင့် လမ်း၏အလယ်တွင် ခုတ်လှဲထားသော သစ်ပင်များဖြင့် ပိတ်ဆို့နေသည်ကို တွေ့လိုက်ရလေသည်။

ထိုသစ်ပင်များပေါ်တွင် စုလုံနှင့် စုံယုံတို့ ညီအစ်ကိုနှစ်ယောက် အေးအေးဆေးဆေးထိုင်နေကြသည်ကို တွေ့မြင်လိုက်ရသည့်အတွက် လျှုစန်းဖုံးသည် သစ်ပင်သစ်တုံးများနှင့် မြင်းလှည်းကို မတိုက်မိစေရန် ကပျာကယာ ရပ်တန့်လိုက်ရလေ၏။

စုလုံသည် သူ၏ဓားအား အဝတ်ဖြူတစ်ခုနှင့် အေးအေးဆေးဆေး ပွတ်တိုက်နေသည်။

မြင်းလှည်းသည် သူ့အနီးသို့ရောက်လာပြီး ရပ်တန့်သွားသောအခါမှ သူသည် သစ်တုံးပေါ်တွင် မတ်တတ်ရပ်လိုက်လေသည်။

သူ၏ နီရဲသောမျက်လုံးအစုံသည် စက်ဆုပ် မုန်းတီးသောအကြည့်ဖြင့် လျှုစန်းဖုံးအား စေ့စေ့ကြည့်လိုက်သည်။

ရုတ်တရက်....



စုလုံသည် သူ၏လက်ထဲမှ အဝတ်ဖြူကို အောက်သို့ပစ်ချလိုက်သည်။

ဓားရောင်သည် လက်ခနဲတစ်ချက်လင်းသွားပြီး သူ၏ခန္ဓာကိုယ်သည် လေထဲသို့ခုန်ဝင်လိုက်ပြီး သူ၏ဓားဖြင့် လျှုစန်းဖုံးအား တိုက်ခိုက်လိုက်လေသည်။

တစ်ချိန်တည်းမှာပင်....

အရာဝတ္ထုနှစ်ခု လေတိုးသံကို ကြားလိုက်ရပြီး သံတူနှစ်လုံးသည် ဝဲဘက်ရှိ သစ်ပင်များကြားမှ မြင်းလှည်းဆီသို့ပစ်သွင်းလိုက်လေသည်။

လျှုစန်းဖုံး၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

'သတိထား စွမ်းရင်'

ဟု အော်ဟစ်သတိပေးလိုက်ပြီး ဓားကို ဆွဲထုတ်လိုက်လေသည်။

သို့သော်....

သူ နောက်ကျသွားပြီဖြစ်သည်။

'ဝုန်း...ဝုန်း'

ထိုအသံနှင့်အတူ သံတူ၏တိုက်ခိုက်မှုကြောင့် မြင်းလှည်းသည် ကျိုးပဲ့သွားလေတော့သည်။

ထိုအခါ....

မြင်းလှည်းအားဆွဲသော မြင်းနှစ်ကောင်သည် ထိတ်လန့်သွားပြီး မြင်းတစ်ကောင်သည် ပစောပ်ရပ်လိုက်သောကြောင့် မြင်းလှည်းသည် တစ်ဖက်သို့စောင်း၍ မှောက်သွားလေသည်။

လျှုစန်းဖုံးသည် ထိတ်လန့် တုန်လှုပ်သွားလေသည်။

ထိုစဉ်မှာပင်....

စုလုံ၏ဓားသည် သူ့ဆီသို့ရောက်လာပြီ ဖြစ်သည်။

သူသည် ဓားဖြင့် ကပျာကယာခံပေးလိုက်သည်။

'ခြွမ်း'

ဓားနှစ်သက်၏သီတွေ့သံများ ထွက်ပေါ်လာပြီး လျှုစန်းဖုံးသည် မြင်းလှည်းအောက်သို့ လွင့်စဉ်ကျသွားလေသည်။

စုလုံသည် ရရှိသောအခွင့်အရေးကို လက်လွှတ်မခံပါ။



သူသည် မြေပေါ်တွင် လဲကျနေသော လျှုစန်းဖုံးအား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

လျှုစန်းဖုံးသည် မြေပေါ်မှထရန်ပင် အချိန်မရလိုက်ပါချေ။

သူသည် မြေပေါ်မှလှိမ့်၍ စုလုံ၏ဓားချက်ကို ရှောင်တိမ်းနေရလေသည်။

စုလုံ၏ဓားသည် အလွန်လျင်မြန်လှသဖြင့် လျှုစန်းဖုံးအား ခုတ်သော ဓားများမှာ ဆယ်ချက်လောက်ပင် ရှိနေပြီဖြစ်သည်။

သို့သော်....

လျှုစန်းဖုံးသည် မြေပေါ်၌ပင် လိမ့်၍ပင်ရှောင်တိမ်းနေရဆဲပင် ဖြစ်သည်။

တစ်ချိန်တည်းမှာပင်....

လျှုစန်းဖုံးသည် မြေပေါ်မှ တပျာကယာထကာ သူ၏ဓားဖြင့် စုလုံအား ပြန်လည်ခုခံလေတော့သည်။

ဤတစ်ကြိမ်တွင်....

လျှုစန်းဖုံးသည် သူ၏ဓားဖြင့် တရကြမ်း ပြန်လည်တိုက်ခိုက်သောကြောင့် စုလုံသည် နောက်သို့ခြေလှမ်း သုံးလှမ်းခန့် ဆုတ်ပေးရလေသည်။

လျှူစန်းဖုံးသည် ပြုံးလိုက်သည်။

'မြို့စောင့်ဝန်လေးရဲ့ ဓါးက အတော်မြန်သားပဲ'

စုလုံသည် ထိုစကားကို ပြောနေစဉ်မှာပင် လျှူစန်းဖုံးသည် စုလုံအား ဆယ်ချက်တိတိ ပြန်လည်တိုက်ခိုက်ပြီး ဖြစ်နေသည်။

စုလုံသည် လျှူစန်းဖုံး၏ တိုက်ခိုက်မှုကို ခုနစ်ချက်တိတိ ဓါးဖြင့်ခုခံလိုက်ပြီး ခြေလှမ်းသုံးလှမ်း ရှောင်ပေးလိုက်သည်။

ထို့နောက်....

သူသည် ဂြာသံတစ်ချက်ပေးလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဤတစ်ကြိမ်တွင်....

သူ၏တိုက်ခိုက်မှုသည် ပို၍လျှင်မြန်ပြီး ပို၍အားမာန်ပါလာလေသည်။

လျှူစန်းဖုံးသည် စုလုံ၏တိုက်ခိုက်မှုကို သုံးချက်တိတိ ဓါးဖြင့် ခံပေးလိုက်လေသည်။

စုလုံ၏ ဓါးခုတ်အားသည် အလွန်ပြင်းထန်သောကြောင့် သူ၏လက်မောင်းသည် ကျဉ်တက်သွားလေသည်။

လျှူစန်းဖုံးသည် အခြေအနေကို မဟန်မှန်း သိလိုက်သဖြင့် ခုခံခြင်းပင်မပြုတော့ဘဲ သိုင်းကွက် ပြောင်းလိုက်လေသည်။



သူ၏ခန္ဓာကိုယ်သည် ပေါ့ပါး သွက်လက်စွာဖြင့် စုလုံ၏ တိုက်ကွက်များကို ရှောင်တိမ်းပြီး သူ၏ဓါးဖြင့် စုလုံ၏ တိုက်ကွက်ကြားတွင် ဖြစ်ပေါ်လာသော ဟာကွက်များကို ရှာဖွေ၍ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ကွက်မှာ ခံစစ်သဘောမျိုးပင် ဖြစ်ပါသည်။

စုလုံသည် မဲ့ပြုံးပြုံးနေသည်။

သူ၏ဓါးသည် ဝဲယာတစ်ချက်စီ အယ်ညာယှက်၍ ဖိ၍ တိုက်ခိုက်လိုက်ရာ နှစ်ဆယ့်လေးကွက်မြောက် ရောက်သောအခါ သူ၏သိုင်းကွက်သည် လျှူစန်းဖုံး၏ ထွက်ရာလမ်းကို ပိတ်ဆို့ထားနိုင်လေသည်။

စုလုံသည် အေးစက်စွာ ပြုံးလိုက်ပြီး သူ၏ ဓါးကွက်ကို ရုတ်တရက် ပြောင်းလဲလိုက်၍ လျှူစန်းဖုံး၏ ခေါင်းပေါ်သို့ ရိုက်ချလိုက်လေသည်။

ဤတစ်ကြိမ်တွင်....

လျှူစန်းဖုံးသည် ရှောင်တိမ်းနိုင်ခြင်း မရှိပါ။

ထို့ကြောင့် သူသည် ဓါးဖြင့် ကပျာကယာ ခံပေးလိုက်ရလေသည်။

'ခြိမ်း....'

စုလိုံ၏ဓားသည် အလွန်ပြင်းထန်ခဲ့သောကြောင့် လျှူစန်းဖုံး၏ဓားကို ခုတ်မိပြီး အရှိန်ဖြင့် တောက်လျှောက် ခုတ်ဆင်းသွားရာ....

'အား....'

လျှူစန်းဖုံး၏ ဘယ်ဘက်ပခုံးသည် စုလိုံ၏ ဓားဖြင့် ခုတ်မိသွားပြီး သွေးများ ခြင်းခြင်းနီရဲသွားလေသည်။

သူလွယ်ထားသော အနီရောင် ကတ္တီပါရှူ့အိတ်လေးသည် မြေပေါ်သို့ ကျသွားလေသည်။

'ဟား....ဟား....ဟား၊ လျှို့ဝှက်မြေပုံက မင်းဆီမှာကိုး'

သူသည် ကျဲသို့ရယ်မောရင်း သူ၏ဓားချက်သည်ဆယ့်ခြောက်ချက်တိတိ တိုက်ခိုက်လိုက်လေသည်။

လျှူစန်းဖုံးအား အမြန်ဆုံး အလဲတိုက်ပြီး လျှို့ဝှက်မြေပုံအား အရလုယူရန် အကြံနှင့်ဖြစ်သည်။

လျှူစန်းဖုံးသည် အံကိုတင်းတင်းကြိတ်၍ အစွမ်းကုန် ခုခံနေသည်။

သူသည် လျှို့ဝှက်မြေပုံအနီးမှ တစ်ဖဝါးမခွာလိုပါချေ။

သို့သော်....

စုလိုံ၏ ပြင်းထန်သော ဓားချက် ဆယ့်ခြောက်ချက်အား ခံလိုက်ရပြီးနောက် မောဟိုက်လာသည်။



သူ၏ ခြေလှမ်းများမှာလည်း ယိမ်းယိုင်လာလေသည်။

ထိုအချင်းအရာကို စုလိုံက မြင်တွေ့လိုက်ရလေသည်။

စုလိုံသည် ထပ်မံ၍ လေးချက်တိတိ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

ပထမဓားချက်သည် လျှူစန်းဖုံး၏ဓားကို နံဘေးသို့ရောက်သွားအောင် ခုတ်လိုက်သည်။

ဒုတိယဓားချက်သည် ဓားကို ကျိုးသွားအောင် ခုတ်ပိုင်းလိုက်ပြီး တတိယနှင့် စတုတ္ထဓားချက်တို့သည် လျှူစန်းဖုံး၏ ရင်ဝသို့ ခုတ်လိုက်ခြင်း ဖြစ်ပါသည်။

လျှူစန်းဖုံးသည် နောက်သို့ ဆုတ်လိုက်သည်။

သူသည် ဆုတ်၍ရှောင်ရန်မှအပ မည်သို့မျှ မတတ်နိုင်ပါချေ။

သူသည် နောက်သို့ ဆုတ်လိုက်ရုံနှင့် ခြေလှမ်း သုံးလှမ်းမျှ ဆက်တိုက်ဆုတ်သွားလေသည်။

စုလိုံသည် ရှေ့သို့ ခြေလှမ်းသုံးလှမ်းမျှ တက်သွားသည်။

သူ၏ ဝဲဘက်လက်သည် မြေပေါ်မှလျှို့ဝှက်မြေပုံကို ကောက်ယူရန် ဆန့်ထုတ်လိုက်သည်။

ထိုတခဏ်အချိန်၌တွင် လူရိပ်တစ်ခုသည်လျှပ်တစ်ပြက်ဝင်ရောက်လာပြီးလျှင် ဓားရောင်တစ်ချက် ဝင်းလက်သွား၏။

သုံးပေခန့်ရှည်သော ဓားတစ်လက်သည် သူ၏လက်ကောက်ဝတ်ဆီသို့ ခုတ်ချလိုက်ရလေသည်။

❁

စုလုံသည် လျှို့ဝှက်မြေပုံကို မယူရဲတော့ပါ။

သူသည် ကပျာကယာ သူ့လက်ကို ရုပ်သိမ်းလိုက်ရသည်၊

သူ၏ယာဘက်လက်မှ ဓားသည် ဝင်ရောက်လာသော သူ၏ယာဘက်လက်ကောက်ဝတ်ဆီသို့ ခုတ်လိုက်သည်။

သူ၏ဓားသည် ဆန့်ထုတ်လိုက်သည်နှင့် သုံးပေခန့်ရှည်သော ဓားသည် သူ၏ဓားအား ပိတ်ဆို့ထားလိုက်လေသည်၊

ထိုအခါ....

စုလုံသည် ဝင်ရောက်လာသူမှာ မြို့တော်ဝန် စီးလောက်ရယ် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဩော်....မြို့တော်ဝန် စီးလောက်ရယ်ကိုး'

စုလုံက မဲ့ပြုံးပြုံးလိုက်ပြီး ပြောလိုက်၏။



ဟုတ်ပါသည်။

ဝင်ရောက်လာသူမှာ မြို့တော်ဝန် စီးလောက်ရယ်ပင် ဖြစ်ပါသည်။

သူ၏တစ်ကိုယ်လုံးမှ အင်္ကျီများသည် စုတ်ပြတ်နေသည်၊

ခြေလက်များမှာလည်း ပွန်းပဲ့ကာ ဒဏ်ရာများပင် ရနေလေ၏။

'ဟုတ်ပါတယ် စုလုံ'

သူသည် အေးစက်စွာဖြင့် စုလုံအား ပြန်ပြောရင်း တိုက်ခိုက်နေ၏။

စုလုံက မဲ့ပြုံးပြုံးလိုက်၏၊

'မြို့တော်ဝန်က တော်တော် ကံကောင်းတာပဲ၊ ကျုပ်ညီလက်ချက်နဲ့လဲ မသေသေးဘဲကိုး'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ် အသက်ရှည်ရှည်နေရမယ်လို့ ဗေဒင်ဆရာက ဟောထားတယ်ကွ'

စုလုံက ပေ့စွမ်းရင်ဘက်သို့ လှည့်လိုက်ပြီး....

'မြို့တော်ဝန်ရဲ့ညီသည်လျှော့ ကံကောင်းနေတယ်နော်၊ အခုထိ မသေနိုင်သေးဘူး'

မြို့တော်ဝန် စီးလောက်ရယ်က ပြုံးလိုက်သည်။

'သူက ကျုပ်တို့ထက် အသက်ပြင်းတယ်ဗျ'

စုလုံက ပြုံးလိုက်ပြီး....

'တယ်ဟုတ်ပါလား၊ မြို့တော်ဝန်ရဲ့ ဧည့်သည်က ဘယ်သူလဲ'

မြို့တော်ဝန် စီးလောက်ရယ်က စုလုံအား ကြည့်လိုက်ပြီး....

'မင်းက သူ့ကို မသိဘူးလား'

စုလုံက ခေါင်းခါယမ်းလိုက်၏။

'မသိလို့ပေါ့ဗျာ'

'ဟား....ဟား....ဟား'

မြို့တော်ဝန် စီးလောက်ရယ်က ရယ်မောလိုက်၏။

'မင်းက ကျုပ်ရဲ့ဧည့်သည်ဟာ ဘယ်သူလဲဆိုတာ မသိသေးဘဲကိုး၊ ဒါနဲ့များ လျှို့ဝှက်မြေပုံကို လိုချင်သေးတယ်လို့'

စုလုံသည် မျက်မှောင်ကြုတ်သွား၏။

'ကျုပ်ညီ စုကွမ်းက သူ့လက်ချက်နဲ့ သေသွားတာ ဟုတ်လား'



မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်၏။

'သိပ်ဟုတ်တာပေါ့ကွ'

စုလုံ၏ မျက်နှာတစ်ခုလုံး ဒေါသကြောင့် နီရဲသွားလေသည်။

'ဒီမှာ မြို့တော်ဝန်စီး၊ သူက ဘယ်သူလဲ'

မြို့တော်ဝန် စီးလောက်ရယ်က ပြုံးလိုက်ပြီး....

'သူက သေနတ်သမား ပေ့စွမ်းရှင် ဆိုတာပေါ့'

စုလုံသည် ထိုအမည်ကို ကြားလိုက်ရသည်နှင့် တစ်ကိုယ်လုံး တောင့်တင်းသွားလေတော့၏။

'အား'

စူးရှနာကျင်စွာ အော်ဟစ်လိုက်သော အသံတစ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ထိုအသံပိုင်ရှင်ကား ခြသေ့ညီနောင် သုံးဖော်မှ ဒုတိယမြောက် စုယုံပင် ဖြစ်ပေါ၏။

မြင်းလှည်းသည် ကျိုးပဲ့သွားလေ၏။

မြင်းလှည်းအား တည်ဆောက်ထားသော သစ်သားများသည် ကြေမွသွားလေ၏။

သံတူနှစ်လုံးသည် အရှိန်မသေသေးပါချေ။

ထို့ကြောင့် သံတူနှစ်လုံးသည် မြင်းလှည်းထဲသို့ ထိုးဖောက်ဝင်ရောက်သွား၏။

ပေ့စ္စမ်းရင်သည် အတွေ့အကြုံ အလွန်ကြွယ်ဝသော သိုင်းသမားဖြစ်သည့်အလျောက် မြင်းလှည်းကို ရုတ်တရက် ရပ်တန့်သွားသည်နှင့် အရေးပေါ် အန္တရာယ်တစ်ခု ကြုံတွေ့ရပြီဟု ချက်ချင်း ရိပ်စားမိလိုက်လေ၏။

သူ၏နားထဲ၌လည်း လေထုသို့ ထိုးဖောက်ပြီး ထွက်ပေါ်လာသံကို ကြားလိုက်ရသည်နှင့် သူသည် ကပျာကယာ မြင်းလှည်းအောက်သို့ ဝပ်ချလိုက်လေ၏။

မြင်းလှည်း ကျိုးပဲ့သွားသောအခါ သူသည် မြင်းလှည်းပေါ်မှ လိမ့်ဆင်းလိုက်ပြီး အဝေးသို့ ခုန်ထွက်လိုက်၏။

မြို့တော်ဝန် စီးလာသော ရထားနှင့် ပေ့စ္စမ်းရင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေလေ၏။

သံတူနှစ်ခုသည် မြင်းလှည်းအား ထိမှန်သွားသော်လည်း သူတို့အား ထိမှန်ခြင်း မရှိပါ။



ကျိုးပဲ့သွားသော သစ်သားစများသာလျှင် သူ့အစေး ထိမှန်သွားလေ၏။

သူသည် မြင်းလှည်း ကျိုးပဲ့သွားသောနေရာမှ ခုန်ဆင်းလိုက်၏။

ထို့နောက်....

သူသည် မြေပေါ်၌ နှစ်ပတ်သုံးပတ်လိမ့်ပြီးမှ ထလိုက်လေသည်။

ထိုစဉ်မှာပင်....

စုယိုး၏ သံတူနှစ်လက်သည် သူ့အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေတော့သည်။

## အခန်း (၆)

## ခြသေ့်ညီနောင် စုယုံ

စုယုံသည် သံတူဖြင့် မြင်းလှည်းကို အလစ်တိုက်ခိုက်လိုက်စဉ်က မြင်းလှည်းထဲမှ လူနှစ်ယောက်ရှိသည့်အနက် အနည်းဆုံးတစ်ယောက်တော့ ထိမှန်သွားလိမ့်မည်ဟု ထင်မှတ်ထားသည်။

ယခုမှာမူ....

မြင်းလှည်းထဲမှ လူနှစ်ယောက်သည် ထိခိုက်မိခြင်း မရှိဘဲ လွတ်မြောက်သွားသည်ကို တွေ့လိုက်ရသောအခါ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သို့သော်...

သူသည် အနီးသို့ ရောက်ရှိလာသော မြို့တော်ဝန် စီးလောက်ရယ်အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မြို့တော်ဝန် စီးလောက်ရယ်သည် သူ့ခါးမှဓားကို ကပျာကယာ ဆွဲထုတ်လိုက်၏။

ထို့နောက် စုယုံအား ပြန်လည်တိုက်ခိုက်လိုက်လေ၏။

ပေ့စွမ်းရင်သည် သူ၏ခါးမှ သွေးသောက်ဓားအား ဆွဲထုတ်လိုက်ပြီဖြစ်ရာ သူသည် စုယုံအား ဝင်ရောက် တိုက်ခိုက်ရင်း....

'မြို့တော်ဝန်စီး....မြို့တော်ဝန်စီး၊ လျူစန်းဖုံးကို သွားကူပါ သူ့ကို ကျွန်တော့်အတွက် ထားခဲ့ပါ'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်သည်၊

'ကောင်းပြီ'

မြို့တော်ဝန်, စီးလောက်ရယ်သည် ဤသို့ပြောပြီး နောက်သို့ ခုန်ထွက်လိုက်လေသည်။

စုယုံသည် စီးလောက်ရယ် ထွက်သွားသည်ကို တွေ့လိုက်ရသောအခါ ပေ့စွမ်းရင်အား တိုက်ခိုက်လိုက်လေသည်။

သူ၏ဓားသည် အလွန် ပေါ့ပါးနေသောကြောင့် စုယုံ၏ သံတူနှင့် ရင်ဆိုင်ခြင်းမပြုဘဲ စုယုံ၏တိုက်ခိုက်မှုကို ရှောင်ရင်း အလစ်ချောင်း၍ ပြန်လည်တိုက်ခိုက်လေ၏။



စုယုံသည် ပေ့စွမ်းရင်အား မတွေ့မြင်ခဲ့ဖူးပါချေ၊ ထို့ကြောင့် သူသည် တရကြမ်းဖိတိုက်ရင်း....

'မိတ်ဆွေ....ခင်ဗျားက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ပေ့စွမ်းရင်က ပြုံးလိုက်၏။

'ကျုပ်နာမည် ပေ့စွမ်းရင်လို့ ခေါ်ပါတယ်'

ထိုနာမည်အား ကြားလိုက်ရသောအခါ စုယုံ အံ့အားသင့်သွားမိ၏။

'ခင်ဗျားက သွေးသောက်ဓား ပေ့စွမ်းရင် ဟုတ်လား'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

စုယုံသည် ဒေါသခြောင်းခြောင်း ထွက်သွား၏၊

'ဒီလိုဆို စုကွမ်းကို ခင်ဗျားသတ်လိုက်တာပေါ့ ဟုတ်လား'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်'

စုယုံသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး....

'ကဲ....သေဖို့သာ ပြင်ထားပေတော့'

စုယုံသည် ဤသို့ပြောပြီး သူ၏ကြီးမားသော သံတူ နှစ်လက်ဖြင့် မေ့စွမ်းရင်အား တချက်ကြမ်း တိုက်ခိုက်လိုက်လေသည်။

မေ့စွမ်းရင်သည် နောက်သို့ဆုတ်ရင်း သစ်ပင်တစ်ပင်ရှိရာသို့ ဆုတ်သွားမိလေသည်။

မေ့စွမ်းရင်သည် သူ့နောက်တွင် သစ်ပင်တစ်ပင်သည် သူ့နောက်သို့ဆုတ်သည့် လမ်းကြောင်းအား ပိတ်ဆို့ထားသည်ကိုမူ လူသိပုံမရပါပေ။

သို့သော်....

စုယုံက ဤအချက်အား မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် သူသည် အလစ်မပေးတဲ့ သံတူနှစ်လက်အား တချက်ကြမ်းဝှေ့ယမ်းကာ မေ့စွမ်းရင်အား သစ်ပင်ရှိရာသို့ဖိတိုက်သွားလေသည်။



မေ့စွမ်းရင်သည် နောက်သို့တစ်ဆုတ်တည်း ဆုတ်သွားရသည်။

ရုတ်တရက်....

သူ၏နောက်ကျောသည် သစ်ပင်တစ်ပင်နှင့် ထိတွေ့မိလိုက်သောကြောင့် သူသည် နောက်ဆုတ်ရန် လမ်းမရှိတော့ပါချေ။

စုယုံသည် ရရှိသောအခွင့်အရေးအား အမြန်ဆုံး အသုံးချလိုက်လေသည်။

သူ၏သံတူသည် သစ်ပင်ကိုကပ်၍ရပ်နေသော မေ့စွမ်းရင်ထံသို့ တအားတိုက်ခိုက်လိုက်လေသည်။

'ဝုန်း....'

ဟူသော အသံတစ်သံထွက်ပေါ်လာပြီး သံတူသည် မေ့စွမ်းရင်၏ ခန္ဓာကိုယ်အား ထိမှန်ခြင်းမရှိဘဲ သစ်ပင်ကိုသာထိမှန်သွားပြီး သစ်ကိုင်းများ ကျိုးပဲ့သွားကာ လွင့်စဉ်ကုန်သည်။

မေ့စွမ်းရင်မှာမူ အပေါ်သို့ခုန်တက်ပြီး ရှောင်တိမ်းလိုက်သည်။

စုယုံသည် မေ့စွမ်းရင်အား ထိမှန်ခြင်းမရှိသည်ကို တွေ့လိုက်ရသောအခါ သူသည် သံတူအားကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး မေ့စွမ်းရင်နောက်သို့ လိုက်လံတိုက်ခိုက်လေသည်။

သံတူနှစ်လက်သည် ဝဲယာယှက်ကာ တစ်ဆက်တည်း ဆယ့်နှစ်ချက်တိတိ တိုက်ခိုက်လိုက်သည်။

ပေ့စွမ်းရှင်သည် သံတူနှင့် တိုက်ခိုက်နေသည့်ကြားမှ တိမ်းရှောင်ရင်း နောက်သို့ ဆုတ်လိုက်ရလေသည်၊

ပေ့စွမ်းရှင် နောက်သို့တစ်ဆုတ်တည်း ဆုတ်သွားနေသည်ကို တွေ့လိုက်ရသော စုယုံသည် သံတူအား ရဟတ်ပမာလှည့်ပတ်ကာ ပေ့စွမ်းရှင်အား ဖိ၍တိုက်ခိုက်လိုက်လေသည်၊

ပေ့စွမ်းရှင်သည် နောက်သို့ဆုတ်ရပြန်သည်။

စုယုံသည် ဒေါသခြောင်းခြောင်း ထွက်လာသည်၊

သူသည် သံတူနှင့် ပေ့စွမ်းရှင်၏ခေါင်းပေါ်သို့ တစ်အားထုချလိုက်လေသည်၊

ထိုတခဏ်အချိန်တွင်းမှာပင် အခွင့်အရေးကို အလွန်အသုံးချတတ်သော ပေ့စွမ်းရှင်သည် သူ၏လက်ထဲမှဓားဖြင့် ပစ်သွင်းလိုက်လေသည်။

စုယုံသည် ပေ့စွမ်းရှင်အား ဖိ၍သတိုက်နေ၏၊

ရှတ်တရက်....

သူသည် ပေ့စွမ်းရှင်၏ဓား ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရသောအခါမှ မီမီအမှားကို သတိပြုလိုက်မိ၏၊



သူသည် ကပျာကယာပင် သံတူအား ပြန်ရုပ်သိမ်းလိုက်ပြီး ကာကွယ်ရန် ကြိုးစားလိုက်သည်၊

သို့သော်....

သူသည် နောက်ကျသွားပြီ ဖြစ်သည်၊

ပေ့စွမ်းရှင်၏ သေနေသောက်ဓားသည် သူ၏ရင်ဝကို တည့်တည့်မတ်မတ် စိုက်ဝင်သွားလေသည်၊

'အား....'

စုယုံသည် ကျိုးသို့စူးစူးဝါးဝါး တစ်ချက် အော်ဟစ်လိုက်ပြီး ပက်လက်လန်ကာ လဲကျသေဆုံးသွားလေသည်၊

နာကျင်စူးရှစွာ အော်ဟစ်လိုက်သော စုယုံ၏အသံကိုကြားလိုက်ရသောအခါ စုလုံ၏မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်၊

သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တုန်ခါသွား၏၊

သူ၏ညီအလတ်ဖြစ်သော စုယုံ၏တုံကြမ္မာ ရေတိမ်မှာနစ်နေပြီဟုလည်း တစ်ထစ်ချ ယူဆမိလိုက်သည်၊

အခြေအနေကား....

သူ့အဖို့ အလွန် ဆိုးရွားလာသည်ကိုလည်း ရိပ်စားမိလိုက်လေသည်။

သူသည် လျူစန်းဖုံးအား အပြတ်သတ်ပစ်ရန် စိတ်မကူးဝံ့တော့ပါ။

သူသည် လျှို့ဝှက်မြေပုံကိုသာ ရအောင်ယူ၍ ထွက်ပြေးသွားရန်သာဆုံးဖြတ်လိုက်မိသည်နှင့် လျူစန်းဖုံးအားတရကြမ်းဖိတိုက်လိုက်သည်။

သူ၏ တိုက်ခိုက်မှုမှာ အလွန်ပြင်းထန်လှသောကြောင့် လျူစန်းဖုံးသည် နောက်သို့ ဆုတ်သွားရလေသည်။

စုလုံသည် မီမီအလိုရှိနေသော လျှို့ဝှက်မြေပုံကို ကောက်ယူလိုက်ပြီးနောက် တောအုပ်ထဲသို့ ချာခနဲလှည့်ကာ ထွက်ပြေးသွားလေသည်။

လျူစန်းဖုံးနှင့် မြို့တော်ဝန် စီးလောက်ရယ်တို့သည် ကမူးကယာ နောက်မှလိုက်သွားလေသည်။

သို့သော်....

သူတို့သည် စုလုံ၏နောက်တွင် ဝါးသုံးရိုက်ခန့်မျှ ကွာဝေးသွားလေသည်။



အထူးသဖြင့်...

စုလုံသည် သစ်ပင်များကြားတွင် ကွေ့ပတ်တိမ်းရှောင်နေသဖြင့် မြို့တော်ဝန် စီးလောက်ရယ်နှင့် လျူစန်းဖုံးတို့သည် လူစုခွဲကာ ညှပ်ပူးညှပ်ပိတ် လိုက်နိုင်ခြင်း မရှိခဲ့ပါ။

ဤသို့ဖြင့် သူတို့သည် စုလုံအား မျက်ခြည်ပြတ်မသွားနိုင်ရန် သဲသဲမဲမဲ လိုက်နေစဉ်မှာပင် စုလုံသည် သစ်ပင်များကို အကာအကွယ်ယူ၍ ရှောင်တိမ်းထွက်ပြေးနေသည်။

သူတို့သည် စုလုံနောက်တွင် တစ်စထက်တစ်စ ဝေးကျန်ခဲ့သဖြင့် လျှို့ဝှက်မြေပုံသည် စုလုံ၏လက်၌ ပါသွားတော့မည့် အခြေအနေသို့ ရောက်ရှိနေလေသည်။

စုလုံသည် သစ်ပင်များကြားမှ ကွေ့ပတ်ရှောင်တိမ်းနေစဉ်မှာပင် သူ၏ခန္ဓာကိုယ်သည် ဟုံ့ခနဲ ရုပ်တန့်သွားပြီး သူ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေ၏။

လျူစန်းဖုံးနှင့် မြို့တော်ဝန်စီးလောက်ရယ်တို့သည် သူ့ထံသို့ ပြေးလိုက်လာသောအခါ စုလုံသည် ထွက်ပြေးခြင်း မရှိတော့ဘဲ သစ်ပင်အောက်တွင်ရပ်၍ မျက်လုံးပြူးကြည့်နေသည်ကို တွေ့လိုက်ရသောအခါ သူတို့သည် အံ့အားသင့်သွားသည်။

လျူစန်းဖုံးနှင့် မြို့တော်ဝန် စီးလောက်ရယ်တို့၏ ပြေးလိုက်လာသော ခြေလှမ်းများသည်လည်း လျှပ်တစ်ပြက် ရပ်တန့်သွား၏။

သူတို့သည် အံ့အားသင့်စွာဖြင့် ငေး၍ကြည့်နေသည်။

စုလုံ၏သက်ထဲမှ ခေါသည် မြေကြီးပေါ်သို့ လွင့်ကျသွားသည်။

သူ၏လက်တစ်ဖက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လျှို့ဝှက်မြေပုံထည့်ထားသည့် ရှုံ့အိတ်ကလေးသည် မြေပေါ်သို့ လွင့်ကျသွားသည်။

ထို့နောက်....

သူ၏ခန္ဓာကိုယ်သည် ရှေ့သို့ မှောက်လျက် လဲကျသွားလေသည်။

သူ၏ ကျောပြင်တစ်ခုလုံးတွင်လည်း သွေးများခြင်းခြင်းနီရဲနေသည်ကို တွေ့လိုက်ရလေသည်။

စုလုံလဲကျသွားသောအခါမှ သူ့နောက်တွင် လူတစ်ယောက်သည် သွေးစွန်းသောဓားကိုကိုင်လျက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် တစ်ကိုယ်လုံး အနက်ရောင်များ ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်ပါသည်။

မထမတွင် လျှုစန်းဖုံ့နှင့် မြို့တော်ဝန် စီးလောက်ရယ်တို့သည် ထိုလူမှာ စုလုံကိုသတ်၍ လျှို့ဝှက်မြေပုံအား လုယူရန်ကြံစည်ခြင်းဖြစ်သည်ဟု ယူဆမိသည်။



သို့သော်....

ထိုလူသည် လျှို့ဝှက်မြေပုံ ထည့်ထားသော ရှုံ့အိတ်ကို ကောက်ယူခြင်းမရှိဘဲ ချာခနဲလှည့်ကာ တောအုပ်ထဲသို့ ပြေးဝင်သွားသည်ကို တွေ့လိုက်ရသောအခါ...

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အံ့အားသင့်စွာဖြင့် ငေး၍ ကျန်ခဲ့လေတော့သည်။

မြို့တော်ဝန် စီးလောက်ရယ်နှင့် လျှုစန်းဖုံ့သည် ကြေခင်အမ်းအမ်းဖြစ်နေကြသည်။

ထိုအနက်ရောင် ဝတ်ဆင်ထားသောလူသည် လျှို့ဝှက်မြေပုံအား လုယူသွားခြင်းမရှိသဖြင့် ထိုလူသည် မည်သည့်ရည်ရွယ်ချက်ဖြင့် စုလုံအား သတ်သွားရသနည်း။

ထိုလူသည် မည်သူနည်း။

သူတို့သည် အချင်းချင်း အပြန်အလှန် တစ်ချက်ကြည့်လိုက်ပြီးနောက် လျှုစန်းဖုံးသည် မြေပေါ်မှ လျှို့ဝှက်မြေပုံ ထည့်ထားသော ရှုံ့အိတ်လေးအား ကောက်ယူလိုက်လေသည်။

ထိုစဉ်မှာပင်....

မြင်းခွာသံများထွက်ပေါ်လာပြီး အသံများက တဖြည်းဖြည်း ဝေး၍ဝေး၍သွားသည်ကို ကြားလိုက်ရလေသည်။

မြို့တော်ဝန်စီးလောက်ရယ်သည့် မြင်းခွာသံ ထွက်ပေါ်လာရာ လှမ်းကြည့်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်သည် အနက်ရောင်မြင်းတစ်ကောင်ကိုစီးကာထွက်ခွာသွားသည်ကိုတွေ့ရလေသည်။

'ဘာတွေဖြစ်ကြကုန်တာလဲဗျ'

သူတို့နောက်မှရောက်လာသော ပေ့စွမ်းရင်က မေးလိုက်သောအသံပင် ဖြစ်ပါသည်။

လျှုစန်းဖုံးသည် ပေ့စွမ်းရင်အား အကျိုး အကြောင်းကို ရှင်းပြလိုက်လေသည်။

ပေ့စွမ်းရင်သည် မျက်မှောင်ကုတ်သွားသည်။

'ဒီလူက ကျွန်တော်တို့နောက်က နောက်ယောင်ခံပြီး လိုက်လာသူများ ဖြစ်နေမလား'



မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး ထင်တယ်၊ ဒီလူကမြင်းအနက်စီးတာ'

ပေ့စွမ်းရင်က ပြုံးပြလိုက်သည်။

'မြို့တော်ဝန်စီးတလဲ မြင်းက နောက်တစ်ကောင်လဲစီးရင် ရတာပဲ၊ ဒါကြောင့် မဟုတ်ဘူးလို့လဲ ဘယ်ပြောလို့ ရမလဲ ခင်ဗျာ'

လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်လိမ့်မယ်လို့တော့ကျွန်တော်လဲထင်တယ်၊ ဒီလူက ကျွန်တော်တို့ နောက်ကိုလိုက်ပြီး စုလုံကိုသတ်သွားတယ်၊ လျှို့ဝှက်မြေပုံကို သူမယူသွားဘူး၊ ဒီလူဟာ ဘယ်လိုလူလဲဆိုတာ ကျွန်တော်ဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေပြီ'

ပေ့စွမ်းရင်သည် လျှုစန်းဖုံး၏ သွေးများပေကျံနေသော ပခုံးနှင့်လက်ကိုကြည့်လိုက်ပြီး....

'မင်းဒဏ်ရာ တော်တော်ပြင်းလား'

လျှုစန်းဖုံးက မချိပြုံးပြုံး၍....

'ဟဲ....ဟဲ....အသက်နဲ့ အဝေးကြီးပါလားကွာ'

ပေ့စွမ်းရင်သည် ပတ်ဝန်းကျင်အား တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'တို့ ဒီမှာကြာကြာမနေသင့်ဘူး'

လျှစန်းဖုံးသည် ကျိုးပဲ့နေသောမြင်းလှည်းအား တစ်ချက်ကြည့်လိုက်ပြီး....

'တော်သေးတာပေါ့ မြင်းလှည်းက သုံးလို့ရသေးလို့' ပေစွမ်းရင်က ပြုံးလိုက်သည်။

'ဒါပေမယ့်...မိုးရွာရင်တော့ အားလုံး စိုကုန်မှာပဲ'

မြို့တော်ဝန် စီးလောက်ရယ်ကလည်း ရယ်မောလိုက်လေသည်။

'မိုးရေစိုအာလောက်တော့ ခံနိုင်ရည်ရှိပါတယ်ကွာ' ပေစွမ်းရင်သည် ခေါင်းညိတ်လိုက်သည်။

'ကဲ...ဒါဖြင့် မြင်းလှည်းကိုပြင်ကြပါစို့လား'

ထို့နောက်...

သူတို့သည် တစ်ဖက်သို့ စောင်းသွားသော မြင်းလှည်းအား ပြန်လည် တည့်မတ်လိုက်သည်။

မြင်းလှည်းကိုလည်း နေရာကျအောင် ပြန်လည်တပ်ဆင်လိုက်၏။

မြင်းလှည်းသည် အမိုးနှင့်အကာမရှိသည်မှလွဲ၍ ထိုင်ခုံများ ကောင်းမနေသေးသဖြင့် သူတို့သည် မြင်းလှည်းပေါ်သို့ တက်လိုက်ပြီး ခရီးဆက်လက်ထွက်ခွာသွားလေသည်။

မြို့တော်ဝန် စီးလောက်ရယ် မျက်နှာပေါ်တွင် စိုးရိမ်ပူပန်ခြင်းနှင့် ကြောက်ရွံ့ခြင်း အသွင်များ ပေါ်လွင်နေလေတော့သည်။

ပထမပိုင်း ပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# ဝဏ္ဏအောင်

## သစ္စာအသင်္ချေ

(ဒုတိယပိုင်း ဇာတ်သိမ်း)

## အခန်း (၁)

### ကျားနက်

နေ့သစ်တစ်နေ့၏ နေမွန်းတည့်ချိန် ဖြစ်ပါသည်။

မြင်းလှည်းသည် တောင်ကြားလမ်းတစ်ခုသို့ မောင်းနှင်ဝင် ရောက်လာသည်။

ထိုတောင်ကြား လမ်းသည် ဝဲယာ တစ်ဖက်တစ်ချက်တွင် အလွန်မတ်စောက်နေသည်။

ဝန်းကျင်တစ်ခုလုံးတွင် မြက်ပင်များ လုံးဝမပေါက်ဘဲ ကျောက်တုံးကျောက်ခဲများသာ ပြည့်နှက်နေသည်။

တောင်လေသည် ပြင်းထန်စွာ တိုက်ခတ်နေသည်။

မပုစ္စမ်းရင်သည် မြင်းလှည်းကို သတိကြီးစွာဖြင့် မောင်းနှင်နေရင်း ဝန်းကျင်တစ်ခုလုံးအား အကဲခတ် ကြည့်ရှုနေသည်။

မြို့တော်ဝန် စီးလောက်ရယ်နှင့် မြို့တော်ဝန် လျှုစန်းဖုံးတို့သည် ကျီးပဲ့နေသော မြင်းလှည်းတွင်း၌ထိုင်လျက် သူတို့မျက်လုံးများသည် ဝဲယာတစ်ဖက်တစ်ချက်ရှိ တောင်နံရံများကို စိုးရိမ်ထိတ်လန့်စွာဖြင့် ကြည့်နေကြပေသည်။

ဤတောင်ကြားလမ်းသည် မနေ့က သူတို့ဖြတ်ကျော်ခဲ့သော တောလမ်းခရီးထက် ပို၍အန္တရာယ်များသည်ဟု သူတို့ရလေသည်။

ထို့ကြောင့်....

မပုစ္စမ်းရင်က သတိပေးရန်ပင်မလိုဘဲ သူတို့သည် သတိကြီးစွာဖြင့် နေကြလေသည်။

မြင်းလှည်းသည် ထိုတောင်ကြား လမ်းလေးထဲသို့ ကွေ့တစ်ရာခန့် ဝင်ရောက်လာပြီးနောက်....

'တောင်နံရံပေါ်မှာ လူရိပ်လူယောင်တောင် မတွေ့ရ

လျှုစန်းဖုံးက ရုတ်တရက် ပြောလိုက်လေသည်။

'ဟုတ်တယ်၊ နေရာကတော့ တော်တော် ကြောက်စရာကောင်းနေပေမယ့် အေးချမ်းသာယာသားပဲ'



မြို့တော်ဝန် စီးလောက်ရယ်က ထောက်ခံလိုက်သည်။

မပုစ္စမ်းရင်သည် မြင်းလှည်းကို သတိကြီးစွာဖြင့် မောင်းနှင်ရင်း....

'မဟုတ်သေးဘူး ခင်ဗျာ၊ ဒီလောက်အေးချမ်းနေရင် ပိုပြီး ကြောက်စရာကောင်းတယ်လို့'

သူ၏စကား မဆုံးမီမှာပင် တောင်နံရံပေါ်မှ ကျောက်တုံးများသည် သူတို့မောင်းနှင်သွားရမည့် လမ်းပေါ်သို့ လိမ့်ဆင်းလာလေသည်။

မပုစ္စမ်းရင်သည် မြင်းကိုတစ်ချက်ရိုက်လိုက်ပြီး အရှိန်မြင်းစွာဖြင့် မောင်းထွက်သွားသည်။

'ယား....'

မြင်းများသည် တင်ပါးနာကျင်သွားသဖြင့် အစွမ်းကုန် ပြေးလွှားသွားလေသည်။

'ဝုန်း....ဝုန်း....ဝုန်း'

အရွယ်အစား အမျိုးမျိုးရှိကြသော ကျောက်တုံးများသည် တောင်နံရံ၏တစ်ဖက်တစ်ချက်တွင် အဆက်မပြတ် လိမ့်ဆင်းလာလေသည်။

ကျောက်တုံးများသည် လမ်းကိုပိတ်ဆို့သွားသဖြင့် မပုစ္စမ်းရင်သည် မြင်းလှည်းကို လျှင်မြန်စွာ ရပ်တန့်လိုက်ရလေသည်။

'ရှိ...ရှိ...ရှိ'

တောင်နံရံပေါ်မှ အချက်ပေးသံများ ဆူညံစွာထွက်ပေါ်လာသည်။

သူတို့သည် တောင်နံရံပေါ်သို့ မော့ကြည့်လိုက်ရာ ခေါင်းစည်းအနက်ဖြင့် စည်းထားသော လူနှစ်ရာခန့်တို့သည် တောင်နံရံ၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ထွက်ပေါ်လာလေ၏။

'ဟိုက်...ဒုက္ခပဲ'

လျူစန်းဖုံးက ထိတ်လန့်တကြားဖြင့် အော်ဟစ်လိုက်သည်။

ပေ့စွမ်းရင်က မျက်မှောင်ကုတ်သွားသည်။

'ဒီလူတွေက ဘယ်ကလဲဗျ'

မြို့တော်ဝန်စီးလောက်ရယ်က တောင်နံရံ၏ဝဲယာ တစ်ဖက်တစ်ချက်တွင် ရပ်နေကြသော လူစုအားကြည့်၍...

'ဒါ ကျားနက်စုလူစု ဖြစ်ရမယ်'

ပေ့စွမ်းရင်သည် အံ့သြသောလေသံဖြင့်...

'ကျားနက် ဟုတ်လား'

ပေ့စွမ်းရင်သည် ဤသို့မေးရင်း တောင်နံရံပေါ်သို့မော့၍ အကဲခတ်လိုက်၏။



'ဟိုမှာ...ကျားနက်တောင်ရောက်နေပြီ'

လျူစန်းဖုံးသည် အပြင်သို့စွန်းထွက်နေသော တောင်နံရံပေါ်တွင် ရပ်နေသော လူတစ်ယောက်အား ညွှန်ပြလိုက်၏။

ပေ့စွမ်းရင်သည် လျူစန်းဖုံးညွှန်ပြသောနေရာသို့ လိုက်၍ ကြည့်လိုက်သည်။

ထိုအခါ...

ခေါင်းစည်းအနက်နှင့် အင်္ကျီအနက် ဝတ်ဆင်ထားသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေ၏။

ပေ့စွမ်းရင်သည် မျက်မှောင်ကုတ်သွား၏။

'ကျားနက်ဆိုတာ ဒီလူ ဟုတ်လား'

လျူစန်းဖုံးသည် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူ့လက်အောက်မှာ အနည်းဆုံး လူသုံးရာလောက်ရှိလိမ့်မယ်'

ပေ့စွမ်းရင်သည် ဝန်းကျင်သို့ တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး...

'အခြေအနေအရ မြင်းလှည်းက ရှေ့လဲတိုးလို့မရတော့ဘူး၊ နောက်လဲ ဆုတ်လို့မရတော့ဘူး'

မြို့တော်ဝန် စီးလောက်ရယ်သည် စိုးရိမ်ထိတ်လန့်စွာဖြင့်...

'ဒါဖြင့် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ'

မေ့စွမ်းရင်သည် အနည်းငယ်စဉ်းစား လိုက်ပြီး....

'အခု ကျွန်တော်တို့ လုပ်ဆောင်စရာနှစ်ခုပဲရှိတယ်။ တစ်ခုက မြင်းလှည်းကိုပစ်ပြီး တောင်ပေါ်ကို ထိုးဖောက်သွားမလား၊ ဒါမှမဟုတ်ရင် လမ်းပိတ်နေတဲ့ ကျောက်တုံးတွေပေါ် ကျော်ပြီး လာလမ်းအတိုင်း ထိုးဖောက်သွားမလား'

လျှစန်းဖုံးသည် မျက်ခမှောင်ကြုတ်သွား၏။

'မင်းပဲပြောကွာ၊ တောင်ပေါ်ကို ထိုးဖောက်သွားမလား၊ ဒါမှမဟုတ် ရှေ့ကိုပဲ ဆက်သွားရမလားဆိုတာ'

မေ့စွမ်းရင်သည် အနေအထားကို ထပ်မံ အကဲခတ်လိုက်၏။

အတန်ကြာမှ....

'ရှေ့တည့်တည့်ကို ထိုးဖောက်ရင်တော့ ရန်သူက နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်ခံရမှာပဲ၊ ကျွန်တော့်အကြံအတော့ တောင်နံရံနှစ်ဖက်ရှိတဲ့အထဲက တစ်ဖက်ဖက်ကို ထိုးဖောက်တက်သွားရင် ကျန်တဲ့ဘက်မှာရှိတဲ့ ရန်သူက ကျွန်တော်တို့ကို တိုက်ခိုက်လို့ မရဘူး၊ ဒါကြောင့် တစ်ဖက်ဖက်ကိုပဲ ထိုးဖောက်ထွက်သွားတာ ပိုကောင်းမယ်လို့ ထင်ပါတယ်'

လျှစန်းဖုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ မင်းအကြံအကောင်းဆုံးပဲ'



မြို့တော်ဝန် စီးလောက်ရယ်သည် တောင်နံရံများအား တစ်ချက်မော့ကြည့်လိုက်ပြီး....

'ဘယ်ဘက်ကို ထိုးဖောက်ရင်ကောင်းမလဲ၊ ညာဘက်ကို ထိုးဖောက်ရင်ကောင်းမလား'

မေ့စွမ်းရင်သည် စဉ်းစားခြင်းပင်မပြုတော့ဘဲ....

'ညာဘက်ကိုထိုးဖောက်မယ် မြို့တော်ဝန်စီး'

မြို့တော်ဝန် စီးလောက်ရယ်၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

'ညာဘက်မှာ ကျားနက်ကိုယ်တိုင် ရှိနေတယ်လေ'

လျှစန်းဖုံးသည် ဝဲဘက်နှင့် ယာဘက်နံရံများအား မော့ကြည့်လိုက်၏။

သူသည် မေ့စွမ်းရင်ပြောသည့်အတိုင်း ညာဘက်တွင် ရန်သူများနည်းနေသည်ကို တွေ့လိုက်ရလေသည်။

ထိုစဉ်မှာပင်....

ညာဘက်တောင်နံရံပေါ်မှ ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာသည်။

'အောက်မှာ သေးသောက်စား မေ့စွမ်းရင် ရှိတယ်မဟုတ်လား'

ကျားနက်၏အသံပင် ဖြစ်ပါသည်။

ပေ့စွမ်းရင်တို့လူစုသည် ရုတ်တရက်ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ဟော့....မေးနေတာ မကြားဘူးလား'

ပေ့စွမ်းရင်သည် မတတ်သာသည့်အဆုံး....

'ဟုတ်တယ်....ကျုပ်ဒီမှာရှိတယ်'

သူသည် ယင်းသို့လှမ်း၍ အော်ပြောလိုက်လေသည်။

ထို့နောက်....

သူသည် မြို့တော်ဝန်စီးလော်ကရယ်ဘက်သို့လှည့်ကာ အသံအုပ်အုပ်ဖြင့်....

'ကျွန်တော်ကရှေ့ကသွားမယ်၊ မြို့တော်ဝန်စီးက အသယ်ကနေပါ၊ လျူစန်းဖုံးက နောက်ဆုံးကလိုက်ခဲ့ပါ၊ ကျွန်တော်က တက်ဆိုရင် တစ်ရှိန်ထိုး ထိုးတက်သွားမယ်'

မြို့တော်ဝန်စီးလော်ကရယ်သည် ခေါင်းညိတ်လိုက်သည်။

ထိုစဉ်မှာပင်....

ကျွန်းနက်အသံက ထပ်မံထွက်ပေါ်လာပြန်၏။

'ဟော့....ပေ့စွမ်းရင်၊ မင်းက ကျုပ်ရဲ့ကျွန်းနက်ဂိုဏ်းသားတွေကို ဒုက္ခအမျိုးမျိုးပေးခဲ့တာ မှတ်မိသေးရဲ့လား'



ပေ့စွမ်းရင်သည် ထိုစကားကို ကြားလိုက်ရသောအခါ ပြည်သူလူထုအပေါ် အမျိုးမျိုးဒုက္ခပေးနေသော ခေါင်းစည်းနက် စည်းထားသောလူတစ်စုအား သက်ဆိုင်ရာ အာဏာပိုင်များနှင့်အတူ ဝိုင်း၍ဖမ်းဆီးခဲ့သည်ကို သတိရလာလေသည်။

ယင်းခေါင်းစည်းအနက် မစည်းထားသောလူသည် ကျွန်းနက်၏ ဂိုဏ်းသားများဖြစ်နေမှန်းလည်း ယခုမှသိရှိလိုက်လေသည်။

သူသည် မဲ့ပြုံးပြုံးလိုက်သည်။

'အေး....မှတ်မိတယ်ဟေ့၊ မင်းရဲ့ဂိုဏ်းသားတွေက လူတွေ့ဆတ်တယ်၊ ပစ္စည်းလုတယ်၊ ဒီလိုဆိုးသွမ်းမိုက်ရိုင်းနေလို့ ကျုပ်က သက်ဆိုင်ရာကို အကူအညီပေးတဲ့အနေနဲ့ သူ့တို့ကို ဖမ်းဆီးပေးလိုက်တယ်၊ အဲဒါ မင်းက ဘာလုပ်ချင်သလဲ'

ဟု ကျယ်လောင်စွာ အော်ဟစ်ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

ကျွန်းနက်သည် အားပါးတရ ရယ်မောလိုက်လေသည်။

'မေးစရာလိုသေးလို့လားကွာ၊ မင်းကိုသတ်ပြီး ကျုပ် ဂိုဏ်းသားတွေအတွက် ကလဲ့စားချေရမယ်၊ အခု မင်းတို့လူစု ယူလာတဲ့ လျှို့ဝှက်ပစ္စည်းကိုလဲ့ ကျုပ်တို့ယူမယ်'

လူသည် ယင်းသို့ပြောပြီးနောက် သူ၏ဂိုဏ်းသားများအား လက်ဝှေ့ယမ်း၍ အချက်ပြလိုက်လေသည်။

'ကဲ...တို့ တက်ကြမယ်ဟေ့'

မေစွမ်းရင်သည် ယင်းသို့အချက်ပေးလိုက်ပြီး မြင်းလှည်းပေါ်မှခုန်ချကာ ကျားနက်ရှိရာ တောင်နံရံပေါ်သို့ ထိုးဖောက်တက်သွားလေသည်။

လျှစ်နီးဖိုးနှင့် မြို့တော်ဝန်စီးလောက်ရယ်တို့သည် မေစွမ်းရင်၏ နောက်မှ ဆက်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

ကျောက်တုံးကျောက်ခဲများသည် တောင်နံရံနှစ်ဖက်ပေါ်မှ အရှိန်ပြင်းစွာဖြင့် လိမ့်ဆင်းလာလေသည်။

မေစွမ်းရင်တို့သည် လိမ့်ဆင်းလာသော ကျောက်တုံးများကို ရှောင်တိမ်းရင်း တောင်နံရံပေါ်သို့ ပြေးတက်သွားသည်။

'အား'

ဟူသောအသံများ ထွက်ပေါ်လာလေသည်။



လူတစ်ယောက်တည်း၏ အော်သံမဟုတ်ပါ။

လူအများ၏ စူးရှစွာ အော်ဟစ်လိုက်သော အသံများပင် ဖြစ်ပါသည်။

မေစွမ်းရင်တို့ လူစုဘက်မှ ပေါ်ထွက်လာသော အသံများ မဟုတ်ပါ။

ညာဘက်ရှိ တောင်နံရံပေါ်မှ ကျားနက်ဂိုဏ်းသားများ ထံမှ ထွက်ပေါ်လာသော အသံများဖြစ်ပါသည်။

မေစွမ်းရင်တို့သည် အသံထွက်ပေါ်လာရာ တောင်နံရံပေါ် သို့ ထိတ်လန့်တကြားဖြင့် မော့ကြည့်လိုက်ကြသည်။

ထိုအခါ....

တောင်နံရံပေါ်တွင် တစ်ကိုယ်လုံး အဖြူရောင် ဝတ်ဆင် ထားပြီး အဖြူရောင် မျက်နှာဖုံးစွပ်ကို စွပ်ထားသော လူတစ် ယောက်သည် သူ၏ဓားဖြင့် ကျားနက်၏ ဂိုဏ်းသားများအား လိုက်လံတိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျားနက်၏ဂိုဏ်းသားများသည် ထိုလူ၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူကရ၍ သေဆုံးသူက သေဆုံးကြရသည်။

ကျားနက်၏ ဂိုဏ်းသားများသည် မမျှော်လင့်ဘဲ တိုက်ခိုက် ခံလိုက်ရသဖြင့် ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

ပေ့စွမ်းရင်သည် ထိုအခြင်းအရာအား တွေ့မြင်လိုက်ရသော အခါ မြို့တော်ဝန်စီးလောက်ရယ်နှင့် လျူစန်းဖုံးတို့အား ညွှန်ပြလိုက်ပြီး....

'ကျွန်တော်တို့ အဲဒီဘက်ကို တက်ကြမယ်'

သူသည် ယင်းသို့ပြောရင်း ပြေးတက်သွားလေသည်၊

ထိုနေရာသည် ကျားနက်၏ဂိုဏ်းသားများအား အဖြူရောင် ဝတ်ဆင်ထားသောသူက တိုက်ခိုက်လိုက်သဖြင့် ကျောက်တုံး များအား ပစ်ချမည့်သူ မရှိတော့ပါ။

ထို့ကြောင့်....

ပေ့စွမ်းရင်တို့ လူစုသည် အလွယ်တကူပင် တောင်ထိပ်ပေါ် သို့ ရောက်ရှိသွားလေသည်၊

ကျားနက်သည် သူ၏လူစုကို ခေါ်ဆောင်ကာ သူ့ထံသို့ ပြေးတက်လာကြသည်။

အဖြူရောင် ဝတ်ဆင်ထားသော လူ သည် ပေ့စွမ်းရင်တို့ တောင်ထိပ်ပေါ်သို့ရောက်လာသည်ကို တွေ့လိုက်ရသောအခါ...

သူသည် တိုက်ခိုက်ခြင်း မပြုတော့ဘဲ....

'ကဲ....မိတ်ဆွေတို့ ကျွန်တော်ကို မိတ်ဆွေတို့ပဲ ရှင်းပေတော့ ကျုပ်သွားတော့မယ်'

ဟု ပေ့စွမ်းရင်အား ပြောလိုက်လေသည်၊



ပေ့စွမ်းရင်သည် ဝိုင်းရံလာသော ကျားနက်၏ ဂိုဏ်းသား များအား တိုက်ခိုက်ရင်း ထိုလူအား လှမ်းမေးလိုက်သည်၊

'မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်ပါသလဲခင်ဗျာ'

ထိုလူက ပြေးလွှားသွားရင်းက....

'မလိုပါဘူးဗျာ'

ဟု အော်ပြောကာ ပျောက်ကွယ်သွားလေတော့သည်၊

ယခု....

ကျားနက်နှင့် သူ၏ဂိုဏ်းသားများသည် ပေ့စွမ်းရင်တို့လူစု အား ဝိုင်းရံတိုက်ခိုက်နေကြလေသည်၊

သို့သော်....

ကျားနက်၏ ဂိုဏ်းသားများသည် အဖြူရောင်ဝတ်ဆင်ထား သောသူက အလစ်တိုက်ခိုက်ခဲ့သဖြင့် အင်အား အတော်လျော့ နည်းသွားသည်၊

သူ၏ ကျန်ရှိသော လူစုများမှာလည်း ဝဲဘက်တောင်နံရံမှာ အများဆုံး ကျန်ရစ်ခဲ့သဖြင့် ရုတ်တရက် အကူအညီ မပေးနိုင် ပါချေ။

ထို့ကြောင့် ကျန်ရှိသော လူနည်းစုကို ပေ့စွမ်းရင်တို့လူစုက မှုဘဲ အလွယ်တကူ တိုက်ခိုက်နိုင်ခဲ့ပေသည်၊

သူ၏တိုက်ပွဲသည် ခဏမျှပင် ဖြစ်ပါသည်။

ကျားနက်၏ ဂိုဏ်းသားများသည် ဖရိုဖရဲ ဖြစ်ကုန်ကြလေသည်။

ကျားနက်သည် အခြေအနေ မဟန်မှန်း သိလိုက်ရသဖြင့် နောက်သို့ ဆုတ်ခွာသွားလေသည်။

မြို့တော်ဝန်စီးလောက်ရယ်နှင့် လျူစန်းဖုံးတို့သည် နောက်မှ လိုက်၍ တိုက်ခိုက်ကြသည်။

'မတိုက်ပါနဲ့တော့ဗျာ'

ပေစွမ်းရင်က ဟန့်တားလိုက်သဖြင့် သူတို့သည် ခြေလှမ်း ရပ်တန့်လိုက်ပြီးလျှင် သုံးယောက် စုလိုက်ကြသည်။

ဝဲဘက်တောင်နံရံတွင်ရှိသောလူစုသည် သူတို့၏ဂိုဏ်းချုပ်ဖြစ်သူ ကျားနက် ဆုတ်ခွာသွားသည်ကို တွေ့လိုက်ရသောအခါ လူတို့သည် ဆက်၍ တိုက်ခိုက်ခြင်းမပြုတော့ဘဲ ဖရိုဖရဲဖြင့် ထွက်ပြေးသွားကြလေတော့၏။

ပေစွမ်းရင်တို့ သုံးယောက်သည် ယခုမှပင် စိတ်သက်သာရာ ရသွားပြီး ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ချလိုက်၏။

ပေစွမ်းရင်သည် တောင်အောက်သို့ ငုံ့ကြည့်လိုက်လေ၏။



သူတို့၏မြင်းနှစ်ကောင်နှင့် မြင်းလှည်းသည် လိမ့်ဆင်းလာသော ကျောက်တုံးများကြောင့် သေဆုံး ပျက်စီးသွားသည်ကို တွေ့လိုက်ရ၏။

သူသည် သက်ပြင်းတစ်ချက် ချလိုက်၏။

'ကျွန်တော်တို့ ဖော်တော် ကံကောင်းတာပဲ၊ ဒီအဖြူရောင် ဝတ်ထားတဲ့ လူကသာ လာမကူရင်တော့ အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော် ပြောရဲတယ်'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီလူကိုတော့ ကျေးဇူးတင်ရမှာပဲ'

လျူစန်းဖုံးက ပခုံးတစ်ချက်တွန့်လိုက်၏။

'သိပ်လဲ ကျေးဇူးတင်မနေနဲ့ ဦးလေးစီးရဲ့၊ ဒီလူဟာ ကျွန်တော်တို့နောက်ကို ဘာဒုက္ခပေးမလဲမှ မသိတာ'

မြို့တော်ဝန် စီးလောက်ရယ်က ပြုံးလိုက်ပြီး....

'အေး....ဒါလဲ ဟုတ်သားပဲ'

သူတို့သည် ထိုအဖြူရောင် ဝတ်ဆင်ထားသော လူအား အမျိုးမျိုး ဝေဖန်တွေးတောရင်း အံ့မောခြေနေကြလေ၏။

## အခန်း ( ၂ )

### တိဗက်နယ်ခြား

တိဗက်နယ်ခြားဒေသ။

တိဗက်နယ်ခြားဒေသရှိ ဖူးကျီမြို့ကလေးသည် အလွန် စည်
ကားသော မြို့ကလေးတစ်မြို့ ဖြစ်၏။

သူတို့သည် တိန်းတောင်ပေါ်သို့ တက်ရောက်ခြင်း မရှိသေး
ထဲ ဖူးကျီနယ်စပ်မြို့ကလေး၌ တည်းခိုခန်းတွင်သာ တည်းခိုရန်
ဆုံးဖြတ်လိုက်၏။

သူတို့သည် မှန်းတည်ချိန် မတိုင်မီကပင် ဖူးကျီ နယ်စပ်မြို့
ကလေးသို့ ရောက်ရှိလာခြင်း ဖြစ်ပါ၏။

သူတို့သည် တောင်ခြေရင်းရှိ တည်းခိုခန်းတစ်ခုတွင် တည်းခို
နေကြလေ၏။

မေ့စွမ်းရင်တို့ တည်းခိုသော တည်းခိုခန်းမှ ဟင်းလျာများသည် အလွန်ကောင်းမွန်လေ၏။

သို့သော်....

မြို့တော်ဝန် စီးလောက်ရယ်နှင့် လျူစန်းဖုံးတို့သည် မစားနိုင်ကြပါ။

မေ့စွမ်းရင်က စားနိုင်သော်လည်း မြို့တော်ဝန် စီးလောက်ရယ်နှင့် လျူစန်းဖုံးတို့၏ ညှိုးနွမ်းနေသော မျက်နှာကို တွေ့မြင်နေရသဖြင့် သူတို့သည် စားနိုင်သလောက် မစားနိုင်ခဲ့ကြပါ။

နေမွန်းတည့်ချိန် မရောက်သေးပါ။

သို့သော်....

မွန်းတည့်ချိန်သို့ ရောက်လုနီးနီး ဖြစ်ပါ၏။

မေ့စွမ်းရင်တို့ တည်းခိုသော တည်းခိုခန်းတွင် မည်သည့် ဧည့်သည်မှမရှိဘဲ သူတို့သုံးယောက်သာ ရှိလေ၏။

တည်းခိုခန်းတွင် တည်းခိုသူများ မရှိ၍မဟုတ်ပါ။

တည်းခိုခန်းတစ်ခုလုံးအား ရွှေစွန်ရဲတိုက်၏ အရှင်သခင် ကျန့်ဝူးရန်က အခန်းငှားခ နှစ်ဆပေး၍ ငှားထားခြင်းကြောင့် ဖြစ်ပါ၏။



မေ့စွမ်းရင်တို့သည် ထိုတည်းခိုခန်းသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်က သူတို့အား ကြိုဆိုဧည့်ခံထားလေ၏။

ထိုလူသည် အနက်ရောင် ဝတ်ဆင်ထားပြီး အနက်ရောင် မျက်နှာဖုံးစွပ်ကို စွပ်ထားသဖြင့် မည်သူမည်ဝါမှန်း မသိရပါ။

သို့သော်....

ထိုလူသည် မိမိ၏အမည်မှာ ရွှေပျံလွှားဖြစ်ပြီး ရွှေစွန်မင်း ကျန့်ဝူးရန်၏ ကိုယ်ရံတော်တစ်ယောက် ဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်ပေး၏။

သူသည် မေ့စွမ်းရင်တို့အား နေရာထိုင်ခင်း ချပေးပြီးနောက် ဧည့်ခန်းထဲတွင်ထိုင်၍ တစ်စုံတစ်ယောက်အား စောင့်မျှော်နေလေ၏။

ဤသို့ဆိုလျှင်....

ရွှေစွန်မင်း ကျန့်ဝူးရန်သည် မေ့စွမ်းရင်တို့ သုံးယောက်အပြင် အခြားလူများကိုပါ လျှို့ဝှက်စွာ ဖိတ်ကြားထားသည်မှာ ထင်ရှားလှပေ၏။

နေဝန်းသည် ကောင်းကင်၏ ဗဟိုတည့်တည့်တွင် ရောက်နေပြီ ဖြစ်ပါသည်။

တည်းခိုခန်းသို့ ဦးတည်ရာလမ်းမပေါ်၌ အလွန်လှပသော ရထားလုံးတစ်စီး ရောက်ရှိလာလေသည်။

ထိုရထားလုံးသည် တည်းခိုခန်းရှေ့တွင်ရပ်တန့်လိုက်သည်နှင့် ခွေးပျံလွှားဟုဆိုသော မျက်နှာဖုံးစွပ်နှင့်လူသည် ဆိုင်လုလင်တစ်ယောက်အား အချက်ပြလိုက်ပြီး သွားရောက် ကြိုဆိုလေသည်။

ရထားလုံးတံခါးပွင့်သွားသောအခါ ရှေးဦးစွာ အိမ်ဖော်အဝတ်အစားများဝတ်ဆင်ထားသောမိန်းကလေးတစ်ယောက်ဆင်းလာလေသည်။

မြို့တော်ဝန်စီးလောက်ရယ်နှင့် လျှုစန်းဖုံးတို့သည် ထိုအိမ်ဖော်အား တွေ့လိုက်ရသောအခါ အံ့အားသင့်သွားလေသည်။

ထို့နောက် လှပစွာဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်ဖြစ်သည်ကို တွေ့လိုက်ရလေသည်။

ပေ့စွမ်းရင်သည် လျှုစန်းဖုံးဘက်သို့လှည့်၍ လေသံအုပ်အုပ်ဖြင့်....

'ဒီအမျိုးသမီးက ဘယ်သူလဲဗျ'



လျှုစန်းဖုံးက ခေါင်းညိတ်လိုက်သည်။

'သိပါတယ်'

ပေ့စွမ်းရင်က မျက်မှောင်ကြုတ်လိုက်ပြီး....

'သူက ဘယ်သူတဲ့လဲ'

လျှုစန်းဖုံးက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'သူက သိုင်းရာဇာကျွမ်ခုံးရွဲ့ဇနီးပဲ'

ထိုစကားကိုကြားလိုက်ရသောအခါ ပေ့စွမ်းရင်၏မျက်လုံးအစုံသည် ပြူးကျယ် ဝိုင်းစက်သွား၏။

'သူတာ ဘာဖြစ်လို့ဒီကိုလာရတာလဲ'

လျှုစန်းဖုံးက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒါကိုတော့ ငါလဲ ဘယ်သိမလဲကွ'

သူသည် ပြောရင်း မြို့တော်ဝန် စီးလောက်ရယ် ဘက်သို့ လှည့်ကြည့်လိုက်သည်။

မြို့တော်ဝန် စီးလောက်ရယ်ကလည်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်လဲ မသိဘူးဗျ'

သူတို့သည် ယင်းသို့ပြောနေရင်းမှာပင် ထိုအမျိုးသမီးသည် အိမ်ဖော်များနှင့်အတူ တည်းခိုခန်းထဲသို့ဝင်လာလေသည်။

သူမ၏အသက်မှာ သုံးဆယ်ခန့်ရှိမည်ဟုထင်ရသည်။

သို့သော်....

သူမ၏လမ်းလျှောက်ပုံနှင့် ဟန်မူရာမှာ အသက်ဆယ့်ရှစ်နှစ်အရွယ်ရှိ မိန်းကလေးများ၏ ဟန်မူရာအတိုင်းပင် ဖြစ်ပါသည်။

သူမသည် အလွန်လှပပြီး ပြုံးလိုက်သောအခါ ပို၍လှပသေးသည်။

အမျိုးသမီးသည် အခန်းထဲသို့လှမ်းဝင်လိုက်သည်နှင့် သူမ၏မျက်လုံးအစုံသည် ပေ့စွမ်းရှင်ဆီသို့ ရောက်လာလေသည်။

ပေ့စွမ်းရှင်၏မျက်လုံးများသည် ထိုအမျိုးသမီး၏မျက်လုံးအစုံနှင့် ဆုံသွားသောအခါ သူ၏ တစ်ကိုယ်လုံးသည် ဓာတ်လိုက်သကဲ့သို့ ကျဉ်တက်သွားသည်ဟု ထင်မှတ် ခံစားလိုက်ရ၏။

ထိုအချိန်မှာပင်....

အမျိုးသမီးသည် သူတို့ထံသို့ ခါးကလေးနွဲ့ကာ လျှောက်လာလေသည်။



အမျိုးသမီးသည် သူတို့ရှေ့သို့ရောက်လာပြီး....

'ရှင်တို့ ကျွန်မအတင်းတွေ ပြောနေကြတာလား'

ပေ့စွမ်းရှင်က ခေါင်းခါယမ်းလိုက်သည်။

'အတင်းပြောတာမဟုတ်ပါဘူး'

အမျိုးသမီးက ပေ့စွမ်းရှင်အား စေ့စေ့ကြည့်လိုက်ပြီး....

'ရှင်က ဘယ်သူလဲ'

ပေ့စွမ်းရှင်က လျူစန်းဖုံးဘက်သို့လှည့်လိုက်ပြီး....

'ကျုပ်က မြို့တော်ဝန်လေး လျူစန်းဖုံးရဲ့မိတ်ဆွေပါ'

အမျိုးသမီး၏မျက်လုံးအစုံသည် ပေ့စွမ်းရှင်အားစိုက်ကြည့်ရင်း....

'ရှင့်နာမည်က ဘယ်သူလဲ'

ပေ့စွမ်းရှင်က ပြုံးလိုက်ပြီး....

'ကျွန်တော့်နာမည် လျူစန်းဖုံးပါ'

အမျိုးသမီးသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'ပေ့စွမ်းရှင် ဟုတ်လား၊ ကျွန်မ ဒီနာမည်ကို ကြားဖူးသလိုပဲ'

လျှိုစန်းဖုံးက ရယ်မောလိုက်ပြီး....

'ကြားဖူးမှာပေါ့ဗျာ၊ အခုသိုင်းလောကမှာ နာမည်အကျော်ကြားဆုံး သိုင်းသမားစာရင်းမှာ တစ်ယောက် အပါအဝင်ပေါ့'

အမျိုးသမီး၏မျက်လုံးအစုံသည် ဝင်းလက် တောက်ပသွားသည်၊

'နာမည်ကြီး တယ်ဟုတ်လား၊ ဒီလိုဆို သိပ်ချမ်းသာမှာပေါ့နော်'

ပေ့စွမ်းရင်သည် နားမလည်နိုင်သောမျက်လုံးဖြင့် ပြန်ကြည့်လိုက်ပြီး....

'ဘာဆိုင်လို့လဲခင်ဗျာ'

အမျိုးသမီးက ပြုံးလိုက်သည်၊

'သိပ်ဆိုင်တာပေါ့၊ နာမည်ကြီးသိုင်းသမားဆိုရင် ငွေကြေးချမ်းသာတာပေါ့ရှင်၊ ငွေကြေး ချမ်းသာတဲ့ မိတ်ဆွေတစ်ယောက်ရထားတော့ ကျွန်မအဖို့ ဟန်ကျတာပေါ့'

ပေ့စွမ်းရင်က ရယ်မော၍ ခေါင်းခါယမ်းလိုက်သည်၊

'ကျွန်တော့်ကို အထင်မကြီးပါနဲ့ဗျာ၊ ကျွန်တော်ဟာ မချမ်းသာပါဘူးဗျာ'



အမျိုးသမီးသည် ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ထားပါတော့လေ....ရှင်ဘယ်မှာနေလဲ၊ ကျွန်မ တစ်ခါတလေ လာလည်ရတာပေါ့'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ကျွန်တော်က ရောက်တဲ့နေရာမှာ နေတတ်ပါတယ်၊ တစ်နေရာတည်း အတည်တကျ မနေပါဘူးဗျာ'

အမျိုးသမီး၏ သေးသွယ်သော မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေသည်၊

'ဟင်....ရှင်က အိမ်တွေများလှချည်လား၊ နေရာတကာမှာ ရှိတယ်ဆိုတော့....'

ပေ့စွမ်းရင်က ခေါင်းခါယမ်းလိုက်သည်၊

'မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်ဆိုလိုတာက ကျွန်တော့်မှာ အိမ်မရှိယာမရှိ ခြေသလုံးအိမ်တိုင် ဖြစ်နေတယ်ဆိုတာ ပြောတာပါ'

အမျိုးသမီးသည် စိတ်ပျက်သွားပြီး....

'ကျွန်မပေါင်းသင်းတဲ့ မိတ်ဆွေတွေထဲမှာ ရွှေစွန်မင်း ကျွန်ုပ်ရှုံးရန်တစ်ယောက်ပဲ ချမ်းသာတယ်'

လျှိုစန်းဖုံးသည် သူမအား စိုက်ကြည့်လိုက်သည်၊

'ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ'

အမျိုးသမီးက ပြုံးလိုက်ပြီး....

'ရွှေစွန်မင်းဆီ လာတာလား'

လူချန်းဖုံးသည် မျက်မှောင်ကုတ်လိုက်သည်။

'ရွှေစွန်မင်းဆီလာတာ ဟုတ်လား'

အမျိုးသမီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ရွှေစွန်မင်းက ကျွန်မကို ဖိတ်ထားလို့ပါ'

လူချန်းဖုံးက အံ့အားသင့်သွားသည်။

'ရွှေစွန်မင်းက မင်းကို ဘာကြောင့်ဖိတ်တာလဲ'

အမျိုးသမီးက ပြုံးလိုက်ပြီး....

'ခြော်....ခင်မင်ရင်းနှီးလို့ ဖိတ်တာပေါ့'

လူချန်းဖုံးသည် ဆက်၍မေးရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

ဆိုင်လုလင်တစ်ယောက်၏အသံက ထွက်ပေါ်လာလေ၏။

'ဟိုမှာ....ရွှေစွန်မင်းရဲ့ မြင်းလှည်းလာနေပြီ'

သူ၏ စကားကြောင့် အားလုံးသည် ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။



ထိုအခါ မြင်းဖြူခြောက်ကောင်ဆွဲသော မြင်းလှည်းကြီးတစ်စီးသည် တည်းခိုခန်းရှိရာသို့ တရွေ့ရွေ့ လာနေသည်ကို တွေ့လိုက်ရလေသည်။

အမျိုးသမီးသည် ဝမ်းသာအယ်လဲ ဖြစ်သွားသည်။

'ဟုတ်တယ်...ဟုတ်တယ်၊ ဒီမြင်းလှည်းကြီးပေါ့'

ထိုစဉ်မှာပင်....

အနက်ရောင်ဝတ်ဆင်ထားပြီး အနက်ရောင်မျက်နှာဖုံး စွပ်ထားသော ရွှေပျံလွှားဆိုသောသူသည် ထိုင်ရာမှ ထလိုက်၏။

ရွှေပျံလွှားသည် သိုင်းပညာ အလွန်အဆင့်မြင့်သော သိုင်းသမားတစ်ယောက် ဖြစ်ရမည်ဟု ပေ့စွမ်းရင်က ကျိတ်၍ မှတ်ချက်ချလိုက်မိတော့သည်။

မြင်းလှည်းသည် တည်းခိုခန်းရှေ့တွင် ရပ်တန့်လိုက်သည်။

မြင်းလှည်းပေါ်မှ အဝါရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ဆင်းလာပြီး ရွှေပျံလွှားအား တစ်စုံတစ်ခုတီးတိုးပြောလိုက်သည်။

ရွှေပျံလွှားသည် တည်းခိုခန်း အတွင်းဘက်သို့ လှည့်လိုက်ပြီး....

'မြို့တော်ဝန်တို့ မြင်းလှည်းပေါ်ကို ကြွပါခင်ဗျာ'

ဟု ပြောလိုက်လေသည်။

သူ၏အသံမှာ ခပ်အုပ်အုပ်ပင် ဖြစ်သည်။

ထိုအခါ မြို့တော်ဝန် စီးလောက်ရယ်က ရှေ့ဆုံးမှ ထွက်သွားလေသည်။

သူ၏နောက်မှ လျူစန်းဖုံးနှင့် ပေ့စွမ်းရင်တို့အပြင် ထို အမျိုးသမီးနှင့် အိမ်ဖော်များပါ ပါလာလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် မြင်းလှည်းတံခါးကိုဖွင့်၍ ဝင်လိုက်သည်။

သူ၏နောက်မှ လျူစန်းဖုံးနှင့် ပေ့စွမ်းရင်တို့ကလည်း မြင်းလှည်းအိမ်ထဲသို့ ဝင်လိုက်ကြသည်။

သူတို့အားလုံး မြင်းလှည်းအိမ်ထဲသို့ ရောက်သောအခါ ရှေပျံလွှားနှင့် အမျိုးသမီးတို့သည် တည်းခိုခန်းရှေ့တွင် ရပ်ထားသော ထိုအမျိုးသမီးတစ်စု စီးလာသော မြင်းလှည်းပေါ်သို့ တက်သွားကြလေသည်။

သူမတို့နှင့် ရှေပျံလွှားတို့ ဆက်ဆံပုံကို ကြည့်ခြင်းအားဖြင့် သူမတို့သည် ရှေစွန်မင်း ကျန်ဥရန်နှင့် ရင်းနှီးကျွမ်းဝင်မှန်း သိသာလှပေသည်။

❁



သူတို့မြင်းလှည်းနှစ်စီးသည် ရှေ့ဆင့်နောက်ဆင့် ပြေးနေကြလေသည်။

မကြာမီမှာပင်....

သူတို့မြင်းလှည်းနှစ်စီးသည် တိဗက်နယ်ခြားဒေသရှိ တိန်းတောင်တက်လမ်းသို့ ရောက်ရှိလာလေသည်။

တိန်းတောင်တက်လမ်းသည် မတ်စောက်ခြင်းမရှိဘဲ ပြေပြစ်သော လမ်းတစ်ခုသာဖြစ်သည်။

သူတို့သည် တိန်းတောင်တက်လမ်းအတိုင်း မြင်းလှည်းကို မောင်းနှင်လာရာ နှစ်နာရီခန့် ကြာသောအခါ တိန်းတောင်ထိပ်ရှိ ရှေစွန်ရဲတိုက်သို့ ရောက်ရှိလာလေတော့သည်။

မြို့တော်ဝန် စီးလောက်ရယ်တို့လူစုသည် သတိကြီးစွာဖြင့် မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြလေသည်။

ထိုအခါ သူတို့အား အဝါရောင်ဝတ်ဆုံထားသော လူငယ်တစ်ယောက်က ဆီးကြိုကာ ရဲတိုက်အတွင်းသို့ လမ်းပြ ခေါ်ဆောင်သွားလေတော့သည်။

❁

## အခန်း (၃)

## ရွှေစွန်ရဲတိုက် အရှင်သခင်

ရွှေစွန်ရဲတိုက်၏ အရှင်သခင် ကျွန်ဝူးရန်နောက်တွင် အလွန်
ားကျိုင်း၍ အဝါရောင်ဝတ်ဆင်ထားသော လူလေးယောက်
တ်တတ်ရပ်နေကြ၏။

ကျွန်ဝူးရန်၏ ဘယ်ဘက်တွင် အဖြူရောင် ဝတ်ဆင်ထား
ာ လူတစ်ယောက်သည် မတ်တတ်ရပ်နေသည်။

သူ၏မျက်နှာပေါ်တွင် အဖြူရောင် ပဝါပါးတစ်ခု ဖုံးအုပ်
းသဖြင့် မည်သူမည်ဝါဖြစ်ကြောင်း မသိရပါ။

သို့သော်....

သူ၏ သေးသွယ်သော ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ခြင်း
းဖြင့် လမ်းခရီးတွင် အကူအညီပေးခဲ့သောလူပင် ဖြစ်ရမည်
ပေ စွမ်းရင်က တစ်ထစ်ချ ယုံကြည်ထားလေသည်။

မေ့ရွှမ်းရင်၏ မျက်လုံးအစုံသည် ရွှေစွန်မင်း ကျန်ဝူးရန်
ဝဲဘက်သို့ မျက်စိရောက်သွားသောအခါ သူ၏မျက်လုံးအစုံသ
ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ....

သိုင်းရာဇာ ကျွမ်ခိုး၏ဇနီး ဟုန်လိန်ဆိုသော အမျိုးသ
သည် ရွှေစွန်မင်းနှင့် ရင်းရင်းနှီးနှီး ထိုင်နေသည်ကို တွေ့
ရသောကြောင့်ပင် ဖြစ်ပါသည်။

ပို၍အံ့သြဖွယ်ရာကောင်းသည်မှာ ရွှေစွန်မင်း ကျန်ဝူးရ
ကြီးမားသော လက်တစ်ဖက်သည် ထိုအမျိုးသမီး၏ ခါ
ဖက်ထားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါသ

မေ့ရွှမ်းရင်၏ မျက်နှာသည် ထူပူသွားသည်။

သိုင်းရာဇာ ကျွမ်ခိုးသည် အလွန်ရိုးသား အေးချမ်း
အဖြူရောင် သိုင်းသမားတစ်ယောက် ဖြစ်သည်။

သူ၏ဇနီး ဟုန်လိန်သည် သူနှင့် အသက်ထက်ဝက်ခန့်
လေသည်။



ထို့ကြောင့် သူသည် ဇနီးသည် ဟုန်လိန်အား အစစအရာရာ အလိုလိုက်ခဲ့လေသည်။

သို့သော်....

သူ၏ဇနီးသည် ဟုန်လိန်သည် ယခု တိဗက်ပြည်သား ရွှေစွန်မင်း ကျန်ဝူးရန်နှင့် နေပုံထိုင်ပုံမှာ ကြည့်မကောင်းပေ။

သိုင်းရာဇာ ကျွမ်ခိုးသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သိုင်းသမားတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်....

သူ၏ဇနီး ဟုန်လိန်အား မသိသူမရှိပါချေ။

သို့သော်....

ရွှေစွန်မင်း ကျန်ဝူးရန်နှင့် ဟုန်လိန်တို့သည် မည်သူ့ကိုမှ ဂရုမစိုက်သည့်ပမာ ရယ်ကာ မောကာ စကားပြောနေကြ၏။

ကျန်ဝူးရန်၏ ကျဉ်းမြောင်းသော မျက်လုံးအစုံသည် မြို့တော်ဝန် စီးလောက်ရယ်နှင့် မြို့တော်ဝန် လျူစန်းဖုံးတို့အား လုံးဝ မကြည့်ဘဲ မေ့ရွှမ်းရင်ကိုသာ စိုက်ကြည့်နေ၏။

'မင်းက သွေးသောက်ဖော်၊ မေ့ရွှမ်းရင်ဆိုတာလား'

သူ၏အသံ စူးစူးရှရှ ဆိုးရွားလှ၏။

ပေ့စွမ်းရှင်က ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

ကျန်ဝူးရန်က မဲ့ပြုံးပြုံးလိုက်၏။

'မင်းနာမည်ကိုကြားတာ တော်တော်ကြာခဲ့ပါပြီ'

ပေ့စွမ်းရှင်က ပြုံးလိုက်ပြီး....

'ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ်'

မြို့တော်ဝန်စီးလောက်ရယ်က စိတ်မရှည်သောလေသံဖြင့်

'ဒီမှာ ကျန်ဝူးရန်၊ ကျုပ်တို့က ခင်ဗျားနဲ့ အလွှာပသလွှာ ပြောဖို့လာတာမဟုတ်ဘူး၊ မင်း မဆီမဆိုင်စကားတွေ ပြော မနေနဲ့'

ကျန်ဝူးရန်သည် တဟားဟားရယ်မောလိုက်၏။

မြို့တော်ဝန် စီးလောက်ရယ်က အခန်းတွင်းသို့ ဝေ့ဝဲကြည့် လိုက်ပြီး....

'ကျုပ်သမီးကော'

ကျန်ဝူးရန်က ပြုံးလိုက်ပြီး....

'ဒီရဲတိုက်ကြီးထဲမှာ ကောင်းကောင်းမွန်မွန် ရှိနေပါတယ် မြို့တော်ဝန်စီး၊ မြို့တော်ဝန်ရဲ့သမီး စီးဖုံးမေ ဘာမှမဖြစ်စေရ ဘူး ခင်ဗျာ'



မြို့တော်ဝန် စီးလောက်ရယ်က အခန်းတွင်း၌ရှိ လူများအား ကြည့်လိုက်ပြီး....

'ဒီအခန်းမှာပဲ အလဲအလှယ်လုပ်မှာလား'

ကျန်ဝူးရန်က ပြုံးလိုက်၏။

'ဒီအခန်း မကောင်းဘူး၊ ကျုပ် အခန်းထဲ သွားကြတာ ပေါ့'

သူသည် ယင်းသို့ပြောပြီးသည်နှင့် ထိုင်နေသော ကုလားထိုင် လက်ကိုင်ကို တစ်ချက်ပုတ်လိုက်ပြီး....

'ကဲ...အခန်းထဲ သွားကြမယ်'

ဟု အမိန့်ပေးလိုက်၏။

ထိုအခါ သူ၏နောက်တွင် ရပ်နေသော လူလေးယောက် သည် ရှေ့နှစ်ယောက် နောက်တစ်ယောက်ဖြင့် ကုလားထိုင်ကို မလိုက်ပြီး ရဲတိုက်အတွင်းဘက်ရှိ သီးသန့်အခန်းသို့ ထမ်းသွား လေတော့သည်။

သူ၏နောက်တွင် အဖြူရောင် ဝတ်ဆင်ထားသော လူသည် ဓါးဦးချိတ်ထားသောဓားကို လက်တစ်ဖက်ဖြင့် ကိုင်ထားပြီး နောက်မှ လိုက်ပါသွားလေ၏။

'ဟား....ဟား....ဟား'

ကျန်ဝူးရန်၏ ရယ်မောသံသည် ဝန်းကျင် တစ်ခုလုံးအား ရိုက်ခတ်သွားလေ၏။

ဟုန်လိမ်သည် ကျန်ဝူးရန်၏ နံဘေးတွင် တစ်စိတ်ရယ်မော ကာ လိုက်ပါသွားလေတော့သည်။

သူတို့သည် အခန်းဝသို့ ရောက်သောအခါ ဝေးကြောင်၌ ရပ်နေသော မြို့တော်ဝန် စီးလောက်ရယ်တို့အား လှည့်ကြည့် လိုက်ပြီး,...

'လူကြီးလေဗျာ၊ မြို့တော်ဝန်စီးတို့က ဘာလို့ ငိုင်နေကြ တာလဲ'

မြို့တော်ဝန် စီးလောက်ရယ်သည် သက်ပြင်းရှည်တစ်ချက်ချ လိုက်ပြီးနောက် လေးလံသော ခြေလှမ်းများဖြင့် ကျန်ဝူးရန်၏ နောက်မှ လိုက်သွားလေ၏။

သူ၏နောက်တွင် မြို့တော်ဝန်သေး လျူစန်းဖုံးနှင့် ပေ့စွမ်း ရှင်တို့သည် မျက်မှောင်ကုတ်ကာ လိုက်ပါသွားကြလေတော့ သည်။



ကျန်ဝူးရန်သည် အခန်းထဲသို့ဝင်သွားပြီ ဖြစ်ပါသည်။

အပြုံးရောင် ဝတ်ဆင်ထားသော လူသည် ထက်ကြပ်မကွာ လိုက်သွား၏။

ထိုလူသည် ကျန်ဝူးရန်၏ ကိုယ်ရံတော်ဖြစ်လိမ့်မည်ဟု ပေ့ စွမ်းရှင်က ယုံကြည်လေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် အခန်းထဲသို့ တစ်ချက်ငေ့ ကြည့်လိုက်ပြီး အခန်းထဲသို့ လှမ်းဝင်သွားလေတော့သည်။

# အခန်း (၄)

## စုဖိုးမေ

သီးသန့်ခန်းထဲတွင် ခန့်ညားစွာပြုပြင်ထားလေသည်။

အခန်း၏နောက်ဘက်တွင် ကတ္တီပါများဖြင့် ခင်းကျင်းထားသော ညောင်စောင်းတစ်ခု ရှိသည်။

ကျန်ငွေးရန်သည် ထိုညောင်စောင်းပေါ်တွင်ထိုင်၍နေသည်။

သူ၏ရင်ခွင်ထဲတွင် သိုင်းရာဇာ ကျမ်ခိုး၏ဇနီးဖြစ်သူဟွန်လိန် ရောက်ရှိနေသည်။

သန်မာထွားကျိုင်းသော လူလေးယောက်အား မတွေ့ရတော့ပါချေ။

ထိုလူများအစား မိန်းကလေး လေးယောက်ရောက်ရှိနေပြီဖြစ်ပါသည်။

သူ၏ကိုယ်ရံတော်သည် အခန်းထောင့်သို့ သွားရောက်၍ ရပ်နေလေသည်။

ကျန်ဝူးရန်သည် မြို့တော်ဝန် စီးလောက်ရယ်တို့လူစု ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသောအခါ....

'ဟေ့....အားလုံး ထိုင်ကြ'

ဟု အော်ပြောလိုက်လေသည်။

မြို့တော်ဝန်စီးလောက်ရယ်သည် ယာဘက်မှ ထိုင်ခုံပေါ်သို့ သွားရောက်ထိုင်ချလိုက်၏။

ကျန်ဝူးရန်သည် ညောင်စောင်း၏ ခေါင်းရင်း၌ရှိ မောင်းကလေးကို ထုလိုက်သည်။

'ဒေါင်'

မောင်းသံများ ထွက်ပေါ်လာသည်နှင့် ကာရံထားသော လိုက်ကာ၏နောက်ကွယ်မှ မိန်းကလေးနှစ်ယောက် ထွက်ပေါ်လာလေသည်။

'ဧည့်သည်တွေအတွက် ထမင်းဟင်းတွေယူခဲ့စမ်း'

ကျန်ဝူးရန်က အမိန့်ပေးလိုက်သည်။

မကြာပါချေ။



မိန်းကလေးများသည် စားသောက်ဖွယ်ရာများနှင့် အရက်များကို လာရောက် ချပေးသွားလေသည်။

ဆော့စမ်းရင်သည် မိန်းကလေးများ လာရောက်ချပေးသွားသော ပန်းကန်များကို ကြည့်လိုက်သောအခါ သုံးယောက်အတွက်မဟုတ်ဘဲ ငါးယောက်စာအတွက်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ကျန်ဝူးရန်သည် အခြား ဧည့်သည်နှစ်ယောက်အား ဖိတ်ထားသေးသည်လော။

ထိုစဉ်မှာပင်....

မိန်းကလေးတစ်ယောက်အား အလွန် သန်မာထွားကျိုင်းသော လူနှစ်ယောက်က ခြံရံ၍လိုက်ကာ၏ နောက်မှ ထွက်လာလေသည်။

သူမအား သန်မာထွားကျိုင်းသော လူနှစ်ယောက်က ကုလားထိုင်ပေါ်တွင် ထိုင်ရန် ပြင်ပေးလိုက်သည်။

မြို့တော်ဝန် စီးလောက်ရယ်နှင့် မြို့တော်ဝန်လေး လျူစန်းဖုံးတို့သည် ထိုမိန်းကလေးအား တွေ့မြင်လိုက်ရသောအခါ....

သူတို့၏ မျက်လုံးအစုံသည် ပြူးကျယ် ဝိုင်းစက်သွားလေသည်။

သူတို့နှစ်ယောက်၏ နှုတ်မှလည်း....

'သမီး'

'စုဖုံးမေ'

ဟု ပြိုင်တူ ခေါ်လိုက်လေတော့သည်။

ပေ့စွမ်းရင်သည် စုဖုံးမေဟု ခေါ်သံ ကြားလိုက်ရသဖြင့် ထိုမိန်းကလေးအား သေသေချာချာ ကြည့်လိုက်မိသည်။

ထိုအခါ သူ၏နှလုံးခုန်သံများသည် မူမမှန်သကဲ့သို့ဖြစ်သွားလေသည်။

အကြောင်းမှာ....

စုဖုံးမေသည် သူတွေးထင်ထားသည်ထက်ပင် အပြန်တစ်ရာမက သာလွန်၍ လှပနေသောကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်လည်း အလွန် တည်ငြိမ်အေးဆေးသော သူ၏ငယ်သူငယ်ချင်းဖြစ်သူ မြို့တော်ဝန်လေး လျူစန်းဖုံးအား ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။



ယခု....

စုဖုံးမေသည် သူတို့အား ကြည့်ပင်မကြည့်ဘဲ ရှေ့တူရူသို့သာ ငေးစိုက်ကြည့်နေလေသည်။

စုဖုံးမေ၏ အမူအရာကိုကြည့်ခြင်းဖြင့် စုဖုံးမေသည် စိတ်ညှိုးဆေးလုံး တိုက်ကျွေးထားခြင်း ခံရသူဖြစ်ကြောင်း သူတို့အားလုံး သိလိုက်ကြရလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် ကျန်ဝူးရန် တည်ခင်းသော အစားအစာများကို မစားပါ။

သူသည် ကျန်ဝူးရန်အား ရှုံ့မှုန်းစွာကြည့်လိုက်ပြီး....

'ကျုပ်က ထမင်းစားဖို့လာတာ မဟုတ်ဘူးဗျ'

ကျန်ဝူးရန်သည် ပြုံးလိုက်သည်။

'ကျုပ်ဆီရောက်လာမှတော့ ဧည့်ဝတ်ကျေပါရစေဦးဗျာ'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မစားနိုင်ဘူး၊ မင်းကျွေးတာကိုတော့ ကျေးဇူးတင်ပါတယ်၊ အရေးကြီးတာက ကျုပ်တို့ အလဲ့အလှယ် အမြန်ဆုံးလုပ်ဖို့ပဲ'

ကျန်ဝူးရန်က လက်ကာပြလိုက်ပြီး....

'မြို့တော်ဝန်စီး၊ ဒီလောက်လဲ မလောပါနဲ့ဗျာ၊ ဘယ်ဧည့်သည်မျိုးမဆို ကျုပ်ရဲ့တိုက်ကိုရောက်ရင် အနည်းဆုံးတစ်ရက်လောက်တော့ နေရတာပဲ'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းခါယမ်းလိုက်ပြီး...

'ကျုပ်သမီးကို အမြန်ဆုံး ကျုပ်လက်ထဲထည့်ပါ၊ ကျုပ်ဒီမှာ ကြာကြာမနေချင်ဘူး'

ကျန်ဝူးရန်က ခက်ထန်မာကျောသော လေသံဖြင့်....

'ဒီမှာ မြို့တော်ဝန်စီး၊ ကြည့်ကြည်သာသာပြောနေတာကို လက်ခံပါ၊ မြို့တော်ဝန်ရဲ့သမီးက ကျုပ်လက်ထဲမှာ ဆိုတာကို သတိထားဦးမှပေါ့၊ နောက်ပြီး ကျုပ်မှာဧည့်သည်နှစ်ယောက်ကို စောင့်ရပါဦးမယ်'

မြို့တော်ဝန်စီးလောက်ရယ်က မျက်မှောင်ကြုတ်လိုက်ပြီး...

'ဘယ်သူများလဲ'

ကျန်ဝူးရန်က တည်ကြည်လေးနက်သော လေသံဖြင့်...

'ဒီလူနှစ်ယောက်ဟာ ကျုပ်တို့အလဲအလှယ်လုပ်မယ့် ကိစ္စမှာ အလွန်အရေးကြီးတဲ့ လူနှစ်ယောက်ပါပဲ'

မြို့တော်ဝန် စီးလောက်ရယ်သည် ကျန်ဝူးရန်အား နားမလည်ဟန်ဖြင့် ကြည့်လိုက်ပြီး....



'သူတို့က ဘယ်သူတွေလဲ'

ကျန်ဝူးရန်က ပြုံးလိုက်ပြီး....

'စိတ်မလောပါနဲ့ဗျာ....သူတို့ရောက်လာရင် မြို့တော်ဝန်စီး သိရမှာပေါ့'

မြို့တော်ဝန် စီးလောက်ရယ်သည် ဘာမျှပြန်မမေးတော့ပါ။

ထိုစဉ်မှာပင်....

အခန်းထဲသို့ မိန်းကလေးနှစ်ယောက်သည် ဧည့်သည် နှစ်ယောက်အား ခေါ်ဆောင်လာလေ၏။

ထိုဧည့်သည် နှစ်ယောက်သည် တစ်ယောက်က အသက်နှစ်ဆယ်ခန့်ရှိသော အပြာရောင်ဝတ်ဆင်ထားသော လူငယ်တစ်ယောက်ဖြစ်ပြီး ခါးပေါ်တွင် ဓားသမားတစ်ယောက်နှင့် တူသည်။

ကျန်တစ်ယောက်မှာမူ အသက်ခုနစ်ဆယ်ကျော်ခန့်ရှိသော အညိုရောင် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

မပေ့စွမ်းရင်သည် ထိုလူနှစ်ယောက်အား အကဲခတ်ကြည့်လိုက်၏။

သို့သော်....

သူသည် ထိုလူနှစ်ယောက်မှာ မည်သူမည်ဝါ ဖြစ်သည်ကိုမူ မသိပါချေ။

မြို့တော်ဝန် စီးလောက်ရယ်နှင့် မြို့တော်ဝန် လျူစန်းဖုံး တို့မှာလည်း ထိုလူနှစ်ယောက်အား အကဲခတ် ကြည့်နေလေ သည်။

'ထိုင်ကြပါဗျာ'

ကျန်ဝူးရန်၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ လေသည်။

ထိုညှို့သည်နှစ်ယောက်သည် လွတ်နေသော ခုံနှစ်လုံးပေါ် တွင် ကိုယ်စီထိုင်ချလိုက်ကြလေ၏။

အပြာရောင်ဝတ်ဆင်ထားသော စာပေသမား လူငယ်က စကားစလိုက်သည်။

'ကျုပ်တို့ အစီအစဉ် စလိုက်ကြရအောင်'

ကျန်ဝူးရန်က သူ့အားတစ်ချက်ကြည့်လိုက်ပြီး....

'စကားမရှည်နဲ့၊ အဲဒါ မင်းကိစ္စမဟုတ်ဘူး'

အပြာရောင်ဝတ်ဆင်ထားသော စာပေသမား လူငယ်သည် ဘာမျှပြန်မပြောဘဲ ပေ့စွမ်းရင်ကိုသာ သတိပြုကြည့်လိုက်လေ သည်။

အညိုရောင်ဝတ်ဆင်ထားသော အဘိုးအိုကသည်၊ ပေ့စွမ်း ရင်တို့ သုံးယောက်အား အမှတ်မထင် အကဲခတ်ကြည့်နေလေ သည်။



အနီးရှိ မိန်းကလေးများသည် ညှို့သည်များအား အရက် ငှဲ့ပေးနေကြလေသည်။

ကျန်ဝူးရန်သည် အရက်ခွက်ကိုမြှောက်လိုက်ပြီး....

'ကဲ....အားရပါးရ သောက်ကြပါခင်ဗျာ'

ညှို့သည်ငါးယောက်တို့သည် မတတ်နိုင်တော့ဘဲ အရက် ခွက်ကိုယူ၍ မော့ချလိုက်လေတော့သည်။

ကျန်ဝူးရန်သည် အရက်ထပ်ငှဲ့လိုက်ပြီး....

'ဘယ့်နှယ်လဲဗျ....ကျုပ်အရက် ကောင်းရဲ့လား'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်ပြီး....

'ကောင်းပါတယ်၊ ဒါပေမယ့် အသဲအလှယ်ကိစ္စကို အမြန် ဆုံးလုပ်ဖို့ပဲ စီစဉ်ပေးပါ၊ ကျုပ်သမီးကို ဒီမှာထားရတာ စိတ် မချဘူး'

ကျန်ဝူးရန်က ရယ်မောလိုက်ပြီး....

'ခင်ဗျားသမီးကို စိတ်ချပါတယ်၊ ကျုပ်တို့ထဲက ဘယ်သူက ခင်ဗျားသမီးကို လက်ဖျားနဲ့တောင် တို့ရဲမှာ မဟုတ်ပါဘူး တကယ်လို့ သူ့ကိုထိခဲ့ရင်လဲ ကျုပ်ရဲ့ ကိုယ်ရံတော်က ဘယ်သို့ နေမှာမဟုတ်ပါဘူး'

ကျန်ဝူးရန်သည် ပြောရင်း သူ၏ကျဉ်းမြောင်းသော မျက်လုံး အရုံသည် အပြုံးရောင်ဝတ်ဆင်ထားသော သူ၏ကိုယ်ရံတော်ဆီသို့ ရောက်သွားလေတော့သည်။

## အခန်း (၅)

## ကိုယ်ရံတော်၏ တစ်ဖက်ယသ်အချစ်

အညိုရောင်ဝတ်ဆင်ထားသော အဘိုးအိုသည် မျက်မှောင် ကုတ်လိုက်ပြီး တစ်စုံတစ်ရာပြောရန် ပါးစပ်ဟလိုက်သည်၊ သို့သော်....

သူ၏စကားအား ကျန်ဝူးရန်က ကြားဖြတ်လိုက်သည်၊

'သူ့ကို ခင်ဗျားတို့ မမြင်ဖူးပေမယ့် သူ့နာမည် ပြောပြရင်တော့ အားလုံးကြားဖူးကြမယ်လို့ ကျုပ်ထင်တယ်'

သူသည် ယင်းသို့ပြောပြီး အသံကို မြှင့်တင်လိုက်ပြီး....

'သူ့နာမည်က သံမဏိသိုင်းသမား ယင်ဟန့်ပဲ ဖြစ်ပါတယ်'

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။

'ဟင်....စွန်ဟိုဂိုဏ်းက သိမဏိသိုင်းသမား ထင်ဟန် ဟုတ်လား'

ဟု ပေ့စွမ်းရင်က အံ့သြတကြီးဖြင့် မေးလိုက်လေသည်။

ကျန်ဝူးရန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

သူသည် ပေ့စွမ်းရင်အား စေ့စေ့ကြည့်လိုက်ပြီး....

'မင်း သူ့နာမည်ကိုသိတာတော့ ဟုတ်ပါပြီ၊ သူ့အကြောင်းတော့ သိလို့လား'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'သိတော့ သိပါတယ်၊ ဒါပေမယ့် ပြည့်ပြည့်စုံစုံတော့ မဟုတ်ဘူး'

ကျန်ဝူးရန်သည် စကားဆက်လိုက်သည်။

'အေး...မသိရင်တော့ ပြောပြမယ်၊ တစ်ချိန်တုန်းက သူ[illegible] စွန်ဟိုဂိုဏ်းရဲ့ ဂိုဏ်းချုပ်ရဲ့တစ်ဦးတည်းသောသားနဲ့ မိန်းကလေး တစ်ယောက်အတွက်နဲ့ ရန်ဖြစ်ကြတယ်၊ သူက ဂိုဏ်းချုပ်ရဲ့သား ကိုသတ်ပြီး ထွက်ပြေးသွားတယ်၊ စွန်ဟိုဂိုဏ်းက လူတွေ[illegible] သူ့ကို ကလဲ့စားချေဖို့ လိုက်ရှာကြတယ်၊ ဒါပေမယ့် သူ့[illegible] ဘယ်သူကမှ ရှာလို့မတွေ့ဘူး'



သူသည် ထင်ဟန်အား တစ်ချက်ကြည့်လိုက်ပြီး...

'ဘယ်တွေ့ပါ့မလဲ၊ သူက တိဗက်နယ်စပ်ကို ထွက်ပြေးလာပြီး ကျုပ်ရဲ့တိုက်မှာ လာပြီး ပုန်းနေတာကိုး၊ ဒါကြောင့် ခင်ဗျားတို့ အမြင်ကတော့ သူဟာ ကျုပ်ရဲ့ ကိုယ်ရံတော်ပဲလို့ မြင်ကြပေမယ့် အမှန်မှာ ကျုပ်ကသာ သူ့ကို အကာအကွယ် ပေးနေတာပါ'

သူသည် တစ်ချက်ပြုံးလိုက်ပြီး....

'တစ်ခုပြောရဦးမယ်၊ အခုတစ်လော သူ့ကို ကြည့်ရတာ ဂနာမငြိမ် ဖြစ်နေတယ်၊ စီးဖုံးမေကို တွေ့တဲ့အချိန်ကပေါ့၊ ကျုပ်အထင်တော့ သူဟာ စီးဖုံးမေကိုတစ်ဖက်သတ်ချစ်နေတယ် ထင်တယ်'

သူသည် ပြောရင်း ရယ်မောလိုက်ပြီး....

'ဟဲ....ဟဲ....ဟဲ၊ သူကသာ သူများကို လိမ်လို့ရချင်ရမယ်၊ ကျုပ်ကိုတော့ လိမ်လို့....'

ကျန်ဝူးရန်၏ စကားကြောင့် မြို့တော်ဝန် စီးလောက်ရယ် နှင့် မြို့တော်ဝန်ဇနီး လျူစန်းဖုံးတို့၏ မျက်နှာများ ကွက်ခနဲ ပျက်သွားကြလေသည်။

ကျန်ဝူးရန်သည် စကားဆက်လိုက်သည်။

'ကျုပ်က အလွန်ကြင်နာတတ်တဲ့ လူတစ်ယောက်ပါ'

သူသည် ယင်းသို့ပြောရင်း ထင်ဟန်ဘက်သို့ လှည့်ကြည့်သည်။

'ထင်ဟန်....ကျုပ်ပြောတာ ဟုတ်လား'

ထင်ဟန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ကျန်ဝူးရန်သည်ပေ့စွမ်းရင်တို့ဘက်သို့လှည့်ကြည့်လိုက်ပြီး....

'ကျုပ်ရဲ့ ကိုယ်ရံတော်ကို ခင်ဗျားတို့က မှတ်မိဖို့ကောင်းပါတယ်၊ သူ့ကိုလဲ ကျေးဇူးတင်ဖို့ ကောင်းတယ်'

လျူစန်းဖုံးသည် မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲ'

ကျန်ဝူးရန် မြူးလိုက်ပြီး....

'ကျုပ်ရဲ့ကိုယ်ရံတော်က ခင်ဗျားတို့ကို နှစ်ကြိမ်တိတိကူညီခဲ့တယ်မဟုတ်သား'

ဟု တစ်သုံးချင်းပြောလိုက်လေသည်။

✿



လျူစန်းဖုံးတို့သည် စုလုံအားသတ်ပြီး လျို့ဝှက်မြေပုံအား ယူဆောင်သွားသောလူနှင့် ကျားနက်တို့လူစုအား တိုက်ခိုက်ပြီး မိမိတို့ကိုကူညီခဲ့သူသည် ထင်ဟန်ဖြစ်နေမှန်း ယခုမှပင် သိလိုက်ရလေသည်။

သူတို့သုံးယောက်သည် ခေါင်းညိတ်လိုက်လေသည်။

ပေ့စွမ်းရင်သည် အနည်းငယ်စဉ်းစားလိုက်ပြီး....

'သူက ကျုပ်တို့ကို လိုက်ပြီးကူညီတာဟာ ခင်ဗျားခိုင်းလို့ မဟုတ်လား'

ကျန်ဝူးရန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျား၊ အဲဒါ သူကအလကားသက်သက်များ ခင်ဗျားတို့ကို ကူညီလိမ့်မယ်လို့ထင်သလား'

မြို့တော်ဝန်စီးလောက်ရယ်သည် ကြားဖြတ်မေးလိုက်သည်။

'လျို့ဝှက်မြေပုံနဲ့ပတ်သက်ပြီး မင်းရဲ့ကျုပ်တို့တစ်တွေပဲသိတဲ့ကိစ္စပဲ၊ ခြသေ့ညီနောင်သုံးဖော်နဲ့ ကျားနက်တို့က ဘယ်လိုလုပ် သိသွားရတာလဲ'

ကျန်ဝူးရန်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ကျုပ်က ပြောလိုက်တာပါ'

မြို့တော်ဝန်စီးလောက်ရယ်က အံ့အားသင့်သွားလေသည်။

'မင်းက ဘာဖြစ်လို့ပြောရတာလဲ'

ကျန်ဝူးရန်က ရယ်မောလိုက်ပြီး....

'ခင်ဗျားတို့ အေးအေးချမ်းချမ်းဒီကိုလာရတာ ပျင်းနေမှာစိုးလို့ တမင်ဟာကာ စွန့်စားခန်းလေးဖြစ်အောင် ဖန်တီးပေးလိုက်တာပါ'

သူသည် ပြောရင်း ကျန်ဝူးရန်ဘက်သို့လှည့်ကာ....

'ကျွန်နက်က မင်းကိုတွေ့ထားနဲ့ ထွက်ပြေးသွားတယ်ကြားတယ်၊ မင်း တော်တော်ညံ့တဲ့လူပဲ'

ပေ့စွမ်းရှင်က ပါးစပ်ပိတ်ထားလေသည်။

❀

ကျန်ဝူးရန်သည် အပြာရောင် ဝတ်ဆင်ထားသော စာပေသမားလူငယ်နှင့် အညိုရောင်ဝတ်ဆင်ထားသော အဘိုးအိုဘက်သို့ လှည့်လိုက်ပြီး၊ ပေ့စွမ်းရှင်ကိုညွှန်ပြလိုက်သည်။

'သူ ဘယ်သူလဲဆိုတာ သိလား'



အပြာရောင် ဝတ်ဆင်ထားသော စာပေသမားသည် ပေ့စွမ်းရှင်အား တစ်ချက်ကြည့်လိုက်ပြီး....

'ဘယ်သူတဲ့လဲ'

ကျန်ဝူးရန်က ပြုံးလိုက်ပြီး....

'သွေးသောက်စား ပေ့စွမ်းရှင်ပေါ့'

အပြာရောင်ဝတ်ဆင်ဆင်ထားသော စာပေသမား လူငယ်သည် ပေ့စွမ်းရှင်အား ဦးညွှတ်အရိုအသေပေးလိုက်ပြီး....

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'

အညိုရောင်ဝတ်ဆင်ထားသော အဘိုးအိုမှာမူ မလှုပ်မယှက်ပင် ထိုင်လျက်ရှိသည်။

ပေ့စွမ်းရှင်သည် အပြာရောင်ဝတ်ဆင်ထားသော စာပေသမားဘက်လှည့်လိုက်ပြီး....

'ဟုတ်ကဲ့....ဒါ့ညီကတော့ ဘယ်သူလဲ'

သူ၏အမေးအား အပြာရောင် ဝင်ဆင်ထားသော လူက အဖြေမပေးပါ။

ကျန်ဝူးရန်က ဝင်ပြောလိုက်သည်။

'သူက ဒီလျို့ဝှက်မြေပုံကိုဆွဲခဲ့တဲ့ ဝေ မြို့စားကြီးရဲ့ အမျိုးအနွယ်ပါ၊ အမည်ကတော့ ဝေ့ထင်းမင်းဖြစ်ပါတယ်'

ဝေ့စွမ်းရှင်က ထိုလူငယ်အား လှိုက်လှိုက်လှဲလှဲ ပြုံးပြုံးလိုက်ပြီး....

'အခုလို ဝေ့မြို့စားကြီးအမျိုးအနွယ်ကိုတွေ့ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်ဗျာ'

ကျန်ဝူးရန်က မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားက ဂုဏ်ယူမနေပါနဲ့ဦး၊ သူက ဝေ့မြို့စားကြီးရဲ့အမျိုးအနွယ်ထဲက အသုံးမကျဆုံးသော လူတစ်ယောက်ပါ'

ထိုစကားကြောင့် ဝေ့ထင်းမင်း၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ကျန်ဝူးရန်သည် ဝေ့ထင်းမင်းအား တစ်ချက် ကြည့်လိုက်ပြီး....

'အမှန်အတိုင်း ပြောရရင် သူ့ကို ဝေ့အမျိုးအနွယ်ကနေ မောင်းထုတ်လိုက်တာ သုံးနှစ်တောင်ရှိနေပါပြီ၊ ဘာအကြောင်းကြောင့်လဲဆိုတာတော့ သိကြသလား'

အခန်းထဲမှ လူအားလုံးသည် သူ၏စကားကို နားစွင့်နေကြသည်။

ကျန်ဝူးရန်သည် စကားဆက်လိုက်သည်။

'သူက ဝေ့အမျိုးအနွယ်ရဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို အလွဲသုံးစားလုပ်တယ်၊ လောင်းကစား လုပ်ပစ်လိုက်တယ်လေ'



ဝေ့ထင်းမင်း၏မျက်နှာတစ်ခုလုံးသည် မည်းမှောင်၍နေလေသည်။

ကျန်ဝူးရန်က စကားဆက်လိုက်ပြန်သည်။

'သူ့ကို မင်းမျိုးမင်းနွယ်ရဲ့ သားသမီးဆိုပြီး လူကောင်းထင်ရင်တော့ မဟာအမှားပဲ၊ အမှန်အတိုင်း ပြောရရင် သူဟာ ကောင်းတဲ့အလုပ်ကလွဲလို့ မကောင်းတဲ့အလုပ် မှန်သမျှကို သူ မလုပ်ခဲ့တာ မရှိဘူး၊ သူ့ကိုသာ ငွေပေးနိုင်မယ်ဆိုရင် ဘာမဆို သူလုပ်ပေးမှာပဲ'

သူသည် နှာခေါင်းရှုံ့လိုက်ပြီး....

'ဒါပေမယ့် လူတစ်ယောက်ဟာ ဘာအလုပ်ပဲ လုပ်လုပ် ထမင်းတော့ စားရမှာပဲ၊ သူကတော့ ထမင်းစားဖို့ ဘာပညာမှ မတတ်ပါဘူး'

ဝေ့ထင်းမင်းသည် ခံပြင်းလွန်း၍ မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က ဘာပညာမှမတတ်တဲ့နဲ့ ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ အဖိုးအခကြေးကြီးကြီးပေးပြီး ခေါ်လာတာလဲဗျ'

ကျန်ဝူးရန်က မထီတရိပြုံးလိုက်ပြီး....

'ဒါကတော့ မင်းက ဝေ့အမျိုးအနွယ်ရဲ့ လူဖြစ်ပြီး မင်းဘိုးအေကိုယ်တိုင် ရေးဆွဲပြီး ဘုရင်မင်းမြတ်ကို ဆက်သခဲ့တဲ့ လျှို့ဝှက်မြေပုံကို မင်းက မြင်ဖူးထားတော့ ဒီလျှို့ဝှက်မြေပုံ အစစ်နဲ့အတုကို ခွဲခြားနိုင်လို့ ခေါ်တာပေါ့ကွ'

ဝေ ထင်းမင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ဒါဖြင့် ကျုပ်တို့ အခုအချိန်ကစပြီး အလုပ်ထိစွပဲ ပြောကြစို့လား'

ကျန်ဝူးရန်က လက်ကာပြလိုက်ပြီး....

'ခနပါဦးလေ၊ ကျုပ်မိတ်ဆက်လို့မှ မပြီးသေးဘဲ'

သူသည် ယင်းသို့ပြောပြီး၊ အညိုရောင် ဝတ်ဆင်ထားသော အဘိုးအိုအား ညွှန်ပြလိုက်ပြီး....

'သူ့ကိုတော့ ခင်ဗျားတို့ သိကြလိမ့်မယ် မထင်ဘူးဆိုတာ ကျုပ်ပြောရဲတယ်'

မြို့တော်ဝန် စီးလောက်ရယ်က ကြားဖြတ်မေးလိုက်၏။

'သူက ဘယ်သူတဲ့လဲ'

ကျန်ဝူးရန်က ခေါင်းညိတ်လိုက်ပြီး....

'သူ့နာမည်က ကုဆုဟန်၊ သူ့ရဲ့အလုပ်က ရှေးဟောင်းမြေပုံတွေကို အကဲဖြတ်တဲ့ ပညာရှင်တစ်ယောက်၊ ဘယ်မြေပုံမဆို သူ့ရဲ့ အရောင်အဆင်းကိုကြည့်ပြီး ဒီမြေပုံဟာ နှစ်ပေါင်းဘယ်လောက်ကြာပြီလဲဆိုတာ အကဲခတ်နိုင်တယ်'

မြို့တော်ဝန် စီးလောက်ရယ်က မျက်မှောင်ကုတ်လိုက်၏။

'မင်းက ဝေ ထင်းမင်းကိုတောင် မယုံဘူးဟုတ်လား'



ကျန်ဝူးရန်က ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးဘူးလေ၊ ခင်ဗျားနဲ့ သူနဲ ပေါင်းပြီး ကျုပ်ကိုလိမ်ချင် ဘယ်လိုလုပ်မလဲ'

မြို့တော်ဝန် စီးလောက်ရယ်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ဒါတော့ စိတ်ချ၊ ကျုပ်က သူနဲ့မှမသိတဲ'

ကျန်ဝူးရန်က ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ရဲ့စကားကို ကျုပ်က တစ်ဝက်ပဲ ယုံနိုင်မယ်'

မြို့တော်ဝန် စီးလောက်ရယ်သည် ပါးစပ်ပိတ်ထားလိုက်၏။

ကျန်ဝူးရန်က စကားဆက်လိုက်သည်။

'နောက်တစ်ခုက တခြားက ဒီလျှို့ဝှက်မြေပုံအကြောင်းကို ကောင်းကောင်းသိမှာ မဟုတ်ဘူး၊ ဝေ ထင်းမင်းက စကားကို အမှန်မပြောဘဲ မြေပုံအစစ်ကို အတုလို့ပြောရင် ဘယ်နှယ်လုပ်မလဲ'

မြို့တော်ဝန် စီးလောက်ရယ်က ကျန်ဝူးရန်အား စူးစိုက်ကြည့်လိုက်ပြီး....

'ဒါကြောင့် မင်းက ကုဆုဟန်ကို ခေါ်တာပေါ့ ဟုတ်လား'

ကျန်ဝူးရန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

မြို့တော်ဝန် စီးလောက်ရယ်က မဲ့ပြုံးပြုံးလိုက်ပြီး….

'သူက မင်းကို လိမ်ပြောရင်ကော'

ကျန်ဝူးရန်က ပခုံးတစ်ချက် တွန့်လိုက်သည်။

'သူက ကျုပ်ကို ဘယ်တော့မှ မလိမ်ရဲဘူးဆိုတာ မှတ်ပါ'

သူသည် ငွေပြရင်း ကုဆာဟန်ဘက်သို့ လှည့်လိုက်သည်၊ ထင်ဟန်ကာ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်၊ ကျုပ်က ငွေရရင် ပြီးတာပါပဲ'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး….

'ခင်ဗျားက ငွေပေးတာကိုး၊ ဒါကြောင့် ခင်ဗျားကို အကူအညီပေးတဲ့လူဟာ ငွေအတွက်နဲ့ပဲ လာကူညီကြတယ် ဆိုတာ ထင်ရှားပါတယ်ဗျာ'

ကျန်ဝူးရန်သည် တဟားဟား ရယ်မောလိုက်လေ၏၊

'ခင်ဗျားကော မြို့တော်ဝန် စီးလောက်ရယ်ကို ကူညီတာ ငွေရလို့ပေါ့ ဟုတ်လား'

ပေ့စွမ်းရင်က နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး….

'ကျုပ်အကြောင်းကို ခင်ဗျားတို့သိမှာပါ၊ ကျုပ်က တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုရင် အသက်ပါစွန့်ဝံ့တဲ့ လူစားပါ၊ နောက်ပြီး ကျုပ်က သူများကိုကူညီရင် ကိုယ့်စရိတ်နဲ့ကိုယ်ပဲ ကူညီတတ်တယ်'



ကျန်ဝူးရန်သည် ပြုံးလိုက်၏၊

ထို့နောက်….

သူသည် လျှူစန်းဖိုးအား ညွှန်ပြလိုက်ပြီး….

'သူ့နာမည်က လျှူစန်းဖိုး၊ ချန်ကျုံး မြို့တော်ဝန်ဟောင်းပေါ့၊ အခုတော့ မတော်ရသေးတဲ့ ယောက္ခမနဲ့အတူ စီးဖိုးမေ လွတ်မြောက်ဖို့ကို ကြိုးပမ်းနေတဲ့လူပဲ'

သူသည် ယင်းသို့ပြောပြီး မြို့တော်ဝန် စီးလောက်ရယ်ဘက်သို့ လှည့်လိုက်ပြီး….

'သူ့နာမည်က စီးလောက်ရယ်၊ သူ့ကိုတော့ ခင်ဗျားတို့အားလုံး သိမှာပါ၊ ထန်ကျုံး မြို့တော်ဝန်အဖြစ်နဲ့ပေါ့၊ အခုတော့ သမီးဖြစ်သူ စီဖိုးမေအတွက် စိုးရိမ်သောကရောက်နေတဲ့ အဖေတစ်ယောက်ပေါ့'

❀

ပေထင်းမင်းနှင့် ကုဆုဟန်တို့သည် စီးလောက်ရယ်နှင့် လျှူစန်းဖိုးအား ဦးညွှတ်၍ ဂါရဝပြုလိုက်လေသည်။

'တွေ့ရတာ ဝမ်းသာပါတယ် မြို့တော်ဝန်'

ကျန်ဝူးရန်သည် အားလုံးကို တစ်ချက် ကြည့်လိုက်ပြီး နောက်....

'ကဲ...အားလုံးကိုတော့ မိတ်ဆက်ပြီးပြီ၊ အလဲအလှယ်ကိစ္စလေး စလိုက်ကြရအောင်'

ထိုစကားကို ကြားလိုက်ရသောအခါ မြို့တော်ဝန် စီးလောက်ရယ်၏ မျက်လုံးအစုံသည် ဝင်းလက် တောက်ပသွားသည်။

'သိပ်ကောင်းတာပေါ့ဗျာ'

ကျန်ဝူးရန်က မဲ့ပြုံးပြုံးလိုက်ပြီး...

'ဒီလိုဆိုရင် ခင်ဗျားရဲ့လျှို့ဝှက်မြေပုံကို ဘာဖြစ်လို့မထုတ်သေးတာလဲ'

စီးလောက်ရယ်သည် သူ၏အင်္ကျီအိတ်ထဲမှ အနီရောင်ကတ္တီပါ ရှုံ့အိတ်ကလေးအား စားပွဲပေါ်သို့ တင်လိုက်လေ၏။

အားလုံး၏ မျက်လုံးများသည် ရှုံ့အိတ်ကလေးပေါ်သို့ စုရုံးရောက်ရှိလာကြသည်။

သူသည် ရှုံ့အိတ်ကလေးအား ဖြည်လိုက်သောအခါ ဝါကျင့်ကျင့် မြေပုံတစ်ပုံအား တွေ့လိုက်ရလေသည်။

ဝေ့ထင်းမင်း၏ မျက်လုံးအစုံသည် ဝင်းလက် တောက်ပသွားသည်။



ကျန်ဝူးရန်သည် လျှို့ဝှက်မြေပုံအား သေသေချာချာအကဲခတ်ကြည့်လိုက်ပြီးနောက်....

'အင်း...မြေပုံက တော်တော်ရှုပ်ထွေးပါလား'

သူသည် ယင်းသို့ပြောရင်း ကုဆုဟန်ဘက်သို့ လှည့်လိုက်ပြီး....

'ကဲ... ခင်ဗျား သေသေချာချာ လေ့လာစမ်းပါ၊ ဒီမြေပုံဟာ လျှို့ဝှက်မြေပုံ စစ်မစစ်ဆိုတာ'

ကုဆုဟန်သည် ဘာမျှပြန်မပြောဘဲ လျှို့ဝှက်မြေပုံအားရှု၍ သေသေချာချာ လေ့လာကြည့်ရှုနေတော့သည်။

'ဒီလျှို့ဝှက်မြေပုံဟာ အနည်းဆုံး နှစ်ပေါင်းငါးဆယ်ကျော်လောက် ရှိမယ်လို့ ကျုပ်ယူဆတယ်'

ကုဆုဟန်သည် လျှို့ဝှက်မြေပုံအား သေသေချာချာစစ်ဆေး ကြည့်ရှုပြီးနောက် ပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျန်ဝူးရန် ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်တယ်၊ ဒီလျှို့ဝှက်မြေပုံဟာ ဝေ့မြို့စားကြီးရှိစဉ်ကရေးဆွဲခဲ့တယ်ဆိုတော့ အခုဆိုရင် နှစ်ပေါင်း ငါးဆယ်ကျော်လောက် ရှိပြီ၊ ကဲ...ဝေ့ထင်းမင်း ကြည့်စမ်းပါဦး'

ကုဆလဟန်သည် လျှို့ဝှက် မြေပုံအား ဝေ့ထင်းမင်းအား မေးလိုက်လေသည်။

ဝေ့ထင်းမင်းသည် လျှို့ဝှက်မြေပုံအား လှမ်းယူလိုက်သည်

ကျွန်ဝူးရန်က ၊ စိတ်မရှည်နိုင်သော လေသံဖြင့်....

'မြန်မြန်ကြည့်စမ်း....မင်းတို့ဘိုးဘေး ဝေ့မြို့စားကြီး ရေး ခဲ့တဲ့ လျှို့ဝှက်မြေပုံ အစစ်လားဆိုတာ'

ဝေ့ထင်းမင်းသည် လျှို့ဝှက်မြေပုံအား သေချာစွာ ကြ လိုက်ပြီး....

'ဟုတ်ပါတယ်၊ ဒီလျှို့ဝှက်မြေပုံဟာ ကျုပ်အဘိုးကိုယ်တိ ရေးဆွဲပြီး ဘုရင်မင်းမြတ်ကို ဆက်သခဲ့တဲ့ မြေပုံအစစ်ပါ ဒီလျှို့ဝှက်မြေပုံထဲမှာ ရှေးနန်းတော်ရဲ့ အဓိကကျတဲ့ နေရာ ကို လျှို့ဝှက်သင်္ကေတတွေနဲ့ သူများတွေမသိအောင် ရေး ထားပါတယ်'

ကျွန်ဝူးရန်၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွ သည်။

'အဲဒီလျှို့ဝှက်သင်္ကေတတွေကို မင်းနားလည်လား'

ဝေ့ထင်းမင်းက ကျွန်ဝူးရန်၏ မျက်နှာအား စေ့စေ့ကြ လိုက်ပြီး....

'ခင်ဗျားက သိချင်တယ် ဟုတ်လား'



ကျွန်ဝူးရန်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်က ဒီလျှို့ဝှက်မြေပုံထဲက သင်္ကေတတွေကို နားလည်ဖို့ ဖုံးမေကို ပြန်ပေးဆွဲခဲ့တာပေါ့'

ဝေ့ထင်းမင်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဒါဖြင့် ခင်ဗျားမောရုံပဲ ရှိမှာပေါ့'

ကျွန်ဝူးရန်၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

'ဘာကွ....မင်း ဘယ်လိုပြောလိုက်တာလဲ'

ဝေ့ထင်းမင်းက မချိပြုံးပြုံးလိုက်ပြီး....

'ကျုပ်ဟာ ဝေ့အမျိုးအနွယ်ရဲ့ အပယ်ခံတစ်ယောက် ဖြစ် ပါတယ်၊ ဒါပေမယ့် ကျုပ်ဟာ ဝေ့အမျိုးအနွယ်ပဲ၊ ဒီလျှို့ဝှက် မြေပုံထဲက သင်္ကေတတွေကို သိတဲ့လူဆိုလို့ ကျုပ်တို့ ဝေ့အမျိုး အနွယ်ရယ်၊ ဘုရင်မင်းမြတ်ပဲ ရှိတယ်၊ အဲဒီတော့ ကျုပ်တို့ ဝေ့ မျိုးနွယ်ရဲ့ လျှို့ဝှက်ချက်ကို ခင်ဗျားကို ဘာလို့ ပြောပြရမှာလဲဗျ'

ကျွန်ဝူးရန်သည် ခေါင်းခြောင်းခြောက်ထွက်သွားလေသည်။

'မင်းကို ကျုပ်က ငွေပေးပြီး ငှားထားတယ်ဆိုတာ မင်း မေ့နေပြီထင်တယ်'

ဝေ့ထင်းမင်းသည် တဟားဟား ရယ်မောလိုက်သည်။

'ဒီမှာ ကျွန်ဝူးရန်....ခင်ဗျားက ဒီလျှို့ဝှက်မြေပုံကို ဖိုးဖုံး မေကို ပြန်ပေးဆွဲပြီး မြို့စားကြီး စီးသောက်ရယ်ဆီက အတင်း

အခမ္ပယ္ယူမယ်ဆိုရင်တော့ ကျုပ်တို့ ဝေ့မျိုးနွယ်က ဖန်တီးလိုက်တဲ့ လျှို့ဝှက်မြေပုံမို့လို့ ကျုပ် ဖြစ်တဲ့နည်းနဲ့ ပြန်ယူမှာပဲဗျ'

သူသည် ပြောပြီး လျှို့ဝှက်မြေပုံအား ရှို့အိတ်လေးအတွင်းသို့ ပြန်ထည့်လိုက်၏။

ကျန်ဝူးရန်သည် စားပွဲကို တစ်ချက်ပုတ်လိုက်သည်။

'မင်း ဘာပြောတယ်၊ ပေးစမ်း ငါ့မြေပုံ'

ဝေ့ထင်းမင်းသည် ရှို့အိတ်လေးအား ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး....

'ကျုပ် မပေးနိုင်ဘူးဗျ'

ကျန်ဝူးရန်က ဒေါသချောင်းချောင်းထွက်သွားသည်။

'ဒီမှာ ဝေ့ထင်းမင်း....မင်း ဒီလျှို့ဝှက်မြေပုံကို အမြန်အပ်ချထားလိုက်ပါ၊ ကျုပ်စိတ်မဆိုးခင်တော့ မင်းအသက်ချမ်းသာရာ ရလိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့....'

ဝေ့ထင်းမင်းက မျက်မှောင်ကုတ်သွားသည်။

'ခင်ဗျားက ဘာလုပ်မလို့လဲ'

ကျန်ဝူးရန်က ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'မင်းကို သတ်ပစ်မှာပေါ့'

ဝေ့ထင်းမင်းသည် အားရပါးရ ရယ်မောလိုက်သည်။



'ကျုပ်မှာလဲ ခြေနဲ့လက်နဲ့ပါ၊ ခင်ဗျားသတ်တိုင်း ကျုပ်က ခံရမှာလား'

ကျန်ဝူးရန်က ကောက်ကျစ်စဉ်းလဲစွာ ပြောလိုက်ပြီး....

'ဘာလဲ....မင်းက ထွက်ပြေးမလို့များ ကြံစည်နေလို့လား၊ ဒီတောင်ပေါ်မှာ မင်းဘယ်လိုပြေးမလဲ၊ ကျုပ်ရဲ့လူတွေ အများကြီးပဲ'

ဝေ့ထင်းမင်းက ခေါင်းခါယမ်းလိုက်သည်။

'အို....ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ စွန့်စားရမှာပဲ'

ဝေ့ထင်းမင်းသည် ယင်းသို့ပြောပြီးသည်နှင့် သူ၏ခန္ဓာကိုယ်အည် ထိုင်ရာမှထလိုက်ပြီး မြားတစ်စင်းကဲ့သို့ အခန်းတံခါးဝသို့ ပြေးထွက်သွားလေသည်။

✻

'မင်း ဘယ်ပြေးမလဲ'

ကျန်ဝူးရန်သည် ယင်းသို့အော်လိုက်ပြီး သူ့လက်ထဲတွင် ကိုင်ထားသော အရက်ခွက်ဖြင့် ပေါက်လိုက်သည်။

သူ၏အတွင်းအားမှာ အလွန်ပြင်းထန်လှသဖြင့် ပစ်လွှင့်လိုက်သော အရက်ခွက်၏နှုန်းမှာလည်း အလွန်ပြင်းထန်၍ မြန်ဆန်လှပေသည်။

အကယ်၍သာ....

ထိုအရက်ခွက်သည် သူ၏ခန္ဓာကိုယ်အား ထိမှန်သွားခဲ့လျှင် ဒဏ်ရာရသွားမည်မှာ မလွဲပေ။

သို့သော်....

ဝေထင်းမင်းမှာလည်း ခေသူတစ်ယောက် မဟုတ်ပါ။

သူသည် နောက်သို့ ပြေးသွားရင်း အရက်ခွက်အား ခေါင်းငုံ့ရှောင်တိမ်းရင်း သူ၏ခန္ဓာကိုယ်သည် ချာခနဲလှည့်လိုက်သည်။

တစ်ချိန်တည်းမှာပင်....

သူ၏လက်ထဲတွင် ဓားတစ်လက်ပါလာသည်ကို တွေ့လိုက်ရလေသည်။

ထိုအချိန်မှာပင် လူရိပ်တစ်ခုသည် ဝေထင်းမင်းထံသို့ ပြေးလာလေသည်။

ထိုလူမှာ သံမဏိဓားသမား ထင်ဟန်ပင်ဖြစ်ပါသည်။

ဝေထင်းမင်းသည် အပြင်သို့ခုန်ထွက်ရန် ဟန်ပြင်နေစဉ်မှာပင် သံမဏိဓားသမား ထင်ဟန်၏ဓားက သူ့အား တိုက်ခိုက်လိုက်လေသည်။

ထင်ဟန်သည် သူ၏ဓားဖြင့် တိုက်ခိုက်လိုက်သည်နှင့် ဓားကွက် ဆယ့်နှစ်ကွက်မျှ တစ်ဆက်တည်း တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။



'ခြွမ်း...ခြွမ်း...ခြွမ်း'

ဝေထင်းမင်းသည် ထင်ဟန်၏ဓားအား ပြန်လည်ခုခံရင်း....

'မင်းကို ဒီလောက်တော်ကားတာတောင် မင်းက သူ့ဘက်က လိုက်ပြီး တာဝန်ယူရသလားကွ'

သူသည် ယင်းသို့ ပြောလိုက်လေသည်။

ထင်ဟန်သည် စကားတစ်ခွန်းမှ မပြောပါချေ။

သူ၏ဓားသည် နောက်ထပ် ဆယ့်နှစ်ချက်တိတိ ခုတ်လိုက်ပြန်သည်။

ဝေထင်းမင်းသည် ဒေါသထွက်လာပြီး....

'ကျွန်စိတ်ရှိတဲ့လူဟာ ကျွန်ပဲဖြစ်ရမယ်'

သူသည် ပြောပြီးသည်နှင့် ဓားဖြင့် ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူသည် ပြန်လည်တိုက်ခိုက်လိုက်သော ဓားချက် သုံးချက်သည် အလွန်ဆန်းပြား လျို့ဝှက်သောကြောင့် ထင်ဟန်သည် နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွားရလေသည်။

ဝေထင်းမင်းသည် အခန်းဝသို့ တိုးဖောက် ထွက်ပြေးရန် ဟန်ပြင်လိုက်ရာ ရုတ်တရက် လူတစ်ယောက်သည် သူ၏ ထွက်လမ်းအား ပိတ်ဆို့ဟန့်တားလိုက်လေသည်။

ထိုလူကား အနက်ရောင်ဝတ်ဆင်ထားပြီး အနက်ရောင်မျက်နှာဖုံး စွပ်ထားသော ရွှေပျံလွှားဆိုသူပင် ဖြစ်ပါသည်။

'ပြန်သွားစမ်း'

ရွှေပျံလွှားသည် ယင်းသို့ ခက်ထန်မာကျောသော လေသံဖြင့် အော်လိုက်ပြီး သူ၏လက်ဝါးနှစ်ဖက်သည် ဝေ ထင်းမင်းအား တွန်းထုတ်လိုက်လေသည်။

ဝေ ထင်းမင်းသည် ရွှေပျံလွှား၏ လက်ဝါးနှစ်ဖက်မှာ ညို မည်းသော အရောင်များ တွေ့ရှိလိုက်ရသဖြင့် သူသည် ထိတ်လန့်သွားသည်။

ထို့ကြောင့် သူသည် ရှေ့သို့မတိုးရဲတော့ဘဲ အခန်းထဲသို့ ပြန်လည် ဆုတ်ဝင်လာရလေတော့သည်။

ထိုအချိန်မှာပင် ထင်ဟန်၏ခေါင်းသည်လည်း သူ၏ နောက် ကျောသို့ တိုးဝင်လာလေသည်။

ဝေ ထင်းမင်းသည် သူ၏ခါးဖြင့် ထင်ဟန်၏ ခါးအား ကပျာကယာ ခံပေးလိုက်သည်။



တစ်ချိန်တည်းမှာပင် သူ၏လက်ထဲမှ လျို့ဝှက်မြေပုံ ထည့်ထားသော ရှုံ့အိတ်အား ပြတင်းပေါက်သို့ ပစ်လွှတ်လိုက်လေသည်။

ရုတ်တရက်.....

ကျားပွတ်တစ်ချောင်းသည် ရိုက်ချလာပြီး လျို့ဝှက်မြေပုံ ထည့်ထားသော ရှုံ့အိတ်အား ရစ်ပတ်လိုက်သည်။

ဝေ ထင်းမင်းသည် ထိတ်လန့်သွားပြီး ကျားပွတ်ဖြင့် ရစ်ပတ်လိုက်သောသူအား ကြည့်လိုက်သည်။

ကျားပွတ်ပိုင်ရှင်မှာ ရွှေစွန်မင်း ကျန်ဝူးရန်ပင် ဖြစ်ပါသည်။

ကျန်ဝူးရန်သည် ထိုင်နေရာမှ ကျားပွတ်ဖြင့် လျို့ဝှက်မြေပုံ ထည့်ထားသော ရှုံ့အိတ်လေးအား ရစ်ပတ်၍ ယူလိုက်ခြင်း ဖြစ်လေသည်။

သူသည် ဝေ ထင်းမင်းအား ပြုံးပြလိုက်ပြီး....

'ဘယ့်နှယ်လဲ၊ ကျုပ်ရဲ့ ကျားပွတ်အစွမ်းကို သိပြီမဟုတ်လား'

ဝေ ထင်းမင်းသည် ဒေါသကြီးစွာဖြင့်....

'ခင်ဗျားပညာလောက်တော့ ကျုပ်က မမှုပါဘူးဗျာ'

ကျန်ဝူးရန်သည် လျို့ဝှက်မြေပုံ ထည့်ထားသော ရှုံ့အိတ်လေးအား မြှောက်ပြလိုက်ပြီး....

'မင်းက ကျုပ်ပညာကို မမှုဘူးဆိုရင် ကျုပ်လက်ထဲက ဒီ အိတ်ကို လာယူကြည့်လေ'

ဝေထင်းမင်းက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က ရအောင်ယူရင်ကော'

ကျွန်ဝူးရန်က ပြုံးလိုက်ပြီး....

'မင်း ဒီမြေပုံကိုယူပြီး ဒီရဲတိုက်ထဲက ထွက်ခွာသွားဖို့ ကျုပ် ခွင့်ပြုလိုက်မယ်'

ဝေထင်းမင်းသည် မျက်မှောင်ကုတ်သွားသည်။

'ဘာလဲ...ခင်ဗျားက ကျားပွတ်ကိုသုံးမှာလား'

ကျွန်ဝူးရန်က ခေါင်းခါယမ်းလိုက်သည်။

'အခန်းထဲမှာ လူဒီလောက်များတာ ကျားပွတ်သုံးလို့ဘယ် ကောင်းမလဲကွ'

ဝေထင်းမင်းက ကျွန်ဝူးရန်အား ကြည့်လိုက်ပြီး....

'ဒါဖြင့် ခင်ဗျားက ဘာလက်နက်သုံးမလဲ'

ကျွန်ဝူးရန်က ပြုံးလိုက်ပြီး....

'ကျုပ် လက်နှစ်ဖက်နဲ့ပဲ မင်းရဲ့ဓားနဲ့ ယှဉ်မယ်လေ'

ဝေထင်းမင်း၏ မျက်လုံးအစုံသည် နဖူးပေါ်သို့ မြင့်တက် သွားသည်။



'ခင်ဗျား တကယ်ပြောနေတာလား'

ကျွန်ဝူးရန်က တည်ကြည် လေးနက်သော မျက်နှာထား ဖြင့်....

'ကျုပ်က ကတိတည်ပါတယ်'

သူ၏စကားသံ ဆုံးသွားသည်နှင့် ဝေထင်းမင်းသည် ဓား ကိုဝှေ့ယမ်းလိုက်ပြီး ရှေ့သို့တစ်လှမ်းချင်း လျှောက်သွားလေ သည်။

မြို့တော်ဝန် စီးလောက်ရယ်သည် သူ့အား ဟန့်တားလိုက် သည်။

'မင်း စဉ်းစားပြီးမှလုပ်ရင် ကောင်းမယ်'

ဝေထင်းမင်းက သူ့အားလှည့်ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲဗျ'

မြို့တော်ဝန် စီးလောက်ရယ်က အခန်းဝသို့ လက်ညှိုးညွှန် ပြ၍....

'အခန်းဝမှာ မင်းကိုပိတ်ထားတဲ့ လက်ဝါးဟာ ဘယ်လို လက်ဝါးမျိုးလဲဆိုတာ မင်းသိလား'

ဝေထင်းမင်းက ခေါင်းညိတ်လိုက်သည်။

'သိတယ်၊ သူ့ရဲ့လက်ဝါးဟာ အလွန်ပြင်းထန်တဲ့ အဆိပ် လက်ဝါးသိုင်းလို့ ကျုပ်နားသည်ထားတယ်'

သူသည် ယင်းသို့ပြောပြီး ကျန်ဝူးရန်ဘက်သို့ လှည့်လိုက်သည်။

ထိုအခါ...

ကျန်ဝူးရန်၏ လက်ဝါးနှစ်ဖက်မှာလည်း အလားတူ ညိုမည်းသွားသည်ကို တွေ့လိုက်ရလေသည်။

❁

အခန်း (၆)

## ရွှေစွန်မင်း ကျန်ဝူးရန်

ကျန်ဝူးရန်၏ရှယ်မောသံသည် အခန်းတစ်ခုလုံး ဟိန်းထွက်လာသည်။

'ဟား....ဟား....ဟား၊ ကိုယ့်မိတ်ဆွေ အချင်းအချာဆိုတော့ ကျုပ်အကြောင်း သိတာပေါ့ကွာ'

မြို့တော်ဝန် စီးလောက်ရယ်က လက်ကာပြလိုက်ပြီး....

'ဒါပေမယ့် ကျန်ဝူးရန်ကို မင်းသွားပြီးမတိုက်နဲ့၊ ဒီရဲတိုက်ထဲမှာ သူ့ရှိတာပည့်တွေချည်းပဲ၊ အခုအချိန် မင်းကနေဘက်ဆုတ်လိုက်ရင်တော့ အချိန်မီလိမ့်ဦးမယ် ထင်တယ်'

ကျန်ဝူးရန်က ခေါင်းညိတ်လိုက်သည်။

'အော်...ဟုတ်တယ်၊ အခု မင်းကျုပ်ကိုဒူးတုပ်ပြီး နဖူးနဲ့ ကြမ်းပြင်ကို ဦးသုံးကြိမ် တိုက်ပြရင်တော့ မင်းရဲ့အသက်ကို ချမ်းသာပေးမယ်'

ဝေ့တင်းမင်း၏ မျက်နှာတစ်ခုလုံးသည် နီရဲသွားသည်၊

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး....

ရုတ်တရက်....

သူသည် ဓားအား ဓားအိမ်ထဲသို့ ပြန်ထိုးသွင်းလိုက်ပြီး ဒူးတုပ်ကာ သူ၏နဖူးဖြင့် ကြမ်းပြင်အား သုံးချက်တိတိတိုက်ပြ လိုက်၏၊

အခန်းတစ်ခုလုံးရှိ လူအားလုံး အံ့အားသင့်သွားကြသည်၊

ရွှေစွန်မင်းကျွန်ဝူးရန်ပင်လျှင် အလွန်အံ့ဩနေသည်၊

အကြောင်းမှာ....

သိုင်းလောကမှ သိုင်းသမားများသည် ရန်သူနှင့် ရင်ဆိုင်ရသောအခါ မိမိ၏အသက်ကိုသာ စွန့်သွားကြပြီး မည်သူကမှ ရန်သူကို အညံ့ခံဒူးထောက်လေ့ မရှိခဲ့ပါ၊

ကျွန်ဝူးရန်သည် အတန်ကြာ အံ့အားသင့်နေရာမှ အားရ ပါးရ ရယ်မောလိုက်သည်၊

'ဟား...ဟား...ဟား၊ ကောင်းတယ်...ကောင်းတယ်'



ဝေ့ထင်းမင်း၏ မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော်ဖြစ် သွား၏၊

'ကဲ...ကဲ...မင်းသွားလိုရာ သွားနိုင်ပြီ'

သူသည် ယင်းသို့ ပြောလိုက်သည်နှင့် ဝေ့ထင်းမင်းသည် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်၊

'ဒီလျှို့ဝှက်မြေပုံနဲ့ စီးဖုံးမေတို့ အလဲအလှယ်လုပ်ကြစို့'

ကျွန်ဝူးရန်က ချက်ချင်းပင် ကြေညာလိုက်လေသည်၊

ထိုစကားကိုကြားလိုက်ရသောအခါမှမြို့တော်ဝန်စီးလောက် ရယ်သည် သက်ပြင်းချနိုင်လေသည်၊

'စီးဖုံးမေကို ခေါ်ခဲ့ပါ'

ကျွန်ဝူးရန်သည် ယင်းသို့ပြောရင်း လက်တစ်ချက် ဝှေ့ယမ်း လိုက်သည်၊

ထိုအခါ အလွန်သန်မာထွားကျိုင်းသောလူနှစ်ယောက်သည် စီးဖုံးမေအားကုလားထိုင်ပေါ်မှထစေ၍ မြို့တော်ဝန်စီးလောက် ရယ်၏ရှေ့သို့ ခေါ်ဆောင်လာလေသည်၊

မြို့တော်ဝန် စီးလောက်ရယ်သည် စိတ်ညှို့ဆေး အတိုက်ခံထားရသဖြင့် ကြောင်စီစီဖြစ်နေသော သမီးဖြစ်သူ စီးဖုံးမေအားကြည့်ကာ ဝမ်းသာဝမ်းနည်း ခံစားလိုက်ရလေသည်။

❋

ညအချိန်ဖြစ်သည်။

တောင်ခြေတွင် ကြီးမားထူထပ်သော တောအုပ်ကြီးက မှိုင်းလွှမ်းထားသည်။

ညစာစားပြီးသည့်နောက် ညဉ့်နက်လှပြီ ဖြစ်ပါသည်။

လဝန်းကလေးသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်။

လသာသော ယခုလိုညမျိုးတွင် ရွှေဒွန်ရဲတိုက်၏ ဝန်းကျင်တစ်ခုလုံးသည် ကဗျာဆန်၍ လှပနေလေသည်။

ဤကဲ့သို့သော ရှုမျှော်ခင်းမျိုးသည် ကျန်ဝူးရန်က အမြဲတမ်းမြင်တွေ့ခဲ့ရဖူး၍ ရိုးနေပြီ ဖြစ်ပါသည်။

ထို့အပြင်....

သူ၏လက်ထဲတွင် လျှို့ဝှက်မြေပုံရှိနေသောကြောင့် သူသည် ခပ်စောစောကပင် အိပ်ခန်းဆီသို့ ပြန်သွားပြီ ဖြစ်ပါသည်။



ကျန်ဝူးရန် ထွက်သွားပြီးနောက် ကျန်ရှိသော လူများမှာ ...ည်း မိမိတို့အား ပေးထားသော အခန်းဆီသို့ ပြန်သွားကြ...သည်။

ယခု....

...စီးဖုံးမေအား တိုက်ကျွေးထားသော စိတ်ညှို့ဆေးလုံးသည် ...နှိသင် ပျက်ပြယ်သွားပြီဖြစ်သည်။

ထို့ကြောင့် စီးဖုံးမေသည် ဖခင်နှင့် ချစ်သူအား ပြန်လည် ...မိသွားပြီဖြစ်သည်။

သူတို့လူစုသည် မနက်ဖြန်တွင် ပြည်မသို့ပြန်မည် ဖြစ်သည်။ ...ပေ့စွမ်းရင်သည်လည်း သူ့အား ပေးထားသောအခန်းသို့ ...သွားသည်။

သူသည် အဝတ်အစားပင် မလဲတော့ဘဲ အိပ်ရာပေါ်သို့ ...လျောင်းလိုက်ပြီး သူတို့လူစု တွေ့ကြုံခဲ့ရသော အဖြစ်အပျက် ...အား ပြန်လည်တွေးတောရင်း ပြုံးနေမိသည်။

အမှန်မှာ....

...ကျန်ဝူးရန်နှင့် မြို့တော်ဝန်စီးလောက်ရယ်တို့၏ အလဲအလှယ် ...သည် အေးချမ်းစွာ ပြုလုပ်နိုင်လျှက်နှင့် ကျန်ဝူးရန်က စိတ် ...ရှားမှုများ ပြုလုပ်လိုက်သောကြောင့် အနှောင့်အယှက် ...မျိုး ဖန်တီးခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ ပြုလုပ်ခြင်းမှာ ကျန်ဝူးရန်အဖို့ မည်သို့မျှ ကောင်းကျိုးမပေးမှန်းလည်း ပေ့ စွမ်းရင်က တွေးမိလေသည်။

ထို့အပြင်....

ဤသတင်းသည် ပျံ့နှံ့သွားပါက ကျန်ဝူးရန်သည် အနှောင့်အယှက်အမျိုးမျိုးနှင့် ရင်ဆိုင်ရလိမ့်မည်သာ ဖြစ်ပါသည်။

ဖြစ်ပေါ်လာမည့် အန္တရာယ်များအား ရှောင်ရှားနိုင်ရန်မင်း ကျန်ဝူးရန်သည် ရိပ်စားမိမည်လော။

## အခန်း (၉)

## ပြောင်းလဲမှု

ညသည် ပို၍ နက်ရှိုင်းလာလေသည်။

ပေ့ စွမ်းရင်သည် အိပ်မောကျသွားပြီ ဖြစ်ပါသည်။

သို့သော်....

သူကဲ့သို့ အဆင့်မြင့် သိုင်းသမားတစ်ယောက်အဖို့ မည်မျှပင် အိပ်မောကျနေစေကာမူ လှုပ်ရှားသံ အနည်းငယ်ကြားရရုံနှင့် နိုးလာနိုင်သည်။

ထို့ကြောင့်....

'ဒေါက်....ဒေါက်'

အခန်းတံခါးခေါက်သံပင် ဖြစ်သည်။

မေပ့စွမ်းရင်သည် အိပ်နေရာမှဆတ်ခနဲနိုးလာပြီးလျှင် ခါးကို ဆွဲကိုင်ကာ အခန်းတံခါးရှိရာသို့ လျှောက်သွားလိုက်သည်၊

'ဘယ်သူလဲ'

'ကျုပ် ရွှေပျံလွှားပါ'

မေပ့စွမ်းရင်သည် အခန်းတံခါးကို ဖွင့်လိုက်သောအခါ အနက်ရောင်ဝတ်ဆင်ထားပြီး အနက်ရောင်မျက်နှာဖုံး စွပ်ထား သော ရွှေပျံလွှားဆိုသောသူသည် အခန်းဝတွင် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

'ဘာကိစ္စလဲ'

ပေပ့စွမ်းရင်က အံ့အားသင့်စွာ မေးလိုက်သည်၊

ရွှေပျံလွှားက စိုးရိမ်ထိတ်လန့်သောလေသံဖြင့်....

'ကျုပ်အိပ်မပျော်လို့ လမ်းထလျှောက်နေတာ၊ကျန်ဝူးရန် အခန်းဝကို ရောက်တဲ့အခါ သူ့ရဲ့သက်တော်စောင့် ငေါးယောက်အခန်းဝမှာ မူးလဲနေတာကို တွေ့လိုက်ရတယ်'

မေပ့စွမ်းရင် အံ့ဩသွားသည်။

'ဟင်....ဟုတ်လား၊ ခင်ဗျားက အခန်းထဲက ကျန်ဝူးရန် အကြောင်းမကြားဘူးလား'

ရွှေပျံလွှားဆိုသူက ခေါင်းညိတ်လိုက်ပြီး....



'ကျုပ် သူ့ကိုပြောမလို့ တံခါးခေါက်ကြည့်တော့ အခန်း တံခါးလာမဖွင့်ဘူး၊ တံခါးကလဲ အထဲမှာ ဂျက်ချထားတယ်၊ ဒါကြောင့် ခင်ဗျားကို လာခေါ်တာ'

မေပ့စွမ်းရင်သည် မျက်မှောင်ကုတ်သွားသည်၊

'ဒီကိစ္စကို တခြား ဘယ်သူတွေသိသေးလဲ'

ရွှေပျံလွှားဆိုသူက ခေါင်းခါယမ်းလိုက်သည်၊

'ဘယ်သူမှမသိသေးဘူးထင်တယ်'

ပေပ့စွမ်းရင်သည် စဉ်းစားခြင်းပင်မပြုတော့ဘဲ....

'ကဲ....ဒါဖြင့်သွားကြည့်ရအောင်'

ပေပ့စွမ်းရင်သည် အခန်းထဲမှထွက်လိုက်ပြီး အခန်းတံခါးကို ပြန်မစေ့တော့ဘဲ ကျန်ဝူးရန်၏နေရာသို့ လိုက်သွားလေသည်၊

သူတို့သည် ကျန်ဝူးရန်၏အခန်းဝသို့ရောက်ရှိလာသောအခါ သန်မာထွားကျိုင်းသော ကျန်ဝူးရန်၏ အစောင့်လေးယောက် သည် အခန်းရှေ့ရှိ ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေသည် ကို တွေ့လိုက်ရလေသည်။

ပေပ့စွမ်းရင်သည် ထိုလူများအား စစ်ဆေးကြည့်လိုက်သည်၊

'တစ်ယောက်ယောက်က ဒီလူတွေကို သွေးကြောပိတ်သွား တာပဲ'

သူသည် ပင်းသို့ကောက်ချက်ချလိုက်သည်၊

'ဒါဖြင့် သူတို့သွေးကြောတွေကို ဖွင့်ပေးလိုက်ပါဗျာ'

ပေ့စွမ်းရှင်သည် ခေါင်းညိတ်လိုက်ပြီး ထိုလူများ၏သွေးကြောများကို ပြန်လည်ဖွင့်ပေးလိုက်လေသည်။

ထိုလူများသည် အိပ်မောကျနေရာမှ နိုးလာသကဲ့သို့....

'ခင်ဗျားတို့ ဘာလုပ်နေကြတာလဲဗျ'

ဟု မေးလိုက်လေသည်။

ရွှေပျံလွှားဆိုသူက ပြန်ဖြေလိုက်သည်။

'မင်းတို့ကို တစ်ယောက်ယောက်က သွေးကြောပိတ်ထားလို့ ကျုပ်တို့က လာကူညီတာပါ'

ထိုလူများသည် ရွှေပျံလွှား၏စကားကို ကြားလိုက်ရသောအခါ မိမိတို့မှာ ကြမ်းပြင်ပေါ်တွင် ထိုင်နေကြသည်ကို သတိပြုမိလိုက်ကြ၏။

ထိုစဉ်မှာပင်....

ရွှေပျံလွှားသည် လူရိပ်တစ်ခုအား ရိပ်ခနဲ မြင်တွေ့လိုက်ရသဖြင့်....

'ဟေ့....ဘယ်သူလဲ'

ဟု မေးရင်း သူ၏ခန္ဓာကိုယ်သည် လျှင်မြန်သော အဟုန်ဖြင့် လူရိပ်၏နောက်သို့ လိုက်သွားလေသည်။



ပေ့စွမ်းရှင်သည် ရွှေပျံလွှားအား စိတ်မချသဖြင့် နောက်မှလိုက်သွား၏။

သူသည် အခန်းတစ်ခု၏ ပြတင်းပေါက်သို့ ရောက်ရှိသွားသည်။

'ဖုတ်'

တစ်စုံတစ်ခု မြေကြီးပေါ်သို့ ခုန်ချသွားသည့်အသံကို ကြားလိုက်ရလေသည်။

ရွှေပျံလွှားသည် တံခါးပေါက်အနားတွင်ရပ်လျက် အပြင်ဘက်သို့ ငေးကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

'တွေ့လိုက်လား၊ ဘယ်သူလဲ'

ပေ့စွမ်းရှင်က မေးလိုက်သည်။

'ဟိုမှာ'

ရွှေပျံလွှားသည် ရဲတိုက်အနောက်ဘက်ရှိ သစ်ပင်ကြီးများ ထူထပ်စွာပေါက်ရောက်နေသော နေရာအား ညွှန်ပြလိုက်သည်။

ပေ့စွမ်းရှင်သည် ရွှေပျံလွှား ညွှန်ပြရာသို့ ကြည့်လိုက်သည်။

သူတို့နှင့်ကိုက်တစ်ရာခန့်အကွာအဝေး၌ ရဲတိုက် အနောက်ဘက် တောအုပ်ထဲသို့ အနက်ရောင် ဝတ်ဆင်ထားသော လူတစ်ယောက် မြင်းကို ဒုန်းစိုင်းနှင်သွားသည်ကို တွေ့လိုက်ရလေသည်။

ပေ့စွမ်းရှင်သည် သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း....သူတို့နောက်တော့ လိုက်ဖို့မလွယ်တော့ဘူး၊ ကျုန်ဝူးရန် ဘာဖြစ်နေလဲဆိုတာ သွားကြည့်ရအောင်'

သူတို့သည် ကျုန်ဝူးရန်၏အခန်းရှိရာသို့ ပြန်လည် လျှောက်လာခဲ့လေတော့သည်။

ကျုန်ဝူးရန်၏အခန်းတွင် သက်တော်စောင့် လေးယောက်သည် စေးငိုင်၍ နေလေသည်။

ပေ့စွမ်းရှင်သည် အခန်းတံခါးအား ခေါက်ကြည့်လိုက်၏။

သို့သော်....

မည်သည့်တုံ့ပြန်သံကိုမျှ မကြားရပါ။

သူသည် ရှေပျံလွှားအား ၊တစ်ချက် ကြည့်လိုက်ပြီးနောက် အခန်းတံခါးအား ဖွင့်လိုက်လေသည်။

'ဘာဖြစ်တာလဲ စွမ်းရှင်'



ရုတ်တရက်....

အသံတစ်သံသည် သူတို့နောက်မှ ထွက်ပေါ်လာလေသည်။

သူတို့သည် လှမ်းကြည့်လိုက်သောအခါ မြို့တော်ဝန် စီးလောက်ရယ်အား တွေ့လိုက်ရလေသည်။

ရှေပျံလွှားသည် အစောင့်များအား ညွှန်ပြလိုက်ပြီး....

'ကျုပ်အိပ်မပျော်လို့ လမ်းထွက်လျှောက်တာ၊ ဒီနားရောက်တော့ သူတို့ကို တစ်စုံတစ်ယောက်က သွေးကြောပိတ်ထားတာကို တွေ့ရတယ်။ ကျုပ်က မသင်္ကာတာနဲ့ ကျုန်ဝူးရန်ရဲ့အခန်းကို ခေါက်ကြည့်တော့ အထဲက ဘာမှပြန်မထူးတာနဲ့....'

သူသည် ပြောရင်း ပေ့စွမ်းရှင်အား ညွှန်ပြလိုက်ပြီး....

'သူ့ကိုသွားခေါ်တော့ သူက အစောင့်တွေရဲ့ သွေးကြောကို ဖြေပေးနေတုန်းမှာပဲ လူရိပ်တစ်ခုကို တွေ့လိုက်ရတယ်'

မြို့တော်ဝန် စီးလောက်ရယ်သည် မျက်မှောင် ကုတ်သွားသည်။

'လူရိပ်တစ်ခု ဟုတ်လား၊ ဘယ်သူလဲ'

ရှေပျံလွှားက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူးဗျ၊ အဲဒီလူနောက်ကို ကျုပ် လိုက်သွားပါသေးတယ်၊ သူက ရဲတိုက်နောက်ဘက်က တောအုပ်ကနေ မြင်းနဲ့ တောင်အောက်ကို ပတ်ဆင်းသွားလို့ မမီတော့ဘူး'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်လဲ မြင်းခွာသံကြားလို့ နိုးလာတာပဲ'

ပေ့စွမ်းရှင်သည် မြို့တော်ဝန် စီးလောက်ရယ်အား ကြည့်လိုက်ပြီး....

'မြို့တော်ဝန်စီးကော အဲဒီလူတွေကိုတွေ့လိုက်သလားခင်ဗျာ'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်ပြန်၏။

'ဟုတ်တယ်၊ ကျုပ်အခန်းနဲ့ တောစပ်နဲ့ နီးနေတော့ တွေ့လိုက်တယ်၊ ဒီလူ မြင်းဒုန်းစိုင်းစီးသွားတယ်လေ'

ပေ့စွမ်းရှင်က မျက်မှောင်ကုတ်လိုက်ပြီး....

'မြို့တော်ဝန်စီး၊ သူ့နောက်ကို မလိုက်ဘူးလား'

မြို့တော်ဝန် စီးလောက်ရယ်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်ကဘယ်လိုက်မလဲကွ၊ ကျန်ဝူးရန်တို့က ဒုစရိုက်ခေါင်းဆောင်တွေပဲ၊ သူ့ရဲ့အဆက်အသွယ်တွေက အရေးကိစ္စတစ်ခုခုနဲ့ ညကြီးမင်းကြီး သူ့ကိုလာဆက်သွယ်တယ်လို့ ထင်တာပဲ'

ပေ့စွမ်းရှင်နှင့် ရှေပျံ့လွှားတို့သည် ဘာမျှပြန်မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။



ပေ့စွမ်းရှင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ကဲ....ထားပါတော့လေ၊ ကျွန်တော်တို့လဲ ကျန်ဝူးရန်ရဲ့ အခန်းတံခါးကို ခေါက်ပါတယ်၊ ဒါပေမယ့် ဘာသံမှမကြားရဘူး'

ရှေပျံ့လွှားသည် ဘာမျှပြောမနေတော့ဘဲ အခန်းတံခါးကို ခေါက်လိုက်၏။

ထို့နောက် ခပ်ပြင်းပြင်း ခေါက်လိုက်ပြန်၏။

သို့သော်....

မည်သို့မျှ ထူးခြားမှုမရှိပါ။

သူသည် အခန်းတံခါးအား တွန်းကြည့်ပြန်သည်။

အချည်းနှီးပင် ဖြစ်သည်။

ပေ့စွမ်းရှင်သည် ခေါင်းခါယမ်းလိုက်၏။

'တံခါးက အထဲကနေ မင်းတုပ်ချထားတယ်ဗျ'

ရှေပျံ့လွှားသည် အခန်းတံခါးအား တွန်းဖွင့်လိုက်လေ၏။

သို့သော်....

မည်သို့မျှ တွန်း၍မရပါချေ။

'ဝုန်း'

သူသည် သူ၏ခြေထောက်ဖြင့် တအားကန်လိုက်ရာ....

'ဝုန်း'

ဟူသောအသံနှင့်အတူ အခန်းတံခါးသည် ကျိုးပဲ့ကာ ပွင့်သွားလေတော့၏။

အလွန်မွှေးကြိုင်သော အနံ့တစ်ခုသည် အခန်းထဲမှ ထိုးထွက်လာလေ၏။

ထိုမွှေးကြိုင်သောအနံ့များအား ရှူရှိုက်မိလိုက်သဖြင့် ရွှေပျံလွှား၏မျက်နှာသည် ကွက်ခနဲပျက်သွားလေ၏။

ရွှေပျံလွှားသည် နှာခေါင်းအား လက်ဖြင့်ပိတ်လိုက်ပြီး....

'မေ့ဆေးအနံ့တွေဗျ၊ နောက်ကို မြန်မြန်ဆုတ်ကြပါ'

သူသည် ယင်းသို့ပြောရင်း ကပျာကယာ နောက်သို့ ဆုတ်သွားလေ၏။

ကျန်လူများသည်လည်း နောက်သို့ဆုတ်သွားကြလေ၏။

သို့သော်....

အခန်းရှေ့၌ ရပ်နေသော အစောင့်များသည် ကြောင်အမ်းအမ်းဖြင့် ရပ်နေကြသဖြင့် သူတို့သည် ကြမ်းပြင်ပေါ်သို့ ထပ်မံလဲကျသွားလေတော့၏။

မြို့တော်ဝန် စီးလောက်ရယ်သည် ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး....

'တော်တော့်ကိုပြင်းတဲ့ မေ့ဆေးပဲ'



သူသည် ရွှေဗိမာန် တည်းခိုခန်းတွင် ဤကဲ့သို့သော မေ့ဆေးနံ့မျိုးကို တစ်ကြိမ်ခံခဲ့ရပြီ မဟုတ်ပါလော။

ရွှေပျံလွှားသည် သူ၏ခန္ဓာကိုယ်အား မြားတစ်စင်း၏အဟုန်ဖြင့် အခန်းထဲသို့ ထိုးဖောက်ဝင်ရောက်သွားလေသည်။

ပေ့စွမ်းရှင်နှင့် မြို့တော်ဝန် စီးလောက်ရယ်တို့မှာလည်း အသက်ကို အောင့်ကာ နောက်မှလိုက်သွားကြလေတော့သည်။

အခင်းထဲတွင် မီးရောင်များ ထိန်ထိန်လင်းနေသည်။

အဖြူရောင် အခိုးအငွေ့များသည် အခန်းတစ်ခုလုံးအား လွှမ်းမိုးထားသည်။

ရွှေပျံလွှားသည် သူ၏လက်နှစ်ဖက်ဖြင့် အခန်း၏ပြတင်းပေါက်အား ရိုက်ချိုးလိုက်လေသည်။

ထိုအခါ....

အခန်းထဲမှ အခိုးအငွေ့များသည် တလူးလူးတလိမ့်လိမ့်ဖြင့် ပြတင်းပေါက်မှ အပြင်ဘက်သို့ လွင့်သွားလေတော့၏။

## အခန်း (၈)

### ရွှေပျံလွှား

အဖြူရောင် အုခိုးအငွေ့များသည် အခန်းတွင်းမှ လွင့်ပါး သွားပြီ ဖြစ်လေသည်။

အခန်းထဲရှိ မီးအိမ်မှမီးရောင်များသည် ပို၍လင်းထိန်လာ သည်ဟု ထင်ရပေသည်။

ထိုသော်....

ရွှေပျံလွှား၏ မျက်နှာဖုံးစွပ်ပေါက်မှ မျက်လုံးအစုံသည် အဓိပ္ပာယ်ဖော်မပြနိုင်သော ရောင်စဉ်များ ထွက်ပေါ်နေသည် ဟု ထင်ရသည်။

ပေ့စွမ်းရှင်နှင့် မြို့တော်ဝန် စီးလောက်ရယ်တို့၏ မျက်နှာ မှာလည်း ကြည်မသာ ဖြစ်နေလေသည်။

ကျွန်ဝူးရန်၏ အခန်းသည် အလွန်ကျယ်ဝန်းပြီး သားသားနားနား မွမ်းမံထားလေသည်။

ခုတင်ပေါ်တွင် ကျွန်ဝူးရန်သည်ပက်လက်လှန်၍လဲလျောင်းနေသည်။

သူ၏မျက်လုံးအစုံသည် အခန်း၏မျက်နှာကြက်သို့ ပြူးကြည့်နေလေသည်။

သူ၏လည်ပင်းတွင် အပေါက်ကလေးတစ်ခု ရှိနေသည်။

ထိုအပေါက်ထဲမှ သွေးများသည် ရင်ဘတ်ပေါ်သို့ စီးကျနေသည်။

မည်သူမဆို....

ထိုအခြင်းအရာကို ကြည့်လိုက်သည်နှင့် ကျွန်ဝူးရန် အသက်မရှိသည်မှာ ထင်ရှားလေသည်။

သို့သော်....

ရွှေပျံလွှားသည် ကျေနပ်ဟုံ မရသေးပါ။

သူသည် ကျွန်ဝူးရန်အား လက်ဖြင့်စမ်းသပ်ကြည့်လိုက်လေသည်။

မြို့တော်ဝန်စီးလောက်ရယ်က ကျွန်ဝူးရန်အားကြည့်၍ မယုံကြည်နိုင်သော လေသံဖြင့်....

'ဘယ်လိုလဲဟေ့'



ရွှေပျံလွှားသည် ခေါင်းခါယမ်းလိုက်သည်။

'အသက်မရှိတော့ဘူး'

မြို့တော်ဝန် စီးလောက်ရယ်သည် မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

'ဟင်...ဟုတ်လား၊ မယုံနိုင်လောက်အောင် ဖြစ်နေပြီ'

ရွှေပျံလွှားသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'အင်း....လက်တွေ့ဟာ လက်တွေ့ပဲလေ...မယုံလို့ ဘယ်ရမလဲ'

ပေ့စွမ်းရင်သည် မျက်မှောင်တစ်ချက် ကုတ်သွားသည်။

သူ၏ရင်ထဲမှာလည်း တစ်ချက် လှုပ်ရှားသွားလေသည်။

ထိုစဉ်မှာပင်....

ဆူညံသောအသံများ ထွက်ပေါ်လာလေတော့သည်။

အခန်းရှေ့တွင် လူအများ ဝိုင်းအုံလာကြလေသည်၊

ရှေ့ဆုံးမှ အခန်းတွင်းသို့ဝင်ရောက်လာသူမှာ မြို့တော်ဝန် လေး လျူစန်းဖုံးပင် ဖြစ်သည်၊

'ဘာတွေဖြစ်နေတာလဲ'

သူသည် ဤသို့မေးရင်း အိပ်ယာထက်တွင် သေဆုံးနေ သော ကျန်ဝူးရန်အား တွေ့လိုက်ရသဖြင့် အံ့အားသင့်သွား လေသည်၊

သူ့နောက်တွင် စီးဖုံးမေလည်း ပါလာလေသည်၊

စီးဖုံးမေ၏နောက်မှ ကုဆုဟန်၊ ဟုန်လီနှ်၊ ထင်ဟန်တို့ အားလုံးသည်လည်း ရောက်ရှိလာကြလေ၏၊

စီးဖုံးမေသည် ယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကျန် ဝူးရန်၏အလောင်းအား ငေးကြည့်နေ၏၊

ထင်ဟန်သည် ကျန်ဝူးရန်၏ခုတင်ဘေးသို့ ရောက်ရှိလာသော အခါ ကြက်သေသေသဖြင့် ရပ်နေသည်၊

ဟုန်လီနှ်သည်၊ ကျန်ဝူးရန်အား တွေ့မြင်လိုက်ရသည်နှ ထိတ်လန့်တုန်လှုပ်သွားကာ....

'အောင်မယ်လေး'

ဟု အော်ဟစ်လိုက်လေသည်၊

'ပါ၊စပ်ပိတ်ထားစမ်း'



ဟု ရှေပျံလွှားက အော်ငေါက်လိုက်လေသည်၊

ပေစွမ်းချင်သည် အခန်းတစ်ခုလုံးအား မျက်လုံးဝေ့ယမ်း ကြည့်လိုက်သည်၊

ထို့နောက်....

ရှေပျံလွှားဘက်သို့ လှည့်ကြည့်လိုက်ပြီး....

လျို့ဝှက်မြေပုံ ပျောက်သွားပြီ ဘင်တယ်'

ဟု တည်ကြည် လေးနက်သော လေသံဖြင့် ပြောလိုက်၏၊

သူ၏စကားကြောင့် အခန်းတွင်းမှ လူအားလုံးသည် လျို့ဝှက်မြေပုံ အခန်းတွင်း၌ ပျောက်ဆုံးနေသည်ကို သတိပြုမိ လိုက်ကြလေသည်၊

ရှေပျံလွှားက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ကောင်္ခ ခုနကတွက်ပြေးသွားတဲ့လူ ယူသွားတာနဲ့တူတယ်'

လျူစန်းဖုံးက ဝေဖန်ပြောဆိုလိုက်သည်၊

'လျို့ဝှက်မြေပုံကို လုယူသွားပြီး ကျန်ဝူးရန်ကို သတ်သွား တယ်ဆိုရင်ဘာ့ ဒီလူ တော်တော်စွမ်းတာပဲ'

မေ့စွမ်းရှင်သည် မျက်မှောင်ကြုတ်သွား၏၊

'ဒီကိစ္စမှာ ကျုပ်အမြင်နဲ့ဆိုရင် သဘာဝမကျဘူးလို့ ထင်
တယ်'

ရှေပျိုလွှားက သူ့အားလှမ်းကြည့်လိုက်ပြီး....

'မင်းက ဘယ်လိုသဘာဝမကျတာလဲ'

မေ့စွမ်းရှင်သည် အနည်းငယ်စဉ်းစားလိုက်ပြီး....

'အခုဖြစ်ပျက်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သေသေချာချာ
စဉ်းစားကြည့်မယ်ဆိုရင် လျှို့ဝှက်မြေပုံကို ခိုးချင်တဲ့လူဟာ
ကျွန်ဝူးရန်ရဲ့သိုင်းပညာကို ယှဉ်လို့မရလို့ မေ့ဆေးနဲ့ သူ့ကို
သတိမေ့အောင်လုပ်ပြီးမှ လျှို့ဝှက်မြေပုံကို ယူသွားတာဖြစ်
ရမယ်'

မြို့တော်ဝန် စီးလောက်ရယ်က ထောက်ခံလိုက်သည်။

'မင်းပြောတာ ဖြစ်နိုင်တယ်'

မေ့စွမ်းရှင်က စကားဆက်လိုက်သည်၊

'ဒီလူဟာ ကျွန်ဝူးရန်ကို သတိမေ့အောင် လုပ်ပြီးတော့
ကျွန်ဝူးရန်ကိုသတ်ဖို့ လိုမယ်မထင်ပါဘူး၊ တစ်ခုတော့ရှိတယ်
ဒီလူဟာ ကျွန်ဝူးရန်နဲ့ ရန်ငြိုးရှိတဲ့ လူတစ်ယောက် ဒါမှမဟုတ်
သူနဲ့ရင်းနှီးတဲ့ လူတစ်ယောက်ပဲဖြစ်ရမယ်၊ နို့မဟုတ်ရင်....'



ရှေပျိုလွှားက မျက်မှောင်ကုတ်သွားသည်၊

'နို့မဟုတ်ရင် ဘာဖြစ်သလဲ'

မေ့စွမ်းရှင်က ချောင်းတစ်ချက် ဟန့်လိုက်သည်၊

သူသည် တည်ကြည်လေးနက်သော လေသံဖြင့်....

'ဒီကိစ္စဟာ လူနှစ်ယောက်ရဲ့ လက်ချက်ဖြစ်ရမယ်လို့ ကျုပ်
ယူဆတယ်'

ရှေပျိုလွှား၏ မျက်လုံးအစုံသည် မြူးကျယ်သွားသည်၊

'လူနှစ်ယောက် ဟုတ်လား၊ ကျုပ်ဖြင့် သဘောမပေါက်
တော့ဘူး'

မေ့စွမ်းရှင်က ရှင်းပြလိုက်သည်၊

'ဒီလိုပါ၊ လူတစ်ယောက်က ကျွန်ဝူးရန်ကို မေ့ဆေးနဲ့
သတိမေ့အောင်လုပ်ပြီး လျှို့ဝှက်မြေပုံကို ခိုးယူသွားတယ်၊ ကျွန်
ဝူးရန် သတိမေ့နေတဲ့အခါမှာ လူတစ်ယောက်က အမှတ်မထင်
တွေ့လိုက်ရလို့ အခွင့်အရေးယူပြီး သတ်လိုက်တာပဲ ဖြစ်ရမယ်'

သူ၏စကားကြောင့် ရှေပျိုလွှား၏မျက်လုံးအစုံသည် အရောင်
တစ်မျိုး ပြောင်းလဲသွားသည်၊

သို့သော်....

သူသည် ခုခြေဆည်လိုက်ပြီး ခေါင်းညိတ်လိုက်၏၊

'မင်းပြောပုံထောက်တော့ စိတ်ကူးယဉ် ပြောနေတာတော့ မဟုတ်တန်ဘူးထင်တယ်'

ပေ့စွမ်းရင်က ပြုံးလိုက်သည်။

'ကျုပ်က စိတ်ကူးယဉ်တဲ့အလုပ်ကို ဘယ်တော့မှမလုပ်ဘူး'

ရွှေပျံလွှားက သူ့အား သေသေချာချာ စိုက်ကြည့်လိုက်ပြီး....

'ဒါဖြင့် ဒီကိစ္စကို မင်းသိနေပြီနဲ့တူတယ်'

ပေ့စွမ်းရင်က ခေါင်းညိတ်ပြလိုက်၏။

ရွှေပျံလွှားက ပေ့စွမ်းရင်အား ကြည့်လိုက်ပြီး....

'ဒီလိုဆို ပြောပြပါလား'

ပေ့စွမ်းရင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ကျုပ်ပြောရမှာ အားနာတယ်ဗျာ'

ရွှေပျံလွှားက ခေါင်းညိတ်လိုက်ပြီး....

'ပြောမှသာ ပြောစမ်းပါဗျာ'

ပေ့စွမ်းရင်က ကျန်ဂူးရန်၏ အလောင်းအား တစ်ချက် ကြည့်လိုက်ပြီး....



'ခင်ဗျားတို့ရဲ့ အရှင်သခင် ကျန်ဂူးရန်လိုလူမျိုးဟာ သေတာတောင် နည်းသေးတယ်လို့ ကျုပ်ယူဆထားတယ်'

ပေ့စွမ်းရင်၏ စကားကြောင့် ရွှေပျံလွှားသည် ဒေါသ ထောင်းခနဲ ထွက်သွားလေသည်။

❋

ပေ့စွမ်းရင်က စကားဆက်လိုက်ပြန်သည်။

'ဒါပေမယ့် လျှို့ဝှက်မြေပုံကို ခိုးတဲ့လူကော ကျန်ဂူးရန်ကို သတ်တဲ့လူပါ သူတို့နှစ်ယောက်လုံးဟာ ကောင်းတဲ့လူတွေ မဖြစ်နိုင်ဘူး၊ လူယုတ်မာတွေပဲဖြစ်မယ်'

ပေ့စွမ်းရင်သည် ပွင့်နေသော ပြတင်းပေါက်ဘက်သို့ လှည့်ကြည့်လိုက်ပြီး....

'အထူးသဖြင့် လျှို့ဝှက်မြေပုံကို ခိုးသွားတဲ့လူဟာ သူ့ရဲ့ မိတ်ဆွေအပေါ် သစ္စာဖောက်တာတော့ မကောင်းပါဘူးဗျာ'

ရွှေပျိုလှသား၏ မျက်လုံးအစုံသည် တဖျပ်ဖျပ်တောက်ပ၍ ပေ့စွမ်းရင်အား ကြည့်လိုက်သည်။

'အဲဒီလူနှစ်ယောက် ဒီရဲတိုက်ထဲမှာ ရှိသေးသလားဗျ'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

'ရှိပါတယ်၊ ဟောဒီအခန်းထဲမှာကိုရှိတယ်'

ပေ့စွမ်းရင် စကားကြောင့် အခန်းတွင်းရှိ လူအားလုံး တုန်လှုပ်သွားကြလေသည်။

သူတို့အားလုံးသည်တစ်ယောက်မျက်နှာတစ်ယောက်အကဲခတ် ကြည့်နေကြ၏။

ပေ့စွမ်းရင်၏ မျက်လုံးအစုံသည် အခန်းတွင်းရှိလူများအား ဝေ့ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'ယောကျ်ားတစ်ယောက်ဟာ ခိုးကြောင်ခိုးဝှက် လုပ်စရာ မလိုဘူး၊ ယောကျ်ားပဲ ယှဉ်ပြိုင်မယ်ဆိုရင်လဲ သူသေကိုယ်သေ ယှဉ်ပြိုင်လိုက်၊ ယောကျ်ားနဲ့တူအောင် လုပ်ရတယ်ဗျ'

သူသည် ယင်းသို့ ပြောပြီးနောက် ကုလားထိုင် အနီးသို့ လျှောက်သွားပြီး ထိုင်ချလိုက်လေသည်။



ရွှေပျိုလှသားသည် ပေ့စွမ်းရင်ထံသို့ လျှောက်သွားပြီး....

'ဘယ်သူလဲဆိုတာ ပြောပါဦးဗျာ'

ပေ့စွမ်းရင်သည် ရွှေပျိုလှသား၏ အမေးစကားကို အဖြေမပေးပါ။

သူသည် သူ၏ ထင်မြင်ချက်ကို ဆက်ပြောလိုက်၏။

'ကျန်ဝူးရန်ဟာ လျှို့ဝှက်မြေပုံရဲ့ လျှို့ဝှက်သင်္ကေတတွေကို နားလည်ဖို့ ခေါင်းအေးအေးထားရမှာ ဖြစ်တဲ့အတွက် တစ်ယောက်တည်း အခန်းတံခါးပိတ်ပြီး လေ့လာနေတာ ဖြစ်မှာပေါ့'

ပေ့စွမ်းရင်သည် အခန်းထဲ၌ ရောက်ရှိနေကြသော လူအားလုံးအား တစ်ချက်ကြည့်လိုက်ပြီး....

'အခု ဒီရဲတိုက်ထဲမှာရှိကြတဲ့ လူတွေအားလုံးဟာ ကျန်ဝူးရန်ရဲ့ မောက်မာစွာ ပြောဆိုဆက်ဆံတာကို အနည်းနဲ့အများတော့ ခံကြရတယ်လို့ ကျုပ်သိထားတယ်'

လျှူစန်းဖုံးက မျက်မှောင်ကုတ်လိုက်ပြီး....

'ဒီတော့ ဘာဖြစ်လဲကွ'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

'အဲဒီတော့ ဒီလူတွေအားလုံးဟာ ကျန်ဝူးရန်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးကြမယ်လို့ ကျုပ် ယုံကြည်ပါတယ်'

ရွှေပျိုလွှားက နားမလည်နိုင်သော လေသံဖြင့်....

'မင်းစကားက ဘာအဓိပ္ပာယ်လဲကွ'

ပေ့စွမ်းရင်က တည်ကြည် လေးနက်သော မျက်နှာထား ဖြင့်....

'ဒါကြောင့် ကျန်ဝူးရန်ရဲ မောက်မာစွာ ပြောဆိုမှုကိုခံရတဲ့ လူအားလုံးဟာ ကျန်ဝူးရန်ကို သတ်တဲ့တရားခံလို့ ထူဆနိုင်ပါ တယ်၊ ဒါပေမယ့်....'

လျူစန်းဖုံးက မျက်မှောင်ကုတ်လိုက်ပြီး....

'ဒါပေမယ့် ဘာဖြစ်သလဲ'

ပေ့စွမ်းရင်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒါပေမယ့် ကျန်ဝူးရန်ဟာ ထိုင်းပညာ အလွန်မြင့်မားတဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် သူသတိမေ့နေတုန်းမှာပဲ သူ့ကို သတ်ဖို့ မလွယ်ပါဘူး'

အခန်းထဲရှိ လူအားလုံးသည် ပေ့စွမ်းရင်၏ စကားကို ငြိမ်သက်စွာ နားထောင်နေကြသည်၊

မည်သည့်အသံမှ ထွက်မလာပါချေ၊



ပေ့စွမ်းရင်သည် စကားဆက်လိုက်သည်၊

'ဘာဖြစ်လို့လဲဆိုရင် သူ့ရဲ့ အခန်းတစ်ခုလုံးမှာ မေ့ဆေး အနံ့တွေဟာ ပြည့်နှက်နေတဲ့အတွက် ကျန်ဝူးရန်ကို သတ်မယ့် လူဟာ သိုင်းပညာအဆင့် မမြင့်ရင် သူဟာ အသက်ရှူထား တာကို အောင့်နိုင်မှာမဟုတ်ဘူး'

လျူစန်းဖုံးက နားမလည်ဟန်ဖြင့်....

'အဲဒါဆိုရင် ဘယ်လိုလုပ်ပြီး ကျန်ဝူးရန်ကို သတ်သွားတာ လဲ'

ပေ့စွမ်းရင်သည် တည်ကြည်လေးနက်သော လေသံဖြင့်....

'အသက်ရှူတာ မအောင့်နိုင်ရင်တော့ သူက ကျန်ဝူးရန်ကို သတ်ပြီး သူကိုယ်တိုင်လဲ မေ့ဆေးအနံ့ကြောင့် ဒီအခန်းထဲ မှာ မူးသိချမှာပေါ့၊ ဒါကြောင့် ကျန်ဝူးရန်ကို သတ်တဲ့လူဟာ သိုင်းပညာ တော်တော်အဆင့်မြင့်တဲ့ လူတစ်ယောက်လို့ ကျုပ် ကောက်ချက်ချမိတယ်'

ပေ့စွမ်းရင်သည် စီးဖုံးမေတက်သို့ တစ်ချက် လှမ်းကြည့် လိုက်ပြီး....

'စီးဖုံးမေဟာ ရွှေစွန်မင်း ကျန်ဝူးရန်အပေါ်မှာ ရွံမုန်းတီး နေတယ်ဆိုတာ အားလုံး အသိပါ၊ ဒါပေမယ့်....'

ရွှေမျိုးလွှားက ပေ့စွမ်းရင်အား တစ်ချက်ကြည့်လိုက်ပြီး....

'ဒါပေမယ့်....ဘာဖြစ်သလဲ'

ပေ့စွမ်းရင်က သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ဒါပေမယ့် သူဟာ သိုင်းပညာမဘက်တဲ့အတွက် မသက်ာတဲ့လူစာရင်းမှာ သူ့ကို ပယ်ထားရမှာပဲ'

ပေ့စွမ်းရင်သည် ယင်းသို့ပြောပြီး စကားကို ခေတ္တရပ်တန့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ဟုန်လိန်ဆိုသော အမျိုးသမီးဘက်သို့ လှည့်လိုက်ပြီး....

'ဒီအမျိုးသမီးလဲ့ပဲ့ လူသတ်တရား်ခံ စာရင်းထဲမှာ မပါနိုင်ပါဘူးဗျာ'

ဟု ပြောလိုက်လေသည်။

ဟုန်လိန်ဆိုသော အမျိုးသမီးသည် သူ၏စကားကို ကြားလိုက်ရသောအခါမှ မေလပူတစ်ချက်ကို မှုတ်ထုတ်လိုက်လေတော့သည်။

ပေ့စွမ်းရင်၏ မျက်လုံးအစုံသည် ကုဆုဟန်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားလေသည်။



'မိန်းမနှစ်ယောက်စလုံးဟာ လူသတ်တရားခံ မဖြစ်နိုင်ဘူး၊ ဒီလိုဆိုရင် ယောကျ်ားတွေကတော့'

လျူစန်းဖုံးက ပေ့စွမ်းရင်၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး....

'မင်းဆိုလိုတာက ယောကျ်ားအားလုံးက လူသတ်တရားခံ ဖြစ်နိုင်တယ်လို့ ဆိုလိုတာလား'

ပေ့စွမ်းရင်က ခေါင်းခါယမ်းလိုက်သည်။

'ယောကျ်ားအားလုံးလဲ လူသတ်တရားခံ မဟုတ်ပါဘူး'

သူသည် ပြောရင်း ကုဆုဟန်အားကြည့်ကာ....

'ဒီကုဆုဟန်ဆိုတဲ့လူဟာ သိုင်းပညာ အသင့်အတင့်တော့ တတ်လိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါပေမယ့်....'

မြို့တော်ဝန်စီးလောက်ရယ်က မျက်မှောင်ကြုတ်လိုက်ပြီး....

'ဒါပေမယ့်....ဘာဖြစ်သလဲ'

ပေ့စွမ်းရင်ကပြုံးလိုက်ပြီး....

'ဒါပေမယ့် အသက်အောင့်ပြီး ရွှေစွန်မင်း ကျန်ဝူးရန်လို လူမျိုးကို နိုင်လောက်အောင် သူ့မှာ သိုင်းပညာအဆင့် မမြင့်ပါဘူး၊ ဒါကြောင့် ဆရာကြီး ကုဆုဟန်ကိုလဲ လူသတ်တရားခံ စာရင်းထဲက ပယ်ထားရမှာပဲ'

ကုဆုဟန်သည် လက်နှစ်ဖက် ဆုပ်ကာ ပေ့စွမ်းရင်အား ဦးညွှတ်အရိုအသေပြုလိုက်ပြီး....

'ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ဝမ်းသာအားရ ပြောလိုက်လေသည်။

ပေ့စွမ်းရင်သည် မြို့တော်ဝန်စီးလောက်ရယ်ဘက်သို့ လှည့်လိုက်ပြန်လေသည်။

'မြို့တော်ဝန်စီးဟာ ကျန်ဝူးရန်ကို လျှို့ဝှက်မြေပုံကိစ္စနဲ့ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတာတော့အမှန်ပဲ၊ ဒါပေမယ့် အခုအချိန်မှာ သူ့ရဲ့သမီး စီးဖုံးမေယဲ့ သူ့လက်ထဲကို ရောက်နေတဲ့အတွက် ကျန်ဝူးရန်ကို ရန်မူမှာမဟုတ်ဘူး၊ ဒါကြောင့် သူထဲမဖြစ်နိုင်ဘူး'

မြို့တော်ဝန်စီးလောက်ရယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်က သူ့အပေါ်မှာ တကယ်မုန်းတီးတာတော့ မုန်းပါတယ်၊ ဒါပေမယ့် ကျုပ် သူ့ကို မသတ်ပါဘူး၊ ကျုပ်သမီးလဲ ကျုပ်လက်ထဲရောက်နေပြီပဲ'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ရွှေပျံ့လွှားလဲ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျန်ဝူးရန်ဟာ သူ့ရဲ့အရှင်သခင်ဖြစ်နေလို့ပဲ'



ရွှေပျံ့လွှားက ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်ဗျာ၊ ကျုပ်က ကျုပ်ရဲ့အရှင်သခင်ကိုသတ်ပါ့မလားဗျာ'

ပေ့စွမ်းရင်က စကားဆက်လိုက်၏။

'ခင်ဗျားတို့တပည့်တွေလဲ မဖြစ်နိုင်ဘူးဆိုတာ ကျုပ်ယုံကြည်တယ်'

ရွှေပျံ့လွှားက ခေါင်းညိတ်လိုက်ပြန်သည်။

'ဒီရဲတိုက်ထဲမှာရှိတဲ့ ကျုပ်တပည့်အားလုံးဟာ ကျန်ဝူးရန်အပေါ်မှာ သစ္စာရှိတယ်ဆိုတာ ကျုပ်ခိုင်ခိုင်မာမာ ယုံကြည်ထားပါတယ်ဗျ'

ပေ့စွမ်းရင်က ပြုံးလိုက်သည်။

'ကျုပ်နဲ့ မြို့တော်ဝန် လျှုစန်းဖုံးလဲ မဟုတ်ဘူး'

ရွှေပျံ့လွှားသည် ပေ့စွမ်းရင်၏စကား ကြားရသောအခါ သူ၏မျက်လုံးများသည် ထင်ဟန်၏မျက်နှာပေါ်သို့ အေးစက်စွာ ရောက်သွားလေသည်။

ထင်ဟန်သည် အေးတိအေးစက် လေသံဖြင့်....

'ရွှေပျံ့လွှား မဟုတ်ဘူးဆိုတာ ခင်ဗျားက ဘယ်လိုလုပ်ပြောနိုင်သေးလဲဗျာ'

မေ့စွမ်းရင်က ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က အထောက်အထားရှိလို့ ပြောနေတာပေါ့'

ထင်ဟန်က မကျေမနပ်သေးဖြင့်...

'ဘယ်လိုအထောက်အထားရှိလို့လဲ၊ ပြောစမ်းပါဦး'

မေ့စွမ်းရင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

'ရွှေပျံလွှားဟာ ကျန်ဝူးရန်ကို မေ့ဆေးပေးပြီး လျှို့ဝှက်မြေပုံကို လုသွားတဲ့လူ ဖြစ်နေလို့ပေါ့'

မေ့စွမ်းရင်၏စကားကြောင့် အားလုံးသော လူများသည် အံ့အားသင့်ကုန်ကြလေသည်။

အခန်း (၉)

သူလျှို

'မဟုတ်ဘူး...မဟုတ်ဘူး...ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ'

ရွှေပျံလွှားသည် အော်ဟစ်၍ မေးလိုက်လေသည်။

ဝေ့တင်းမင်းသည် သူ့အား စေ့စေ့စပ်စပ်ဖြင့်ကြည့်လိုက်ပြီး...

'ဒီ...ပစိတ်ဆွေ၊ ခင်ဗျားယောကျ်ားပါဗျ။ ယောကျ်ားဆိုတာ လုပ်ရဲရင်ခံရဲရတယ်၊ ကိုယ်လုပ်တာကိုယ်ဝန်ခံမှ ယောကျ်ားပီသတယ်ဆိုတာ ခင်ဗျားနားလည်ပါတယ်ဗျာ'

ရွှေပျံလွှားသည် ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

'ကျုပ်မဟုတ်ဘူးဗျ၊ ခင်ဗျားက ကျုပ်ကိုဒီလိုပြောရအောင် ဘာများ အထောက်အထားရှိလို့လဲ'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'ခန်ဗျားကိုယ်ခင်ဗျားတော့ ပိရိလှပြီလို့ထင်မှာပဲ၊ ဒါပေ မယ့် ခင်ဗျား မေ့နေတာတစ်ခုရှိတယ်'

ရွှေပျံလွှားဏ်မျက်နှာဖုံးစွပ်အပေါက်လေးမှ သူ၏မျက်လုံး အစုံသည် ဖျတ်ခနဲလက်သွားသည်။

'ဘာများလဲ'

ပေ့စွမ်းရင်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ခင်ဗျားက ကျုပ်ကိုလာခေါ်တာ မြန်လွန်းအားကြီးနေ တယ်၊ အမှန်မှာ ခင်ဗျားရဲ့အဝတ်အစားတွေကို အရင်လဲလာဖို့ ကောင်းတယ်'

ပေ့စွမ်းရင်၏စကားကြောင့် ရွှေပျံလွှား၏ ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်ခါသွားလေသည်။

ပေ့စွမ်းရင်က စကားဆက်လိုက်သည်။

'ခင်ဗျား ကျုပ်အခန်းတံခါးကို လာခေါက်တဲ့အခါ ကျုပ် က အခန်းတံခါးဖွင့်ပေးလိုက်တော့ ခင်ဗျားကိုယ်ပေါ်မှာ ဆေး မေ့ဆေးနံ့ဟာ ကျုပ်နှာခေါင်းထဲမှာ အနံ့ရတယ်ဗျ'



ပေ့စွမ်းရင်၏စကားကြောင့် ရွှေပျံလွှား၏ မျက်လုံးအစုံ တွင် ထူးခြားသောဟန်မူရာများ ပေါ်လွင်လာလေတော့သည်။

ပေ့စွမ်းရင်၏စကားကြောင့် ရွှေပျံလွှားသည် ကြက်သေ သေသွားလေသည်။

'ခင်ဗျားက ကျုန်ုပ်ရှိနေရဲ့ အခန်းကသာ ထွက်မလာရင် ခင်ဗျားကိုယ်ပေါ်မှာ ဒီမေ့ဆေးနံ့က ဘာကြောင့် စွဲနေရသလဲ'

ရွှေပျံလွှားသည် ဘာမျှပြန်မပြောပါ။

သူသည် သူ၏ခေါင်းပေါ်တွင် စွပ်ထားသော မျက်နှာဖုံး စွပ်ကို ချွတ်လိုက်လေသည်။

ထိုအခါ....

'ဟင်'

'ဟာ'

'အို'

ထိုအာဒေမဒိုတ်ယံများသည် မြို့တော်ဝန်လျူစန်းဖုံး၊ မြို့တော်ဝန် စီးလောက်ရယ်နှင့် စီးဖုံးမေတို့၏ အသံများပင် ဖြစ်သည်။

သူတို့၏ မျက်နှာများမှာ မယုံကြည်နိုင်အောင် ပေါ်လွင်နေလေသည်။

အကြောင်းမှာ....

ရှေပုံလွှားဟုဆိုသောသူသည် မြို့တော်ဝန် စီးလောက်ရယ်၏ အိမ်တော်ထိန်းလေ့ပင် မဟုတ်ပါလော။

အိမ်တော်ထိန်းလေ့သည် ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်လုံးဝ သတိမထားမိတော့ အခုလို ပေါ်သွားရတာပေါ့ဗျာ'

စပေ့ရွှမ်းရှင်က ပြုံးလိုက်ပြီး....

'ခင်ဗျား သတိမထားမိဘူးဆိုရင်လဲ သဘာဝကျပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျား ဒီမေ့ဆေးကို ရှူလိုက်တဲ့ အခါမှာ ခင်ဗျားက ဖြေဆေးကို ကြိုတင်သောက်ထားခဲ့တာကိုး၊ ဒါကြောင့် အနံ့တို့ ခင်ဗျားက သတိမထားမိတာပေါ့'

အိမ်တော်ထိန်းလေ့သည် ခေါင်းငိုက်စိုက်ကျသွားသည်။

'ကျုပ်က ကံဆိုးချင်လို့ မင်းနဲ့လာတွေ့တာပဲလို့ ကျုပ်ထင်တယ်'



စပေ့ရွှမ်းရှင်သည် သူ့အား တစ်ချက်ကြည့်လိုက်ပြီး....

'ဒါနဲ့ ကျုပ် တစ်ခုမေးရဦးမယ်'

အိမ်တော်ထိန်းလေ့က ခေါင်းညိတ်လိုက်သည်။

'မေးပါဗျာ'

စပေ့ရွှမ်းရှင်ကတည်ကြည်လေးနက်သောမျက်နှာထားဖြင့်....

'ဟိုတစ်နေ့က မြို့တော်ဝန် စီးလောက်ရယ်ကို တည်းခိုခန်းမှာ မေ့ဆေးပေးခဲ့တာ ခင်ဗျားလား'

အိမ်တော်ထိန်းလေ့က သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ဟုတ်ပါတယ်'

စပေ့ရွှမ်းရှင်က မျက်မှောင်ကြုတ်လိုက်ပြီး....

'အဲဒါ....မြို့တော်ဝန် စီးလောက်ရယ်ဆီမှာ လျှို့ဝှက်မြေပုံ ရှိသလားလို့ လာရှာတာလား'

အိမ်တော်ထိန်းလေ့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ် လျှို့ဝှက်မြေပုံကိုရှာမတွေ့ခဲ့ပါဘူး'

မြို့တော်ဝန် စီးလောက်ရယ်က အိမ်တော်ထိန်း လေ့အား ရွံမုန်းစွာ ကြည့်လိုက်ပြီး....

'မင်းက ငါတို့လျှို့ဝှက်ချက်တွေကို ကျန်ဦးရန့်ကိုသွားပြော တာလား'

အိမ်တော်ထိန်းလေးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ဟုတ်တယ်'

မြို့တော်ဝန် စီးလောက်ရယ်က မျက်မှောင်ကြုတ်လိုက်ပြီး....

'ကျုပ်မှာ ဒီလျှို့ဝှက်မြေပုံရှိတယ်ဆိုတာ ခင်ဗျား ဘယ်လို လုပ် သိတာလဲ'

အိမ်တော်ထိန်းလေးက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'မြို့တော်ဝန်တို့က ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို သေသေချာချာမှ မထိန်းသိမ်းနိုင်ဘဲ'

အိမ်တော်ထိန်းလေး၏စကားကြောင့်မြို့တော်ဝန်စီးလောက် ရယ်သည် ဇဝေဇဝါ ဖြစ်သွားလေသည်။

'ခင်ဗျားဆိုလိုတာက ဘာအဓိပ္ပာယ်လဲ'

အိမ်တော်ထိန်းလေးက မဲ့ပြုံးပြုံးလိုက်သည်။

'မြို့တော်ဝန် သတိရမိပါ၊ တစ်နေ့မှာ မြို့တော်ဝန်စီး၊ အရက်မူးနေတုန်းမှာ မြို့တော်ဝန်စီးက သူ့ဘာသာ ရှင်မင်းမြဘီက ရွှေနန်းတော်ရဲ့ လျှို့ဝှက်မြေပုံကို သူ့ကိုလျှို့ဝှက်စွာ ထိန်းသိမ်း ထားခိုင်းတယ်လို့ အရက်မူးပြီး ကျုပ်ကို ပြောပြခဲ့တယ်၊ ကျုပ် လဲ အဲဒီစကားကိုကြားတော့ တော်တော်အံ့ဩသွားတယ်၊ ဒါနဲ့



နောက်ပိုင်းမှာ တိဗက်နယ်ခြားက ရာဇဝင်လူဆိုး ကျန်ဦးရန်နဲ့ အဆက်အသွယ်ရပြီး စီးဖုံးမေကို မင်္ဂလာပွဲ မကျင်းပမီ ပြန်ပေး ဆွဲခဲ့တာပါ'

သူ၏စကားကို ကြားလိုက်ရသောအခါ မြို့တော်ဝန် စီး လောက်ရယ်၏ ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။

သူသည် ဘာမဟုတ်သော သေရည်သေရက်ကြောင့် အလွန် တရာ တန်ဖိုးရှိသော တိုင်းပြည်၏ အဓိက သော့ချက်အား တိုင်းတစ်ပါးက တိဗက်သားများ သိရှိသွားခဲ့လေသည်။

သူသည် နောင်တကြီးစွာ ရသွားလေသည်။

ထို့နောက်....

မြို့တော်ဝန် စီးလောက်ရယ်သည် 'သူ၏အမှားအား ပြုပြင် ရန်' ပြင်ဆင်ထားပြီးဖြစ်ပါသည်။

လျှူစန်းဖုံးသည် မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားက လျှို့ဝှက်မြေပုံကို ပြန်ရလိုက်တယ်ပဲထားဦး၊ ဒီရဲတိုက်ထဲက ဘယ်လိုထွက်သွားမလဲ'

အိမ်တော်ထိန်းလေးက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒါကတော့ လွယ်ပါတယ်၊ အခုဆိုရင် လျှို့ဝှက်မြေပုံဟာ ဒီရဲတိုက်ပေါ်မှာ မရှိတော့ပါဘူး'

လျှူစန်းဖုံးက နားမလည်နိုင်ဟန်ဖြင့်....

'ဘယ်ရောက်သွားသလဲ'

မေ့စွမ်းရှင်က ကြားဖြတ်၍မေးလိုက်သည်။

'သူက ကျုန်ဝူးရန်ကို မေ့ဆေးပေးပြီးတဲ့နောက် လျှို့ဝှက်မြေပုံကို သူ့နောက်မှာ ကျုပ်တို့နောက်ကလိုက်လာတဲ့ အနက်ရောင်ဝတ်ဆင်ထားတဲ့လူကို ချက်ချင်းပေးလိုက်တယ်လေ'

လျှူစန်းဖုံးသည် အံ့အားသင့်သွားသေး၏။

'ဒါဖြင့် ကျုပ်တို့နောက်က တစ်လမ်းလုံး နောက်ယောင်ခံပြီး လိုက်လာတဲ့လူဟာ သူ့လူဖြစ်နေတာပေါ့'

မေ့စွမ်းရှင်သည် အိမ်တော်ထိန်းလေးဘက်သို့ လှည့်လိုက်ပြီးလျှင်....

'ဟုတ်လား'

အိမ်တော်ထိန်းလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'



မေ့စွမ်းရှင်သည် အိမ်တော်ထိန်းလေးအား မစေ့စေ့ကြည့်လိုက်ပြီး....

'ခင်ဗျားက လျှို့ဝှက်မြေပုံကို သူ့ကိုပေးလိုက်ပြီး သူ့ဆီကို နောက်ကနေ လိုက်နိုင်နေတာပေါ့၊ ခင်ဗျားအပေါ်မှာ သံသယမရှိအောင်လို့ လုပ်ထားတဲ့အစီအစဉ် မဟုတ်လား'

အိမ်တော်ထိန်းလေးက ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်'

မေ့စွမ်းရှင်က ခေါင်းခါယမ်းလိုက်၏။

'ဒါပေမယ့် ခင်ဗျားရဲ့အစီအစဉ်ဟာ သဘာဝမကျဘူးဗျ'

အိမ်တော်ထိန်းလေး မျက်မှောင်ကုတ်သွားသည်။

'ဘယ်နေရာမှာ သဘာဝမကျတာလဲ'

မေ့စွမ်းရှင်က မဲ့ပြုံးပြုံးလိုက်ပြီး....

'အနက်ရောင် ဝတ်ထားတဲ့လူရဲ့မြင်းဟာ တောစပ်မှာထားတာဆိုပေမယ့် ရဲတိုက်ကနေ အတော်လှမ်းတယ်၊ အဲဒီလူက ဒီလောက်တိုတောင်းတဲ့အချိန်မှာ သူက မြင်းဆီရောက်အောင် ဘယ်နည်းနဲ့မှ မသွားနိုင်ဘူး၊ ဒါကို ခင်ဗျား စဉ်းစားမိဖို့ကောင်းတယ်'

အိမ်တော်ထိန်းလေးက ခေါင်းညိတ်လိုက်သည်။

'မင်းက ဒီထိအောင်တွက်မိတာကိုး'

ပေ့စွမ်းရင်သည် ပြုံးလိုက်သည်။

'ခင်ဗျားလုပ်တဲ့ အစီအစဉ်ကို ကျွန်တော်စမ်းပြီး ပြောပြချင်တယ်'

အိမ်တော်ထိန်းလေ့က မချိုမြုံးပြုံးလိုက်ပြီး....

'ပြောပါဗျာ'

ပေ့စွမ်းရင်က စကားဆက်လိုက်သည်။

'ခင်ဗျားဟာ ကျန်ဝူးရန်ကို မေ့ဆေးပေးလိုက်ပြီး၊ နောက် လျှို့ဝှက်မြေပုံကိုယူပြီး အဲဒီ အနက်ရောင်ဝတ်ထားတဲ့ လူကို ပေးလိုက်တယ်၊ အဲဒီလူ မြင်းနားရောက်တော့မှပဲ ခင်ဗျားက ကျုပ်ကိုသတိပေးခေါ်ပြီး သူ့ကိုမြင်အောင် လိုက်ပြတယ်'

လျှုစန်းဖုံးက မျက်မှောင်ကုတ်သွားသည်။

'အဲဒီလူက ခင်ဗျားရဲ့ လျှို့ဝှက်မြေပုံကိုယူပြီး ထွက်ပြေးသွားရင်ကော ဘယ့်နှယ်လုပ်မလဲ'

အိမ်တော်ထိန်းလေ့သည် ခေါင်းခါယမ်းလိုက်သည်။

'သူ့ကို ကျုပ်စိတ်ချလို့ ပေးလိုက်တာပဲ'

လျှုစန်းဖုံးက အံ့ဩဟန်ဖြင့်....

'ဟုတ်လား....သူက ဘယ်သူပါလိမ့်'



အိမ်တော်ထိန်းလေ့က ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ကျုပ်သားပါ'

သူ၏စကားကို ကြားလိုက်ရသောအခါ အခန်းတွင်းရှိ လူအားလုံးသည် အံ့အားသင့်သွားကြလေတော့၏။

❁

လျှုစန်းဖုံးသည် အံ့အားသင့်သွားသည်။

'ခင်ဗျားမှာ သားရှိတယ်လို့ ကျုပ်မကြားဖူးပါလား'

အိမ်တော်ထိန်းလေ့က ပြုံးလိုက်ပြီး....

'ကျုပ်ရဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဇနီးက မွေးခဲ့တဲ့သားပါ'

လျှုစန်းဖုံးသည် ပါးစပ်ပိတ်ထားလိုက်၏။

တစ်ချိန်လုံး ပါးစပ်ပိတ်ထားသော ထင်ဟန်သည် ရုတ်တရက် အိမ်တော်ထိန်းလေ့ဘက်သို့ လှည့်လိုက်ပြီး....

'ဒီမှာ အိမ်တော်ထိန်းလေး၊ ခင်ဗျားကို ကျန်ဝူးရန်က အမြဲတမ်း ကောက်မကောက်မာမာ ဆက်ဆံတာကို ခင်ဗျားက သည်းခံနိုင်တာကို ကျုပ်အံ့သြမိတယ်'

အိမ်တော်ထိန်းလေးက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်ကလူပဲဗျ၊ အခြေအနေ မပေးလို့သာ အောင့်ခံနေရတာပေါ့ဗျ'

ထင်ဟန်က စကားဆက်လိုက်သည်။

'ဒါဖြင့် ခင်ဗျားက ကျန်ဝူးရန်ကို သတိမမေ့နေအောင်လုပ်ပြီးမှတော့ ဘာဖြစ်လို့ သူ့ကို တစ်ခါတည်း မသတ်လိုက်တာလဲ'

အိမ်တော်ထိန်းလေးက ရယ်မောလိုက်သည်။

'ကျုပ်က သူ့ကို သတ်စရာ မလိုသေးလို့ပေါ့'

ထင်ဟန်က မဲ့ပြုံးပြုံးလိုက်သည်၊

'ခင်ဗျားကတော့ တော်တော် သဘောထားကြီးတဲ့လူပဲ'

အိမ်တော်ထိန်းလေးက ပြုံးလိုက်ပြီး....

'ဒါနဲ့ ကျန်ဝူးရန်အနားမှာနေပြီး ကျန်ဝူးရန်အကြောင်းမှ မသိဘဲ'

ထင်ဟန်က မျက်မှောင်ကြုတ်သွားသည်။

'ကျုပ် ဘာကိုမသိတာလဲ'



အိမ်တော်ထိန်းလေးက တည်ကြည် လေးနက်သောလေသံဖြင့်....

'ကျန်ဝူးရန်ဟာ မိန်းမယူနိုင်တဲ့ အရည်အချင်း လုံးဝ မရှိဘူး'

ထင်ဟန်သည် အံ့အားသင့်သွားသည်။

အိမ်တော်ထိန်းလေးက စကားဆက်လိုက်သည်၊

'အမှန်ပြောရရင် ကျန်ဝူးရန်ဟာ ဒီလိုမှ မလုပ်ရင်တော့ ဟုန်လိန်ဟာ ဘယ်လိုမိန်းမစားမျိုးဆိုတာ ကျုပ်သိမှာ မဟုတ်ဘူး'

ထင်ဟန်က ခေါင်းခါယမ်းလိုက်သည်၊

'ကျုပ်ကတော့ ခင်ဗျား သေရမှာကြောက်လို့ ထင်တာပဲ'

အိမ်တော်ထိန်းလေးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'အင်း....ကျုပ်ကတော့ အသက်ကြီးပြီလေ၊ မင်းတို့လူငယ်လို သတ္တိမရှိဘူးလို့ ပြောရင်လဲ ခံရမှာပဲ၊ ဒါပေမယ့် မင်းကောယောကျ်ားတန်မယ်နဲ့ ကျန်ဝူးရန်ရဲ့ ခေါ်ကားသမျှ ခေါင်းငုံ့ခံနေရတာ မင်းဟာ သတ္တိရှိတဲ့လူတစ်ယောက်ဆိုတာ ထင်ရှားနေတာပေါ့'

ထင်ဟန်၏ မျက်လုံးများသည် ဒေါသရောင်များ ထွက်ပေါ်လာလေသည်၊

အိမ်တော်ထိန်းလေ့က စကားဆက်လိုက်သည်၊

'ဒီတစ်ခါတော့ မင်းက ဘယ်လိုလုပ်သတ္တိရှိပြီး သူ့ကိုသတ်လိုက်တာလဲ'

ထင်ဟန်က ခေါင်းခါယမ်းလိုက်သည်၊

'ကျုပ် သူ့ကိုမသတ်ဘူး'

အိမ်တော်ထိန်းလေ့က ပြုံးလိုက်သည်၊

'အခု အခြေအနေက ကျန်ဝူးရှန်ကို သတ်တာဟာ ခင်ဗျား ဖြစ်ရမယ်လို့ ပေ့စွမ်းရှင် ပြောနေတာ ခင်ဗျား ကြားတယ် မဟုတ်လား'

ထင်ဟန်က မဲ့ပြုံးပြုံးလိုက်သည်၊

'ကျုပ်သတ်တယ်လို့ ပြောရအောင် သူက ဘာအထောက်အထားရှိလို့လဲ'

အိမ်တော်ထိန်းလေ့သည် ပေ့စွမ်းရှင်ဘက်သို့ လှည့်လိုက်သည်၊

'ကဲ ....ခင်ဗျား ဘာအထောက်အထား ရှိသလဲလို့ မေးနေတယ်ဗျ'



ပေ့စွမ်းရှင်သည် ထင်ဟန်အား ကြည့်လိုက်သည်၊

'မင်းက အခွင့်အရေးကို အသုံးချတတ်ပေမယ့် အိမ်တော်ထိန်းလေ့လိုပဲ အမှားတစ်ခု လုပ်ခဲ့တယ်လေ'

ထင်ဟန်က မျက်မှောင်ကုတ်သွားသည်၊

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

ပေ့စွမ်းရှင်က ပြုံးလိုက်သည်၊

'မင်းရဲ့ အဝတ်အစားမှာလဲ မေ့ဆေးအနံ့တွေ ရှိနေတယ်လေ'

ထင်ဟန်သည် မဲ့ပြုံးပြုံးလိုက်သည်၊

'ဒီအခန်းထဲ ရောက်တဲ့လူအားလုံး ဒီအနံ့တော့ ရှိကြမှာချည်းပဲဗျ၊ ဒီအနံ့ရှိတာနဲ့ ကျန်ဝူးရှန်ကို သတ်တယ်လို့ ဘယ်လိုလုပ် ပြောနိုင်သလဲဗျ'

ပေ့စွမ်းရှင်က ပခုံးတစ်ချက် တွန့်လိုက်သည်၊

'ကဲ...ထားပါတော့လေ၊ မင်းက ကျန်ဝူးရှန်ကို သတ်ပါတယ်ဆိုတဲ့ အထောက်အထား ခနဲတစ်ခု ရှိသေးတယ်'

ထင်ဟန်သည် မျက်မှောင်ကုတ်လိုက်သည်၊

'ဘယ်မှာလဲ'

ပေ့စွမ်းရှင်သည် ထင်ဟန်၏ ခန္ဓာကိုယ်အား တစ်ချက်ကြည့်လိုက်ပြီး....

'ကျုပ်ကိုယ်ပေါ်မှာ ဘာအထောက်အထားများ ရှိလို့လဲ'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

'ရှိတာပေါ့၊ မင်းရဲ့ခါးမှာ သွေးစွန်းနေတယ်လေ'

ထင်ဟန်သည် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ခါးမှာ သွေးမစွန်းပါဘူး'

ပေ့စွမ်းရင်က ပြုံးလိုက်ပြီး....

'မင်းစကား သေချာရဲ့လား'

ထင်ဟန်က ခေါင်းညိတ်လိုက်သည်။

'ကျုပ်က ခါးကို....'

ထင်ဟန်သည် ဤသို့ဖြေရင်း စကား ရပ်တန့်သွားလေသည်။

ပေ့စွမ်းရင်သည် ပြုံးလိုက်ပြီး....

'မင်းက မင်းခါးကိုဘယ်လိုလုပ်လိုက်လို့ ခါးပေါ်ကသွေးတွေပျောက်သွားတာလဲ'

ထင်ဟန်သည် ခြေသောက်တစ်ချက် ဆောင့်လိုက်ပြီး....

'ကျုပ်ခါးမှာ ပေနေတဲ့ သွေးကို သုတ်ပစ်လိုက်ပြီဗျာ'

ဟု ပြောချလိုက်လေသည်။

## အခန်း (၁၀)

### တသွားခံ

ပေ့စွမ်းရင်သည် ခေါင်းညိတ်လိုက်သည်။

'တစ်ချက်တည်းနဲ့ လည်ပင်းကို ထိုးဖောက်နိုင်တယ်ဆိုတော့ မင်းစွမ်းရည်က မဆိုးဘူးကွ'

ထင်ဟန်က မဲ့ပြုံးပြုံးလိုက်သည်။

'မဆိုးလို့ ကျုပ်က လူသတ်ရဲတာပေါ့ဗျ'

ပေ့စွမ်းရင်က မျက်ခမောင်ကြုတ်လိုက်ပြီး....

'မင်းက ဘာဖြစ်လို့ သူ့ကိုသတ်ဖို့ စိတ်ကူးမိတာလဲ'

ထင်ဟန်က ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'သူ သတိမမူနေတာကို ကျုပ်က အခွင့်မထင် တွေ့လိုက်တာနဲ့ သူ့ကိုသတ်ချင်တဲ့စိတ် ရုတ်တရက်ပေါ်လာလို့ ကျုပ်က သူ့ကိုသတ်ပစ်လိုက်တာပဲ'

အိမ်တော်ထိန်းလေ့ဏ်၏မျက်လုံးအစုံသည် သူ့အား စေ့စေ့ကြည့်နေလေသည်။

ထင်ဟန်သည် စီးဖုံးမေဘက်သို့လှည့်လိုက်ပြီး....

'ကျုပ်ကိုစော်ကားတာကျုပ်ခံနိုင်ပါသေးတယ်ဗျာ၊ စီးဖုံးမေလို အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ပြန်ပေးဆွဲလာတာ ကျုပ် ဘယ်နည်းနဲ့မှ မခံနိုင်ဘူး၊ ဟုန်လိန်လိုအမျိုးသမီးဆိုရင်တော့ ကျုပ် ဘာမှမပြောလိုဘူး၊ စီးဖုံးမေလို မိန်းကလေး တန်ကြေးမြို့တော်ဝန်ကြီးရဲ့ တစ်ဦးတည်းသော သမီးပါ၊သူ့ကို ပြန်ပေးဆွဲလာပြီး ဒီမှာခေါ်ထားတာ လူတော်တော်မိုက်ရိုင်းတဲ့လူပေါ့ဗျာ'

စီးဖုံးမေသည် ထင်ဟန်အား ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် ကြည့်နေသည်။

သို့သော်....

သူတို့၏အကြည့်သည် ပကတိသန့်ရှင်းစင်ကြယ်သောအကြည့်မျိုး ဖြစ်သည်ကို မေ့စွမ်းရင်နှင့် လျှမ်းဖုံးတို့က အကဲခတ်မိလိုက်လေသည်။



ထင်ဟန်သည် အချူမေးပြောသောဘဲ ငြိမ်သက် တိတ်ဆိတ်နေသည်။

အဘန်ကြာမှ...

သူသည် သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

ယုံနေရက်....

သူသည် မေ့စွမ်းရင်ဘက်သို့ လှည့်လိုက်ပြီး....

'ခင်ဗျားရဲ့နာမည်ကို ကျုပ်ကြားဖူးပါတယ်၊ ခင်ဗျားဟာ တရားမျှတကဲ့သို့င်းသမားတစ်ယောက်၊ ဥပဒေအောက်တော်သစ္စာသိင်းသမားတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊ ဒါကြောင့် ကျုပ်တစ်ခုပြောချင်ပါတယ်'

မေ့စွမ်းရင်သည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'မင်း ဘာပြောချင်လို့လဲ'

ထင်ဟန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'နောက်တစ်နေ့မနက်ကျရင် ခင်ဗျားတို့ ဒီရဲတိုက်က အမြန်ဆုံးထွက်သွားပါ'

မေ့စွမ်းရင်သည် မျက်မှောင်ကုတ်လိုက်ပြီး....

'ကျုပ်တို့ကသွားမှာပါ၊ ဘာဖြစ်လို့လဲ'

ထင်ဟန်သည် စိတ်လှုပ်ရှားစွာဖြင့်....

'ဒီမှာ ပေ့စွမ်းရင်၊ စီးဖိုးမကို ဒီရဲတိုက်ကို ပြန်ပေးဆွဲလာတော့ ကျုပ်က သူ့ကို စောင့်ရှောက်ရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျန်ဝူးရန်က ကျုပ်ကိုခေါ် ပြောပါတယ်၊ စီးဖိုးမဟာ ထန်ကြူးမြို့တော်ဝန်ရဲ့ တစ်ဦးတည်းသော သမီးဖြစ်တဲ့အကြောင်း သူ့ကို မွဲတစ်ပေါက်မစွန်းအောင် စောင့်ရှောက်ရမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်တော်ထိန်းလေ့ဟာ အသက်ကြီးပေမယ့် မိန်းကလေးတွေအပေါ်မှာ အလွန်ယုတ်မာတဲ့ လူတစ်ယောက်မို့လို့ပါ'

အိမ်တော်ထိန်းလေ့သည် ဒေါသခြောင်းခြောင်းထွက်လာသည်။

'မင်း ဘာတွေလျှောက်ပြောနေတာလဲ ထင်ဟန်'

ထင်ဟန်သည် မဲ့ပြုံးပြုံးလိုက်ပြီး....

'ခင်ဗျားဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ကျုပ်အသိဆုံးပါဗျာ'

အိမ်တော်ထိန်းလေ့က ဒေါသသံကြီးဖြင့်....

'အေး....အဲဒါ မင်းနဲ့ဘာဆိုင်လို့လဲ'

ထင်ဟန်သည် သူ့အားလှည့်မကြည့်တော့ပါ။

သူသည် ပေ့စွမ်းရင်ဘက်သို့သာ လှည့်လိုက်ပြီး....



'ကျွန်တော်ပြောတာ ခင်ဗျား ဘယ်လိုသဘောရသလဲ'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

ထင်ဟန်သည် အိမ်တော်ထိန်းလေ့ဘက်သို့လှည့်လိုက်ပြီး....

'ကျုပ်က ကျန်ဝူးရန်ကို သတ်လိုက်တဲ့အတွက် ခင်ဗျားကျုပ်ကို မကျေနပ်ဘူးမဟုတ်လား'

အိမ်တော်ထိန်းလေ့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ထင်ဟန်က ပြုံးလိုက်ပြီး....

'ခင်ဗျားရဲ့သိုင်းပညာအဆင့်ဟာ ကျန်ဝူးရန်ထက် မညံ့ဘူး၊ သူနဲ့ ကျုပ်နဲ့တစ်ဦးချင်းသာ ရင်ဆိုင်ရမယ်ဆိုရင် ကျုပ်တို့ဟာ သူ့ကိုရှုံးနိမ့်မယ်လို့ ပြောရဲပါတယ်'

မြို့တော်ဝန်စီးလောက်ရယ်က မျက်မှောင်ကုတ်သွားသည်။

'ဒါလောက်တောင်ပဲလား'

ထင်ဟန်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ကျုပ်က အမှန်အတိုင်းပြောနေတာပါ၊ ဒါကြောင့် ကျုပ်တို့လွတ်မြောက်ဖို့ လမ်းတစ်ခုပဲရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ မြို့တော်ဝန်စီးနဲ့ကျုပ်ပေါင်းပြီး သူ့တိုက်ဖို့ပါပဲ'

မြို့တော်ဝန်စီးလောက်ရယ်က ခေါင်းညိတ်လိုက်သည်။

'ဆာစ်လိမ့်မယ်၊ ကျုပ်တို့ နှစ်ယောက်က ပေါင်းလိုက်ရင် အကျိုးရှိမယ်လို့ ထင်ပါတယ်'

ထင်ဟန်က ပြုံးလိုက်ပြီး....

'ဒါ ပြောစရာမလိုပါဘူး မြို့တော်ဝန်စီး'

မြို့တော်ဝန် စီးလောက်ရယ်က ခေါင်းညိတ်လိုက်သည်။

'မလိုတော့ပါဘူး'

ထင်ဟန်သည် မြို့တော်ဝန် စီးလောက်ရယ်အား ကြည့်ပြီး....

'မြို့တော်ဝန်စီး....ဘယ်လိုသဘောရလဲ'

မြို့တော်ဝန်စီးက ပြုံးလိုက်သည်။

'သဘောတူရမှာပေါ့'

'ခွမ်း....'

ထင်ဟန်သည် ဓားကို ဆွဲထုတ်လိုက်လေသည်။

မြို့တော်ဝန် စီးလောက်ရယ်ကလည်း ခါးတွင် ချိတ်ထားသော ဓားကို ဆွဲထုတ်လိုက်လေသည်။

သူသည် လက်ကာပြလိုက်ပြီး....



'ခဏနေဦး၊ ကျုပ်က ဖောက်ပြန်တဲ့ မိန်းမဆို သိပ်မုန်းတာ၊ ဒါကြောင့် ကျုပ်မှာ လုပ်စရာတစ်ခုရှိတယ်'

ထင်ဟန်က နားမလည်ဟန်ဖြင့်....

'ဘာများလဲဗျ'

မြို့တော်ဝန် စီးလောက်ရယ်က ပြုံးလိုက်သည်။

'လူတစ်ယောက်ကို အရင်သတ်ရလိမ့်မယ်'

ထင်ဟန်က မျက်မှောင်ကြုတ်သွားသည်။

'ဘယ်သူလဲ'

မြို့တော်ဝန်စီးလောက်ရယ်က အေးတိအေးစက်လေသံဖြင့်....

'သိုင်းရာဇာ ကျွမ်ခုံးရှဲဇနီး ဟုန်လိန်ပေါ့'

မြို့တော်ဝန် စီးလောက်ရယ်သည် ယင်းသို့ပြောပြီးသည်နှင့် သူ့လက်ထဲမှဓားအား ဟုန်လိန်ထံသို့ ပစ်လွှတ်လိုက်လေသည်။

'အွန့်....'

ဟုန်လိန်၏ရင်ဝသို့ မြို့တော်ဝန် စီးလောက်ရယ်၏ လက်ထဲမှ ဓား မရှိတော့သည်ကို တွေ့လိုက်ရသောအခါ ထိုအခွင့်အရေးအား လက်လွှတ်မခံပါချေ။

'ယား....'

သူသည် ယင်းသို့ ဂြုသံတစ်ချက်ပေးလိုက်ပြီး သူ၏ ခန္ဓာကိုယ်သည် သူ့ ဓားနှင့်တကွ လေ၏ အဟုန်ဖြင့် မြို့တော်ဝန် စီးလောက်ရယ်ထံသို့ တိုက်ခိုက်လိုက်လေသည်။

အိမ်တော်ထိန်းလေ့၏ လက်ဝါးနှစ်ဖက်သည် အဆိပ်ရည်များဖြင့် စိမ်၍ လေ့ကျင့်ထားသော သိုင်းပညာရပ် တစ်မျိုး ဖြစ်ပါသည်။

သူသည် ယင်းပညာရပ်များကို မြို့တော်ဝန် စီးလောက်ရယ်ထံမှ သင်ကြားလာသည်ဖြစ်သော်လည်း အမှန်မှာ သူ၏ကြိုးစားမှုကြောင့် မြို့တော်ဝန် စီးလောက်ရယ်ထက် သာလွန်နေပြီဖြစ်သည်။

ယခု....

သူသည် သူ၏အဆိပ်လက်ဝါးဖြင့် မြို့တော်ဝန် စီးလောက်ရယ်အား အသေသတ်ရန် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

အိမ်တော်ထိန်းလေ့၏ လက်ဝါးနှစ်ဖက်တွင် မည်သည့် အရိပ်အယောင်မျှ မတွေ့ရပါ။



ထို့ကြောင့်လည်း ထူးခြားသော သိုင်းပညာမရှိဟု ထင်ရလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် ယုံကြည်မှုအပြည့်ဖြင့် သူ၏လက်ဝါးနှစ်ခုကို အိမ်တော်ထိန်းလေ့၏ ရင်ဝသို့ ရိုက်ချလိုက်လေသည်။

အိမ်တော်ထိန်းလေ့သည် တစ်ချက် မဲ့ပြုံးပြုံးလိုက်ပြီး....

သူ၏လက်နှစ်ဖက်သည် မြို့တော်ဝန် စီးလောက်ရယ် တိုက်ခိုက်လာသော လက်ဝါးနှစ်ဖက်ဆီသို့ ခံပေးလိုက်သည်။

ထိုအခိုက်အချိန်အတွင်းမှာပင်....

သူ၏ လက်နှစ်ဖက်သည် အင်္ကျီလက်အိုးထဲတွင် ဝှက်ထားသော လက်နက်ပုန်းနှစ်ခုကို ဆွဲထုတ်လိုက်ခြင်း ဖြစ်ပါသည်။

ထိုလက်နက်ပုန်းနှစ်ခုမှာ အလွန်ထက်မြက်သော ဓားကလေးနှစ်ခု ဖြစ်ပါသည်။

ဓားကလေးနှစ်လက်သည် မြို့တော်ဝန် စီးလောက်ရယ်၏ လက်ဝါးနှစ်ဖက်သို့ ထိုးချလိုက်ခြင်း ဖြစ်ပါသည်။

မြို့တော်ဝန် စီးလောက်ရိယ်ကလည်း ခေသူတစ်ယောက် မဟုတ်ပေ။

သူသည်လည်း သိုင်းလောကတွင် အလွန်မျက်စိလျင်သော သိုင်းသမားတစ်ယောက် ဖြစ်ခဲ့ဖူးသည်။

ထို့နောက် နေပြည်တော်တွင် အမှုထမ်းရာမှ အရည်အချင်းရှိသဖြင့် မြို့တော်ဝန်ရာထူးအား ရရှိထားသူတစ်ယောက် ဖြစ်သည်။

သူသည် အိမ်တော်ထိန်းလေး၏ လက်ထဲတွင် ဖွေးခနဲ အရောင်တစ်ခု လက်သွားသည်ကို တွေ့လိုက်သည်နှင့် သူ့လက်နှစ်ဖက်ကို အမြန်ကာသာ ရုတ်သိမ်းလိုက်လေ၏။

အိမ်တော်ထိန်းလေး၏ ဓားနှစ်လက်သည် လေထဲသို့ ထိုးမိသွားလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

သူ၏မျက်လုံးအစုံသည် အိမ်တော်ထိန်းလေး၏ လက်ထဲမှ ဓားနှစ်လက်အား သေသေချာချာကြည့် လိုက်ပြီး....

'ဒါ ကျုပ်တို့ စီးမျိုးနွယ်ရဲ့ ဓားကွက်ပဲ'



လျှုစန်းဖုံးကလည်း အံ့သြသွားလေသည်။

'ဒါဖြင့် ဟိုတစ်နေ့က ကျုပ်ကို အလစ်လစ်မှာတိုက်ခိုက်တာ ခင်ဗျားပဲမဟုတ်လား'

အိမ်တော်ထိန်းလေးသည် ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ အဲဒါ ကျုပ်ပဲ'

လျှုစန်းဖုံးသည် မျက်ခုံးပင်ကြုတ်သွားသည်။

'ခင်ဗျားဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

အိမ်တော်ထိန်းလေးက မဲ့ပြုံးပြုံးလိုက်ပြီး....

'အဲဒီမှာ တစ်ခေါက်တည်း လျှို့ဝှက်မြေပုံကိုရရင် ယူသွားမလို့ပါ'

လျှုစန်းဖုံးသည် ဝတ်ကာပြုလိုက်ပြီး...

'နေပါဦး... ခင်ဗျားက ဘယ်လိုလုပ်ပြီး စီးမျိုးနွယ်ရဲ့ ဓားကွက်တွေကို ရနေတာလဲ'

အိမ်တော်ထိန်းလေးက ခေါင်းခါယမ်းလိုက်ပြီး....

'ကျုပ်က စီးမျိုးနွယ်ရဲ့ဓားကွက်ကို နည်းနည်းပါးပါး ရတာပါ၊ ဒါကလဲ မြို့တော်ဝန် စီးလောက်ရယ် သိုင်းလေ့ကျင့်တာကို ချောင်းကြည့်မိလို့ ရတာပါ'

လျှိုစန်းဖုံးသည် သက်ပြင်းချ၍ ခေါင်းခါယမ်းလိုက်သည်။

မြို့တော်ဝန် စီးလောက်ရယ်သည် ထင်ဟန်ဘက်သို့ လှည့်လိုက်ပြီး....

'ဟေ့....မင်းက ဘာကို စောင့်နေတာလဲ'

ထင်ဟန်သည် ရယ်မောလိုက်ပြီး....

'ကဲ....တိုက်ကြရအောင်'

သူသည် ယင်းသို့ပြောရင်း သူ၏ခန္ဓာကိုယ်နှင့် ဓားပါ အိမ်တော်ထိန်း လေ့ထံသို့ ပြေးလွှားသွားလေသည်။

သူ၏ခန္ဓာကိုယ်သည် လျှင်မြန်သလောက် သူ၏ ဓားမှာလည်း လျှင်မြန်လှပေသည်။



မြို့တော်ဝန် စီးလောက်ရယ်သည် သက်မနေ့ပေ။

သူ၏ဓားနှစ်သက်မှာလည်း တစီးစီးဖြင့် အသံထွက်လာပြီး လျှင် အိမ်တော်ထိန်းလေ့ထံသို့ တိုက်ခိုက်လိုက်လေ၏။

သူတို့သည် လျှင်မြန်သလောက်လည်း ပို၍ လျှင်မြန်နေ၏။

သူ၏လက်ဝါးနှစ်ဖက်သည် ထင်ဟန်အား လေးချက်ရိုက်ချလိုက်ပြီး သူ၏ခန္ဓာကိုယ်သည် မြို့တော်ဝန် စီးလောက်ရယ်၏ ဓားနှစ်လက်အား တိမ်းရှောင်လိုက်သည်။

တစ်ချိန်တည်းမှာပင်....

သူ၏လက်ဝါးနှစ်ဖက်သည် မြို့တော်ဝန် စီးလောက်ရယ်၏ ကျောပေါ်သို့ ရိုက်ချလိုက်သည်။

ထင်ဟန်၏ဓားသည် မြွေဟောက်တစ်ကောင်ကဲ့သို့ လူးလိမ့်တွန့်ခွေပြီး အိမ်တော်ထိန်းလေ့အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

မြို့တော်ဝန် စီးလောက်ရယ်၏ ဓားမှာလည်း ကင်းမြီးကောက် ပုံသဏ္ဌာန်ဖြင့် အိမ်တော်ထိန်းလေ့အား ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်လိုက်လေသည်။

သူတို့၏ တိုက်ခိုက်မှုများမှာ အားမာန်ပြင်းထန်ပြီး လျှင်မြန်လှပေသည်။

အိမ်တော်ထိန်း လွှမှာလည်း ညှိုပါ၊

သူ၏လက်ဝါးနှင့်ဖက်သည် တဖြည်းဖြည်း နီရဲလာချေ၏၊

သိုင်းကွက်သုံးဆယ်ခန့်မျှ အပြန်အလှန် တိုက်ခိုက်လာပြီးသောအခါ အိမ်တော်ထိန်းလွှ၏ လက်ဝါးနှင့်ဖက်သည် ပို၍ နီရဲလာလေသည်၊

'သတိထား....သူ့လက်မှာ အဆိပ်ပါတယ်'

ထင်ဟန်သည် မြို့တော်ဝန် စီးလောက်ရယ်အား သတိပေးလိုက်လေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် မဲ့ပြုံးပြုံးလိုက်ပြီး....

'စိတ်ချ...ကျုပ်က ဒါလောက်တော့ မမှုသေးဘူးဗျ'

သူတို့သည် ယင်းသို့အပြန်အလှန်ပြောရင်း အိမ်တော်ထိန်းလွှအား ပြင်းပြင်းထန်ထန် တိုက်ခိုက်နေလေသည်၊

ထင်ဟန်သည် အခြေအနေမဟန်မှန်းသိသဖြင့် တိုက်ခိုက်နေရာမှ မြို့တော်ဝန် စီးလောက်ရယ်၏နားသို့ကပ်၍...

'မြို့တော်ဝန်စီး၊ ဒီမှာဆက်နေရင် အခြေအနေမကောင်းဘူး၊ ရဲတိုက်ထဲက ထွက်သွားတော့၊ သူ့ကို ကျုပ်ထိန်းထားမယ်'

မြို့တော်ဝန် စီးလောက်ရယ်သည်လည်း အခြေအနေကို ရိပ်စားမိသဖြင့် လျူစန်းဖုံးတို့ရှိရာသို့ ဆုတ်သွားလေသည်၊



အိမ်တော်ထိန်းလွှသည် မြို့တော်ဝန် စီးလောက်ရယ်အား အသေတိုက်ခိုက်ချင်သော်လည်း ထင်ဟန်က ပိတ်ဆို့တိုက်ခိုက်နေသဖြင့် မည်သို့မျှမတတ်သာဘဲ ဖြစ်နေသည်၊

မြို့တော်ဝန် စီးလောက်ရယ်သည် သက်ပြင်းတစ်ချက်ချလိုက်သည်၊

သူသည် လျူစန်းဖုံးဘက်သို့ လှည့်လိုက်ပြီး....

'ကျုပ်တို့တစ်တွေ ရဲတိုက်ထဲက အမြန်ဆုံး ထွက်ရအောင်'

လျူစန်းဖုံးက ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့....ဦးလေးစီး'

သူသည် ယင်းသို့ပြောပြီး စီးဖုံးမေအားကြည့်ကာ....

'ကဲ...ညီမ၊ သွားကြရအောင်'

သူသည် စီးဖုံးမေ၏လက်ကိုဆွဲပြီး ထွက်သွားလေသည်၊

သူ၏နောက်မှ ပေ့စွမ်းရင်နှင့် မြို့တော်ဝန် စီးလောက်ရယ်တို့ လိုက်ပါသွားကြလေသည်၊

'ဟေ့....မသွားရဘူး'

အိမ်တော်ထိန်းလွှသည် ထင်ဟန်နှင့် သဲသဲမဲမဲတိုက်ခိုက်နေရာမှ လှမ်း၍ ဟန့်တားလိုက်သည်၊

သို့သော်....

လျှုစန်းဖုံးသည် လှည့်ပင်မကြည့်ပါချေ။

သူသည် စီးနုံးမေ၏ လက်ကိုဆွဲကာ အခန်းတံခါးရှိရာသို့ လျှောက်သွားလေသည်။

'ဟေ့ လူတွေ....ပြောနေတာ မကြားဘူးလား'

အိမ်တော်ထိန်းလွှသည် ယင်းသို့အော်ရင်း လျှုစန်းဖုံးတို့အား ဟန့်တားရန် ပြင်လိုက်သည်။

သို့သော်....

ထင်ဟန်က တရကြမ်းတိုက်ခိုက်ဟန့်တားထားသောကြောင့် သူသည် မည်သို့မျှ မတတ်နိုင်ပါ။

သူ၏မျက်နှာတစ်ခုလုံးသည် နီရဲလာသည်။

'ဟေ့....တို့လူတွေ မင်းတို့ ဘာလုပ်နေကြတာလဲ၊ အားလုံး ကိုတ်ကြပါတော့လား'

အိမ်တော်ထိန်းလွှ၏ အသံသည် ရွှေစွန်ရဲတိုက်ကြီးတစ်ခု လုံးအား ပဲ့တင်ထပ်သွားလေတော့သည်။



'ယား'

ရဲတိုက်တွင်းမှ လူများသည် ဗြသံပေးကာ ဝင်ရောက် တိုက်ခိုက်ကြလေတော့သည်။

လူရှစ်ယောက်ခန့်သည် လျှုစန်းဖုံးနှင့်စီးဖုံးမေတို့အား ဝိုင်းရံထားသည်။

လှံတံရှည် ကိုင်ဆောင်ထားသော လူရှစ်ယောက်တို့သည် ပေ့စွမ်းရင်တို့အား ဝိုင်းရံထားသည်။

ဤသို့ဖြင့်....

ရွှေစွန်ရဲတိုက်ထဲတွင် တိုက်ပွဲများသည် လေးစုခွဲကာ သဲသဲ မဲမဲတိုက်ခိုက်နေကြလေသည်။

ကုဆုဟန်သည် ပေ့စွမ်းရင် ပြောသည့်အတိုင်း သိုင်းပညာ ကို တစ်မြောက်ထားသော လူတစ်ယောက်ဖြစ်ပါသည်။

သူသည် အခြေအနေမဟန်မှန်း သိလိုက်ရသည်နှင့် သူ ဝတ် ဆင်ထားသော အပေါ်အင်္ကျီကို ချွတ်ချလိုက်ပြီး ခါးတွင် ဝှက် ယူလာသော ဓားနှစ်လက်ကို ဆွဲထုတ်လိုက်ကာ ရွှေစွန်ရဲတိုက်မှ လူများအား ပြန်လည်တိုက်ခိုက်နေသည်။

လျှုစန်းဖုံးသည် သိုင်းသမားကောင်းတစ်ယောက်အဖြစ်နှင့် နေပြည်တော်တွင် အမှုထမ်းရာမှ မြို့တော်ဝန်ရာထူးအား ရရှိခဲ့ သူဖြစ်သည်။

ထို့ကြောင့်....

သူသည် သိပ်မကြာလိုက်ပါချေ။

သူ၏ဓားသည် ရန်သူလေးယောက်အား သတ်ပစ်နိုင်ခဲ့လေသည်။

သူသည် ကုဆုဟာန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ကုဆုဟာန်သည် အသက်ကလည်း ကြီးရင့်နေပြီဖြစ်သည့်အပြင် အများနှင့် တစ်ယောက်လည်း ဖြစ်နေသောကြောင့် သူ၏တစ်ကိုယ်လုံးတွင် ဒဏ်ရာများဖြင့် သွေးခြင်းခြင်းနီရဲနေသည်။

လျူစန်းဖုံးသည် ကုဆုဟာန်တို့အား ကူညီရန် တစ်ဖက်သို့ ထိုးဖောက်သွားရန် ဟန်ပြင်နေသည်။

သို့သော်....

ရွှေစွန်ရဲတိုက်မှ လူများသည် ထပ်မံအားဖြည့်လာကာ သူ့အား ဝိုင်းရံထားလိုက်လေတော့သည်။



ရွှေစွန်ရဲတိုက်မှ လူများသည် တစ်ယောက်ပြီး တစ်ယောက် ကျဆုံးသွားပြီဖြစ်သည်။

သို့သော်....

ကျဆုံးသွားသော လူများအစား တစ်ယောက်ပြီး တစ်ယောက် အားဖြည့်လေသည်။

နောက်ဆုံးတွင်....

လျူစန်းဖုံးသည် ခြေကုန်သက်ပန်း ကျလာလေတော့သည်။

ထို့ကြောင့် သူ၏ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ များစွာရရှိလာလေသည်။

ရွှေစွန်ရဲတိုက်မှလူများ ထပ်မံရောက်ရှိလာပြန်သည်။

ယခု....

လျူစန်းဖုံးသည် ပြန်လည်တိုက်ခိုက်ရန် မဆိုထားဘိ ခုခံနိုင်စွမ်းပင် မရှိသော အခြေအနေသို့ ရောက်ရှိလာသည်။

ရွှေစွန်ရဲတိုက်မှ လူများသည် သူ့အား တရကြမ်းတိုက်ခိုက်နေသောကြောင့် သူသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ရွှေစွန်ရဲတိုက်မှ လူတစ်ယောက်၏ လှံတံသည် သူ၏ရင်ဝသို့ ထိုးဝင်လာလေသည်။

ရှေ့တရက်....

လှူရိပ်တစ်ခုသည့် သူတို့ထံသို့ ထိုးဖောက် ဝင်ရောက်လာပြီး လျှင် ဝိုင်းရံထားသော ရွှေစွန်ရဲတိုက်မှ လူများအား တိုက်ခိုက် လိုက်ပြီးလျှင် လျှူစန်းဖုံးအား ဖေးမထွလိုက်လေသည်။

လျှူစန်းဖုံးသည် ထိုလူအား မော့ကြည့်လိုက်သောအခါ သူ၏ သူငယ်ချင်း သေွးသောက်ဖေး ပေ့စွမ်းရင် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ပေ့စွမ်းရင်အား ချည့်နှဲ့စွာ ပြုံးပြလိုက်ပြီး....

'ကျေးဇူးတင်ပါတယ် ပေ့စွမ်းရင်'

ပေ့စွမ်းရင်သည် သူ့အား လက်ကာပြလိုက်ပြီး....

'အချိန်မရှိဘူး လျှူစန်းဖုံး'

ထိုစကားကြားလိုက်ရသောအခါ လျှူစန်းဖုံးသည် မြို့တော်ဝန် စီးလောက်ရယ်နှင့် စီးဖုံးမေတို့အား ကြည့်လိုက်ပြီး....

'ဒါဖြင့် ငါတို့ သွားကြစတော့မှာပဲ စွမ်းရင်'

ပေ့စွမ်းရင်က ခေါင်းညိတ်လိုက်သည်။

'အေး....သွားမယ်၊ ...ငါး မြို့တော်ဝန် စီးလောက်ရယ်နဲ့ စီးဖုံးမေတို့ကိုကြည့်ပြီး ကျုပ်နောက်ကသာ လိုက်ခဲ့ပေတော့'



ပေ့စွမ်းရင်သည် ယင်းသို့ပြောပြီး သူ၏ ဓားသည် ဝိုင်းရံလာသော ရွှေစွန်ရဲတိုက်မှ လူများအား ထိုးဖောက် တိုက်ခိုက် ထွက်သွားလေသည်။

လျှူစန်းဖုံးသည် စီးဖုံးမေနှင့် စီးလောက်ရယ်တို့အား ခေါ်မကာ ပေ့စွမ်းရင်၏ နောက်သို့ လိုက်သွားလေတော့သည်။

ရှင်တရက်....

ပေ့စွမ်းရင်၏ရှေ့တွင် အလွန်ထန်မာထွားကျိုင်းသော လူ တစ်ယောက်သည် ပိတ်ဆို့ဟန့်တားထားသည်။

ထိုလူလေးယောက်မှာ ရွှေစွန်မင်း ကျန်ဝူးရှန်၏ သက်တော် စောင့်များပင် ဖြစ်ကြသည်။

သူတို့သည် စကားပင် မပြောတော့ဘဲ လက်ထဲတွင်ကိုင်ထား သော ကြီးမားသည့်သံတုများဖြင့် ပေ့စွမ်းရင်အား တချကြမ်း တိုက်ခိုက်လိုက်လေသည်။

ပေ့စွမ်းရင်က လျှင်မြန်စွာ ရှောင်တိမ်းပေးလိုက်သည်။

သံဘုသည် အနီးရှိ ကညင်ဆီမီးတိုင်အား ထိမိကာ ကညင်ဆီမီးတိုင်သည် ကျိုး၍ အောက်သို့ ပြုတ်ကျလာလေသည်။

'ဝုန်း....'

ပေ့စွမ်းရှင်တို့လူစုသည် ကပျာကယာ ရှောင်တိမ်းလိုက်ရသည်။

ကျန်ဝူးရှန်၏ ကိုယ်ရံတော် လေးယောက်တို့သည် ပေ့စွမ်းရှင်အား ထပ်မံတိုက်ခိုက်လိုက်လေသည်။

ပေ့စွမ်းရှင်သည် သူတို့၏သံဘုအား ရှောင်တိမ်းရင်း သူ၏ ဓားသည် ရှေ့ဆုံးမှဝင်လာသော သက်တော်စောင့်၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

'အား....'

သက်တော်စောင့်သည် စူးရှစွာ အော်ဟစ်လိုက်ပြီး လဲကျသွားလေသည်။

ကျန်သက်တော်စောင့် သုံးယောက်တို့သည် သူတို့၏ သံဘုဖြင့် ပေ့စွမ်းရှင်အား ပစ်ပေါက်လိုက်သည်။

ပေ့စွမ်းရှင်သည် ကပျာကယာ ရှောင်တိမ်းလိုက်ရာ....



'ဝုန်း....'

နောက်ထပ် ကညင်ဆီမီးတိုင်တစ်တိုင်သည် ကျိုး၍ပြုတ်ကျလာလေသည်။

ကြမ်းပြင်ပေါ်တွင် မီးများသည် စားပွဲ ကုလားထိုင်များမှ စ၍ မီးစတင်စွဲလောင်ကာ မီးလျှံသည် တဖြည်းဖြည်းနှင့် ပို၍ပို၍ ကြီးထွားလာလေတော့သည်။

သက်တော်စောင့်များသည် ပေ့စွမ်းရှင်အား ဝိုင်းရံ၍ ပြန်လည်တိုက်ခိုက်ပြန်လေသည်။

သို့သော်....

သူတို့သည် ခွန်အားသာ ကြီးပြီး ဉာဏ်ကို လုံးဝမသုံးတတ်သဖြင့် သူတို့သည် မီးတောက်မီးလျှံများကြားတွင်ပေ့စွမ်းရှင်နှင့် လိုက်တမ်းပြေးတမ်းကစားနေသကဲ့သို့ ဖြစ်နေသည်။

လျူစန်းဖုံး၊ စီးဖုံးမေနှင့် စီးလောက်ရယ်တို့ကား မီးတောက်မီးလျှံများကြားမှ ရဲတိုက်၏အပြင်ဘက် တောင်ဆင်းလမ်းသို့ ပြေးထွက်သွားလေတော့သည်။

မီးတောက် မီးလျှံများသည် ရဲတိုက်ကြီး တစ်ခုလုံးအား တစ်စတစ်စ ဝါးမျိုနေပြီဖြစ်သဖြင့် ရဲတိုက်အတွင်းတွင် မီးခိုးငွေ့များ၊ မီးတောက်မီးလျှံများကြောင့် သဲကွဲစွာ မတွေ့မြင်ရတော့ပါချေ။

ထိုအချက်အား အခွင့်ကောင်းယူ၍ ပေ့စွမ်းရင်သည် ရွှေစွန်ရဲတိုက်အတွင်းမှ ပြေးထွက်လာခြင်းဖြစ်သည်။

သူသည် တိန်းတောင်ဆင်းလမ်းရှိရာသို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။

တိန်းတောင်ဆင်းလမ်းပေါ်တွင် သူ့အား စောင့်နေကြသော လျူစန်းဖုံးတို့လူစုအား တွေ့မြင်ရလေသည်။

ပေ့စွမ်းရင်သည် လျူစန်းဖုံးအား....

'ဒီနေရာက စိတ်မချရသေးဘူး။ တောင်ပေါ်မှာ ဆိုတော့ လေက တအားတိုက်တယ်၊ ဒါကြောင့် မီးကတအားလောင်နေတာ၊ ကျုပ်တို့ တောင်အောက်ကိုအမြန်ဆင်းမှဖြစ်မယ်'

ဟူ၍စကားမဆုံးမီမှာပင်....

'ဝုန်း'

ဟူသော အသံကြီးတစ်သံကို ကြားလိုက်ရလေသည်။

ရွှေစွန်ရဲတိုက်၏ ထုပ်တန်းများသည် အောက်သို့ ကျိုးကျသွားခြင်းဖြစ်သည်။



မီးတောက်မီးလျှံများသည် တဟုန်းဟုန်း တောက်လောင်၍ ရွှေစွန်ရဲတိုက်ကြီးအား ဝါးမျိုနေပြီဖြစ်လေသည်။

မြို့တော်ဝန်စီးလောက်ရယ်သည် တိန်းတောင်ပေါ်မှ ရွှေစွန်ရဲတိုက် မီးစွဲလောင်နေသည်ကို ထိတ်လန့်စွာဖြင့် ကြည့်နေ၏။

မီးတောက်မီးလျှံများသည် ပို၍ ပို၍ ကြီးထွားလာလေသည်။

သင်တိုင်းသစ်စများသည် ဝန်းကျင်သို့ လွင့်စဉ်နေလေသည်။

မြို့တော်ဝန် စီးလောက်ရယ်သည် ရွှေစွန်ရဲတိုက်အား ကြည့်နေသော သူ၏မျက်လုံးများအား လွှဲဖယ်လိုက်လေသည်။

အိမ်တော်ထိန်းလွှသည် လူတစ်ယောက် မဟုတ်ပါ။

သူသည် လောဘရမ္မက် ပြင်းထန်သော လူတစ်ယောက်ဖြစ်ပါသည်။

သို့သော်....

သူသည် မိမိ၏ အရင်းနှီးဆုံး လူယုံတော် တစ်ယောက်၊ အိမ်တော်ထိန်းပင် မဟုတ်ပါလော။

မည်သို့ဆိုစေ....

မြို့တော်ဝန် စီးလောက်ရယ်သည် အိမ်တော်ထိန်းလေအား များစွာ သံယောဇဉ်ရှိနေသေးသည် မဟုတ်ပါလော။

❁

အရုဏ်ဦး၏ ရောင်ခြည်သည် အရှေ့ဘက်ကောင်းကင်တွင် စတင်ယှက်သမ်းလာပြီ ဖြစ်သည်။

စီးဖုံးခမသည် လောဘသားကောင်များစွာတို့က သူတို့၏ လောဘရမ္မက်ကို အတောမသတ်နိုင်ကြသဖြင့် ရွှေစွန်ရဲတိုက် အတွင်း မီးစွဲလောင်ပြီး အသက်သေဆုံးသွားကြသည်ကို ကြည့် ကာ သူမသည် သက်ပြင်းရှည်တစ်ချက်ကိုချလိုက်လေသည်။



နေမင်းသည် တဖြည်းဖြည်း ထွက်ပေါ်လာပြီဖြစ်သည်။

လျှုစန်းဖုံးသည် စီးဖုံးမေ၏လက်အား တင်းကျပ်စွာ ဆုပ် ကိုင်ထားလိုက်လေသည်။

ယခုအချိန်ကစ၍ သူတို့နှစ်ယောက်၏ ရှေ့ဆက်ရမည့် ခရီး လမ်းမှာ ပန်းခင်းလမ်းပင် မဟုတ်ပါလား။

စီးဖုံးခမသည် ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် ပေ စွမ်းရင်အား ကြည့်နေသည်။

ပေစွမ်းရင်သည် သူမနှင့် လျှုစန်းဖုံးအား လှိုက်လှဲစွာ ပြုံးပြလိုက်သည်။

မြို့တော်ဝန် စီးလောက်ရယ်သည် နောက်ဆုံးအနေနှင့် တိန်း တောင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်သည်။

ထို့နောက်....

သူသည် ကျေနပ်အားရစွာ ပြုံးလိုက်လေသည်။

အကြောင်းမှာ....

သူ ကျန်ဝူးရန်အား ပေးလိုက်သော လျှို့ဝှက်မြေပုံက အစစ်မဟုတ်ပါချေ။

လျှို့ဝှက်မြေပုံအစစ်မှာ ဘုရင်မင်းမြတ်ကပြန်လည်ယူဆောင် သွားပြီဖြစ်သည်။

သို့သော်....

သူ၏ လက်ထဲတွင် လျှို့ဝှက်မြေပုံနှင့်တူသော မြေပုံအတုကို ထားရှိခဲ့လေသည်။

ယခု....

လောဘ၏ သားကောင်များသည် ဘာမှမဟုတ်သော မြေပုံအတုကြောင့် အသေဆိုးနှင့် သေဆုံးသွားခဲ့ရပြီ မဟုတ်ပါလော။

(ပြီးပါပြီ)